# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# ၁၄ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်

( ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက် )

[ ကြာသပတေးနေ့ ]

**အချိန်၊ ၁၀း၃၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၃၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး ၊ အခမ်းအနားမှူး အဖြစ် ဦးသိန်း မော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။ ]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၃၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယ ခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြ န်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသား လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၁၄ ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသား လွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# အမျိုးသားလွှတ်တော် ၁၄ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့မှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှ ယ်ဦးရေစုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေး ကို (၂၁၂)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေစုစုပေါင်း၏ (၉၇.၂၅)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြော က်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၀(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေ ခွဲ (က)နဲ့ (ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါ တယ်။ ( သြဘာသံများ)

# အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြ ခြင်း

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်း ဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးရဲ့ ၁၄ ရက်မြောက် နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့

လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော် လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးဉာဏ်လင်း ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာဌေးဝင်း သည် ခါးနာရောဂါကြောင့် ယနေ့ ၈-၉-၂၀၁၁ ရက်နေ့အား ခွင့်(၁)ရက်အဖြစ် ခွင့်ပြုပေးပါရန် ၎င်းကိုယ်စား ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဉာဏ်လင်း က လေးစားစွာ ခွင့်ပန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဌေးဝင်း ရဲ့ ၈-၉-၂၀၁၁ ရက်နေ့ ခွင့် (၁)ရက် ခွင့်ပန် ကြားခြင်းကို လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

လွှတ်တော်က သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်ကို လွှတ်တော်က သဘောတူ ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ၊** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း

ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ (၄) နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကိုသက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်သို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားသော မေးခွန်းများကို မေးမြန်းခြင်းနဲ့ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**ပုဂ္ဂလိကဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ယခု မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဇော်မြင့်ဖေက ပုဂ္ဂလိက ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ လွှတ်တော် ကိုယ်စားလှယ် ဦးဇော်မြင့်ဖေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီလိုမေးမြန်းရတာလည်း ဘဏ်လုပ်ငန်းဟာ တိုင်းပြည်

ဖွံ့ဖြိုးရေးအတွက် မရှိမဖြစ်တဲ့ အင်မတန်အရေးပါတဲ့ လုပ်ငန်းဖြစ်နေလို့ဖြစ်ပါတယ်။ ဒီနေ့ဒီအချိန်မှာ နိုင်ငံတော်အစိုးရရဲ့ဘဏ်များအပြင် ပုဂ္ဂလိကဘဏ်(၁၉)ခု တိုင်းပြည်မှာရှိနေပြီလို့ လေ့လာသိရှိထားပါတယ်။ ခေတ်မီနိုင်ငံတော်တည်ဆောက်တဲ့နေရာမှာ လိုအပ်တဲ့ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ဖို့ဆိုရင် ဒီနေ့ဖွဲ့စည်းထားတဲ့ဘဏ်အရေအတွက်အရရော၊ မ တည် ငွေကြေး ပမာဏအရပါ တောင့်တင်းမှုရှိနေပြီလို့ သုံးသပ်ရရှိပါတယ်။ ဒါပေမယ့် ဒီနိုင်ငံတော်မှာပုဂ္ဂလိက ဘဏ်တွေကို တိုး ချဲ့ထူထောင်နေတာမှန်ပေမယ့် တည်ငြိမ်ခိုင်မာတဲ့ ဘဏ်စနစ် (Bank System) ယနေ့အထိ ဖွံ့ဖြိုးခြင်းမရှိသေးဘူး။ ပုဂ္ဂလိကဘဏ်တွေဟာ အပ်ငွေကို လက်ခံနေရတယ်။ Transfer လုပ်တဲ့ငွေကိုငွေလွှဲပြောင်းတာကိုပဲလုပ်နေရတယ်။ တချို့ကိစ္စလေးတွေမှာခွင့်ပြုချက်အရ ချေးငွေလုပ်ပေးနေရတယ်ဆိုတဲ့ အင်မတန်ကျဉ်းမြောင်းတဲ့ လုပ်ငန်းကိုပဲ လုပ်နေရတယ်။ တခြားကျယ်ပြန့်တဲ့ ဥပဒေပါ ဘဏ်လုပ်ငန်းတွေကို ဒီကနေ့အထိ လုပ်နိုင်အား မရှိသေးဘူး။ Trade Finance လိုဟာမျိုး Investment Finance လိုဟာမျိုးကို လုပ်နိုင်တဲ့ အခြေအနေ မရှိသေးဘူး။ ဒါကြောင့်မို့လို့ ခိုင်မာတဲ့ဘဏ်စနစ် မရှိသေးဘူးဆိုပြီးတော့ ဝေဖန်ကြတာတွေကို လည်းပဲ ကျွန်တော်တို့ဖတ်ရှုနေရပါတယ်။ တစ်ဆက်တည်းမှာလည်းပဲငွေကြေးမူဝါဒ (Fiscal Policy) နဲ့ ဘဏ္ဍာရေးမူဝါဒ (Financial Policy) တို့ဟာ အချိတ်အဆက်မိမိ အပြန်အလှန်အထောက်အကူ ပြုနိုင်ခြင်းမရှိသေးပါဘူးဆိုပြီးတော့နိုင်ငံခြားစာနယ်ဇင်းတွေကဝေဖန်ထောက်ပြနေတာတွေကိုလည်း ဖတ်ရှုနေရတာဖြစ်ပါတယ်။ ဒါကြောင့် တည်ဆဲငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေမှာ ဥပဒေပုဒ်မ အခန်း(၅)၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ မှာ ပြဋ္ဌာန်းထားတဲ့ လုပ်ငန်းတာဝန်နဲ့ လုပ်ပိုင်ခွင့် တွေနဲ့အညီ ဘဏ်လုပ်ငန်းတွေကို မည်သည့်အတိုင်းအတာ အထိ သက်ဆိုင်ရာပုဂ္ဂလိကအပိုင်းက လုပ်ကိုင် နိုင်ပြီလည်းဆိုတဲ့အချက်ကို သိရှိလိုပါတယ်။ ဒါက ပထမအချက် ဖြစ်ပါတယ်။ ဒုတိယအချက်က ဒီနေ့အထိ ပုဂ္ဂလိကအပိုင်းက ကျေနပ်ဖွယ်ရာ၊ အားရဖွယ်ရာ အဆင့် အတိုင်းအတာတစ်ရပ်အထိ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိသေးဘူးဆိုရင် အဲဒီပုဂ္ဂလိကဘဏ်တွေကို ဥပဒေနှင့်အညီ ဖွံ့ဖြိုး တိုးတက်မှုလမ်းကြောင်းမှန်ပေါ် မြန်မြန်ရောက်ရှိအောင် လုပ်ကိုင်ဆောင်ရွက်သွားမယ့် အစီအစဉ် များ ရှိ/မရှိကိုလည်း သိရှိလိုပါတယ်။ ကျွန်တော်ရဲ့ မေးခွန်းက ဒီလောက်ပါပဲခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မေးခွန်းနဲ့ ပတ်သက်ပြီး ဘဏ္ဍာရေးနှင့်အခွန် ဝန်ကြီးဌာနမှ ဖြေ ကြား ဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၈။**

**ဦးဝင်းသန်း(ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါတယ်ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်မြင့်ဖေ ရဲ့ ပုဂ္ဂလိကဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအပေါ် ပြည်ထောင်စုဝန်ကြီး ကိုယ်စား ကျွန်တော် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း မှ ပြန်လည်ဖြေကြား တင်ပြသွားပါမယ်ခင်ဗျား။ ကျွန်တော်တို့ ပုဂ္ဂလိကဘဏ်များ အနေနဲ့ နိုင်ငံတော်မှပြောင်းလဲကျင့်သုံးတဲ့ ဈေးကွက်စီးပွားရေး မူဝါဒများနှင့်အညီ ငွေရေးကြေးရေး စနစ်ကို ပြုစုပျိုးထောင်နိုင်ဖို့ နှင့် ဘဏ်လုပ်ငန်းကဏ္ဍရဲ့ ငွေကြေးစွမ်းဆော င်မှု အရည်အသွေး မြင့်မားစေဖို့ရည်သန်ပြီး တည်ဆဲမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေမြန်မာနိုင်ငံတော် ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေ၊ နည်းဥပဒေ ၊ စည်းမျဉ်းများနှင့်အညီ သီးသန့်ငွေသား လိုအပ်ချက် (Reserve Requirement)၊ ငွေကြေးလွယ်ကူမှုလိုအပ်ချက်(Locality Requirement)၊ မတည်ငွေရင်းလုံလောက်မှု လိုအပ်ချက်(Capital Adequacy Requirement)ကို စီမံခန့်ခွဲပြီး အပ်ငွေများလက်ခံခြင်း၊ ချေးငွေများထုတ်ချေးခြင်းနဲ့ အခြားသော ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို သက်ဆိုင်ရာ ဘဏ်ဒါရိုက်တာအဖွဲ့မှ လွတ်လပ်စွာ ဆောင်ရွက်လျက်ရှိကြပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ ပုဂ္ဂလိကဘဏ်များကို ငွေရေးကြေး ရေး တောင့်တင်းခိုင်မာမှု ရှိစေဖို့အတွက် ကြီးကြပ်စစ်ဆေးမှု များ ပြုလုပ်လျက်ရှိပြီး သတ်မှတ်ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ /မရှိ ကိုလည်း စစ်ဆေးဆောင်ရွက်လျက် ရှိပါတယ်။ ပြည်တွင်းပုဂ္ဂလိကဘဏ်များရဲ့ နေ့စဉ် စာရင်းဇယားများကို ပေးပို့စေပြီးတော့ ဘဏ်များအားလုံးရဲ့နေ့စဉ် ဘဏ္ဍာရေးအခြေအနေနဲ့ အပတ်စဉ်၊ လစဉ် ဘဏ္ဍာရေးအခြေအနေများကို နေ့စဉ်စောင့်ကြပ်ကြည့်ရှုလျက်ရှိတဲ့အတွက် မြန်မာနိုင်ငံရဲ့

ဘဏ်လုပ်ငန်းကဏ္ဍဟာ တည်တည်ငြိမ်ငြိမ်နဲ့ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပါတယ်။ နိုင်ငံတော်က ချမှတ်ဆောင်ရွက်လျက်ရှိတဲ့ မူ ဝါဒဆိုင်ရာ လမ်းညွှန်ချက်များကို အထောက်အကူပြုနိုင်ဖို့ ပြည်တွင်းပြည်ပမှာ မြန်မာကျပ်ငွေတန်ဖိုး ပိုမိုတည်တံ့ ခိုင်မာဖို့အတွက် ချမှတ်ထားတဲ့ မူဝါဒ ဘောင်အတွင်းက ဘဏ်များအချင်းချင်း ပူးပေါင်း ညှိနှိုင်းဆောင်ရွက်နိုင်ဖို့ ဘဏ်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေး၊ ဘဏ်တစ်ခုနဲ့တစ်ခု ကူညီရိုင်းပင်းရေးနှင့် ဘဏ်များရဲ့ အကျိုးကို ပံ့ပိုးဆောင်ရွက် ပေးရေးအတွက် ဦးဆောင်မှုပေးနိုင် ဖို့ ပြည်သူများအနေနဲ့ ဘဏ်လုပ်ငန်းစနစ်ကို အသုံးပြုတဲ့ အလေ့အထ ပြုစုပျိုးထော င်ဖို့ လျ င်မြန်စွာပြောင်းလဲလာတဲ့ ဘဏ္ဍာရေးစနစ်ရဲ့ လိုအပ်ချ က်တွေကို ဖြည့်ဆည်းပေးဖို့နဲ့အရည် အသွေးပြည့်ဝတဲ့ ကျွမ်းကျင် ပညာရှင်များ ပေါ်ထွက်လာစေဖို့ ရည်ရွယ်ချက်များနဲ့ ၁၉၉၉ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှာ မြန်မာနိုင်ငံဘဏ်များအသင်းကို ဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ယခုအခါ မြန်မာနိုင်ငံဘဏ်များ အသင်းဟာ လစဉ်ပုံမှန်အစည်းအ ဝေးတွေကျင်းပပြီး ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်တွေကို ဆွေးနွေးညှိနှိုင်းပြီး ဘဏ်လုပ်ငန်းတည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိ ပါတယ်။ ဒါ့အပြင် လူသားအရင်းအမြစ် (Human resources)အတွက် မြန်မာနိုင်ငံဘဏ်များအသင်းက တည်ထောင်ထားတဲ့ မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်းကနေပြီးတော့ စီးပွားရေးတက္ကသိုလ် နှင့် ပူးပေါင်းပြီး ဘွဲ့လွန်ဘဏ်လုပ်ငန်းဒီပလိုမာ(Diploma in Banking-DB) သင်တန်းတွေကို ၂၀၀၇ ခုနှစ်ကစပြီး ဖွင့်လှစ်ခဲ့တဲ့အခါမှာ ဒီနေ့အထိ ဘွဲ့လွန်ဘဏ်လုပ်ငန်း ဒီပလိုမာ(DB)ရရှိသူ (၂၃၁)ဦးဟာ ရန်ကုန်စီးပွားရေး တက္ကသိုလ်က ဘွဲ့များရရှိခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံဘဏ် သင်တန်းကျောင်းက (DB)အချိန်ပြည့်တစ်နှစ်သင်တန်း၊ အချိန်ပိုင်းနှစ်နှစ်သင်တန်းများ ဖွင့်လှစ်ပြီး (DB)ဘွဲ့ရများ မွေးထုတ်ပေးနေသလို အထွေထွေဘဏ်လုပ်ငန်း သင်တန်းတွေကိုလည်း ရက်သတ္တပတ်(၁၀)ပတ်ကြာ ဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းများကို ပို့ချပေးလျက် ရှိပါတယ်။ ဒါ့အပြင် ဘဏ်လုပ်ငန်းဆိုင် ရာ စည်းမျဉ်းစည်းကမ်းတွေ ငွေရေး ကြေးရေးဆိုင်ရာ မူဝါဒများနှင့်ပတ်သက်ပြီး နိုင်ငံတွင်းမှာရှိတဲ့ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်တွေက လိုက်နာမှုရှိ/မရှိ ကြီးကြပ်စစ်ဆေးဖို့ ဘဏ္ဍာရေးစနစ်ကို မြှင့်တင်နိုင်ဖို့နဲ့ ဘဏ္ဍာရေး ဆိုင်ရာ ဝန်ဆောင်မှုများရဲ့ စွမ်းဆောင်ရည်တိုးမြှင့်ဖို့ ရည်ရွယ်ပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဟာ ဘဏ်များကြီးကြပ်ရေးကော်မတီကို ၂၀၀၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့မှာဖွဲ့စည်းပြီး ညွှန်ကြားချက်များ၊ အမှာစာများ ထုတ်ပြန်ပြီး ဘဏ်များ ကိုကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ပေးလျက်

ရှိပါတယ်။ အဲဒီလို စနစ်တကျနဲ့ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက်ရှိတာကြောင့် ဘဏ်လုပ်ငန်းများတည်တည်ငြိမ်ငြိမ်နဲ့ ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းပဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ၁၉၉၂-၁၉၉၃ ဘဏ္ဍာရေးနှစ်ကစပြီး ပုဂ္ဂလိကဘဏ်တွေကို တည်ထောင် ခွင့်ပြုပေးခဲ့ရာမှာ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာတာနဲ့ အမျှ ဘဏ်လုပ်ငန်းတွေကို တိုးချဲ့လုပ်ကိုင်ဖို့ လိုအပ်လာတဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ၂၀၁၀ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့မှာ ပုဂ္ဂလိကဘဏ်အသစ်(၄)ဘဏ် ထပ်မံတိုးချဲ့ဖွင့်လှစ်ခွင့်ပြုပေးခဲ့ပါတယ်။ ဒါကြောင့် လက်ရှိအခြေအနေမှာ ပုဂ္ဂလိကဘဏ်(၁၉)ဘဏ်မှ နိုင်ငံတစ်ဝန်း ဘဏ်ခွဲစုစုပေါင်း(၃၀၅)ခု ဖွင့်လှစ်ထားရှိပြီး ဘဏ်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြပ ါတယ်။ အခုအခါမှာ နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ICT နည်းပညာများ အသုံးပြုလျက်ရှိပြီး ရုံးချုပ်နဲ့ဘဏ်ခွဲများအကြား MPT Satellite, IP Star နှင့် ADSL အသုံးပြု၍ ကွန်ယက်ချိတ်ဆက်ပြီး ဘဏ်လုပ်ငန်း များဆောင်ရွက်လျက်ရှိကြပါတယ်။ ဘဏ်များက ယခင်က ဖက်စ်ဖြင့်သာ ငွေလွှဲပေးပို့နိုင်ခဲ့ပေမ ယ့် အခုအခါမှာ ခေတ်နဲ့အညီ On Line ဖြင့် ငွေလွှဲခြင်းများ ဆောင်ရွက်နိုင်ပြီဖြစ်တဲ့အပြင် Online E-Banking System ကိုလည်း ပြီးပြည့်စုံစွာလုပ်ကိုင်နိုင်ဖို့အတွက် ကြိုးပမ်းဆောင် ရွက်လျက်ရှိနေပါတယ်။ ဘဏ်လုပ်ငန်းစနစ်တွေ လွယ်ကူလျင်မြန်စေဖို့အတွက် ဘဏ်များ ကြီးကြပ်ရေးကော်မတီက ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်နေ့မှာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အပါအဝင် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များပါဝင်တဲ့ Banking Network ကော်မတီကို ဖွဲ့စည်းခဲ့ပြီး ဘဏ်များအားလုံးပါဝင်တဲ့ Banking Network တည်ဆောက်ကာ ပထမအဆ င့် စာပေးစာယူဆောင်ရွက်နိုင်ရန် Bank Mail နှင့် File Transfer Protocol - FTP ဘဏ်များကို ကြီးကြပ်ရန်အတွက် Online Financial Reporting နဲ့ ဘဏ္ဍာငွေ လွှဲပြောင်းနိုင်ရန် Electronic Fund Transfer - EFT တို့ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒု တိယအဆင့်အနေနဲ့ ဘဏ်များရဲ့ Cheque လက်မှတ်တွေကို အလိုအလျောက် စာရင်းရှင်းလင်းပေးခြင်း (Automatic Clearing Host - ACH)ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိနေပါတယ်။ ဒါတွေဆောင်ရွက်ပြီးပါက Cheque လက်မှတ်နဲ့ P.Oကို စာရင်းရှင်းလင်းမှု ပိုမိုမြန်ဆန်လာမှာဖြစ်ပြီး ဘဏ်နဲ့ဆက်သွယ်သူ (Customer)များကို ငွေသား သုံးစွဲမှုလျော့ချနိုင်ပြီး ငွေကြေးစီးဆင်းမှု မြန်ဆန်လာမှာ ဖြစ်ပါတယ်။ အခုအခါမှာ Cheque လက်မှတ်များ အသုံးပြုရာမှာCustomer များရဲ့ ယုံကြည်မှု ရရှိစေဖို့အတွက် ဘဏ်များက Satisfy Cheque

တွေကို အသုံးပြုလျက် ရှိနေပါတယ်။ မြန်မာနိုင်ငံဘဏ်များ အသင်းအနေနဲ့ နိုင်ငံပိုင်ဘဏ် နဲ့ ပုဂ္ဂလိကဘဏ်များ ပါဝင်တဲ့ ငွေပေးချေမှု အဆင့်မြှင့်တင်ရေးကော်မတီကို ၂၀၁၀ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှာ ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး လက် ရှိငွေသားနှင့် ငွေပေးချေမှုများ လျော့ချနိုင်ရေး၊ အသေးစားနှင့် အလတ်စား ငွေပေးချေမှုများအတွက် နိုင်ငံတကာ ငွေပေးချေမှု နည်းစနစ်များနဲ့အညီ ဆောင်ရွက်နိုင်ဖို့ရည်ရွယ်ပြီး ဘဏ်များအားလုံးမှာ သုံးစွဲနိုင်တဲ့ ပြည်တွင်းသုံး ငွေကြေးနှင့် (Myanmar Payment Union Card - MPU)၊ (Debit Card) အပါအဝင် အခြား (E-payment) ကဒ်များကို အသုံးပြုနိုင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ အာမခံလုပ်ငန်းကလည်း ဘဏ်လုပ်ငန်းကဏ္ဍတည်ငြိမ်မှုကို အထောက် အကူပြုနိုင်ရေးအတွက် ဘဏ်များကို ပိုမိုတိုးတက်ဝင်ရောက်လာလျက်ရှိတဲ့ အပ်ငွေတွေ ဆုံးရှုံးမှုမရှိစေဖို့နဲ့ အကာအကွယ် ပေးနိုင်ဖို့ နိုင်ငံတကာ မှာကျင့်သုံးလျက်ရှိတဲ့ အပ်ငွေ အပေါ် အာမခံထားခြင်းကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဘဏ်လု ပ်ငန်းများ စနစ်တကျနဲ့ ဖွံ့ဖြိုး တိုးတက်စေဖို့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ဘဏ်လုပ်ငန်းကဏ္ဍဟန်ချက်ညီညီ လိုက်ပါနိုင်ဖို့ အတွက် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာဘဏ်လုပ်ငန်းတိုးချဲ့စီမံချက်ရေးဆွဲထားရှိပြီး ဘဏ်လုပ်ငန်း ဈေးကွက်အနေအထားနှင့် ဒေသဖွံ့ဖြိုးရေးအပေါ် မူတည်ပြီး တိုင်းဒေသကြီး နဲ့ ပြည်နယ်တို့မှာ ဘဏ်ခွဲများ ဖွင့်လှစ်ခွင့်ပြုပေးလျက်ရှိပါတယ်။ ဒါ့အပြင် ဘဏ်လုပ်ငန်း ဝန်ဆောင်မှုအသစ် (Banking New Product) များကိုလည်း ဆက်လက်ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။ နို င်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုမှာ အရေးပါတဲ့ဘဏ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော် ကြီး မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲဖြစ်တဲ့အပြင် ဆက်လက်ဆောင်ရွက်သွားရန် အစီအမံများ ဆောင်ရွက်ထားရှိပြီးဖြစ်တာကြောင့် ပုဂ္ဂလိကဘဏ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

(သြဘာသံများ)

**နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာများပိုင်ဆိုင်ခဲ့သည့် ပစ္စည်းများကို သက်ဆိုင်ရာ သာသနာပိုင်အဖြစ် အသိအမှတ်ပြုနိုင်ရေး မည်သို့ဆောင်ရွက်ရန်ကိစ္စ၊ ဘာသာသာသနာများကို မည်သို့မည်ပုံ ကူညီစောင့်ရှောက်မည်ကို သိလိုခြင်းကိစ္စနှင့် ဘာသာများကို မြန်မာ့ရုပ်မြင်သံကြား MRTV မှ တစ်လတစ်ကြိမ် ဘာ သာရေးတရားများ ပုံမှန်ဟောပြောခွင့်ရရှိရန် ဆောင်ရွက်ပေး နိုင်ရေးကိစ္စတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ၊** ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါ်လ်ထန်ထိုင်း၏ နိုင်ငံတော်က အသိအမှတ်ပြုထားသော ဘာသာများပိုင်ဆိုင်ခဲ့သည့် ပစ္စည်းများကို သက်ဆိုင်ရာ သာသနာပိုင်အဖြစ် အသိအမှတ်ပြုနိုင်ရေး မည်သို့ဆောင်ရွက်ရန်ကိစ္စ၊ ဘာသာသာသနာ များကို မည်သို့မည်ပုံ ကူညီစောင့်ရှောက်မည်ကို သိလိုခြင်းကိစ္စနှင့် ဘာသာများကို မြန်မာ့ရုပ်မြင်သံကြား MRTV မှ တစ်လတ စ်ကြိမ် ဘာသာရေးတရားများ ပုံမှန် ဟောပြောခွင့်ရရှိရန် ဆောင်ရွက်ပေး နိုင်ရေးကိစ္စတို့နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၈။**

**ဦးပေါ်လ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားတဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၃) ထန်တလန်မြို့နယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လ်ထန်ထိုင်း ဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းကို စာဖြင့် ဖတ်ခွင့် ပြုပါရန် ပန်ကြားပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးပေါ်လ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခြေခံဥပဒေ ပုဒ်မ ၃၆၂ မှာ နိုင်ငံတော်သည် ခရစ်ယာန်ဘာသာ သာသနာ၊ အစ္စလာမ်ဘာသာ သာသနာ၊ ဟိန္ဒူဘာသာ သာသနာနဲ့ နတ်ကိုးကွယ်သော ဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သောနေ့တွင် နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ် ပြုသည်ဟု ဖော်ပြထားပါသည်။ ဤဖွဲ့ စည်းပုံအခြေခံဥပဒေ အာဏာမတည်မီ အထက်က ကျွန်တော်ပြောခဲ့တဲ့ ဘာသာ၊ သာသနာတို့က ပိုင်ဆိုင်ခဲ့သော အဆောက်အဦများ၊ မြေကြီး မြေကွက်များ၌ ပစ္စည်းများကို ယခုအခါ ၎င်းဘာသာ၊ သာသနာတော်ပိုင်အဖြစ် အသိအမှတ်ပြုနိုင်

ပါသလား။ အသိအမှတ်ပြုခြင်းမရှိပါက လုပ်ထုံးလုပ် နည်းနဲ့အညီ လွယ်ကူလျ င်မြန်စွာ အသိအမှတ်ပြုနိုင်ရေးအတွက် မည်သို့မည်ပုံ ဆောင်ရွက်ရ မည်ကို သိချင်ပါသည်။ အခြေခံ ဥပဒေပုဒ်မ ၃၆၃ မှာ နိုင်ငံတော်သည် အသိအမှတ်ပြုထားသော ဘာသာ ၊ သာသနာများကို တတ်နိုင်သမျှ ကူညီ စောင့်ရှောက်မည်ဟု ဖော်ပြထားပါသည်။ မည်သို့မည်ပုံကူညီစောင့်ရှောက်မည် ကို သိလိုပါသည်။ ငွေကြေးဖြင့် သော်လည်းကောင်း၊ မြေကြီးမြေကွက်ဖြင့် သော်လည်းကောင်း၊ ပစ္စည်းအရာဝတ္ထုများဖြင့်သော်လည်းကောင်း ကူညီထောက်ပံ့ပေးနိုင်သလား။ နိုင်ငံတော်အတွင်း အသိအမှတ်ပြုတဲ့ ဘာသာ ၊ သာသနာအမည်များ၌ ကိုးကွယ်ယုံကြည်သူ ဦးရေများကိုလည်း သိလိုပါသည်။ ဥက္ကဋ္ဌ ကြီးခင်ဗျား။ နောက်ဆုံး ကျွန်တော်မေးချင် တာကတော့ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ နတ်ယုံသူဘာသာများသည် နိုင်ငံတော်အတွင်း လူအများစုကိုးကွယ်တဲ့ဘာသာများ ဖြစ်ကြပါသည်။ သို့ဖြစ်ပါ၍ ခရစ်ယာန်၊ အစ္စလာမ် ၊ ဟိန္ဒူဘာသာများကိုလည်း မြန်မာ့ရုပ်မြင်သံကြား MRTV မှ တစ်လတစ်ကြိမ် ဘာသာရေးတရားများ ပုံမှန်ဟောပြောခွင့်ရရှိရန် ကူညီဆောင်ရွက်ပေးနိုင်မလား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၂။**

**သူရဦးမြင့်မောင်(ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်အပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပြီး စိတ်ကောင်းစေတနာကောင်းဖြင့် ပြည်သူ့အကျိုး ဆထက်ထမ်း ပိုး သယ်ပိုးထမ်းဆောင် နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သာသနာရေးဝန်ကြီးဌာနမှ ပြည်ထောင်စု ဝန်ကြီး သူရဦး မြင့်မောင် ဖြစ်ပါတယ်။ ချင်းပြည်နယ်မှ အမျိုးသားကိုယ်စားလှယ်တော်ကြီး ဦးပေါ်လ်ထန်ထိုင်း ၏ ဘာသာရေးနဲ့ ပတ်သက်၍ သိလိုသည့်အကြောင်းအရာများကို မေးမြန်းခဲ့ကြတဲ့အပြင် သာသနာရေးဝန်ကြီးဌာနအနေဖြင့် ဖြေကြားရပါလျှင် ပထမမေးခွန်းအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၆၂ အရ၊ နိုင်ငံတော်က အသိအမှတ်ပြုထားသော ခရစ်ယာန်ဘာ သာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ နတ်ကိုးကွယ်သော

ဘာသာများ  ပိုင်ဆိုင်ခဲ့သည့် အဆောက်အဦ  များ၊ မြေကွက်များ၊ ပစ္စည်း   များကို သက်ဆိုင်ရာ သာသနာပိုင်အဖြစ် အသိအမှတ်ပြုနိုင်ရန် မည်သို့ဆောင်ရွက်ရမည်နည်း။ မေးခွန်းနဲ့ပတ်သက်၍ ဖြေကြားရပါလျှင် အဆောက်အဦ  ပစ္စည်းများကို သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းများက စီမံဆောင်ရွက်ခဲ့သော ကိစ္စဖြစ်ပါက ၎င်းအဖွဲ့အစည်းအစီအစဉ်အတိုင်း ဆောင်ရွက်နိုင်ပါကြောင်း ဖြေကြားလိုပါတယ်။  ၎င်းနောက် မြေကွက်နှင့်ပတ်သက်၍  တိုင်းဒေသကြီးနှင့် ပြည်နယ် တို့တွင် ဒေသအလိုက်အစိုးရမြေ၊ လယ်မြေ၊ ယာမြေ၊ စားကျက်မြေ ၊ သစ်တောမြေ၊ ဥယျာဉ်ခြံ မြေ၊ ဂရံမြေ စသည့် မြေအမျိုးအစားများရှိရာ အားလုံးသည် နိုင်ငံတော်ပိုင်မြေများ ဖြစ်ပါကြောင်း၊ သို့ရာတွင် ယင်းတို့အနက်  ယခင်အစဉ်အလာအရ အခွန်လွတ် သတ်မှတ်ပြီး သာသနာ နယ်မြေအဖြစ် ထပ်မံ လျှောက်ထားသဖြင့်သတ်မှတ်ပေးထားသော သာသနာမြေအမျိုးအစားများလည်း ပါဝင်ပါကြောင်း၊ သို့ရာတွင်   မည်သည့်မြေအမျိုးအစားမျှ နိုင်ငံတော်မှ  ထုတ်နုတ်၍ သာသနာ  ပိုင်မြေဟု မရှိပါ။ ဘာသာ၊ သာသနာကိစ္စ ဆောင်ရွက်နေသောမြေများကို ပိုင်ဆိုင်မှုအထောက်အထား သက်ဆိုင်ရာ ထောက်ခံချက်များနှင့်ပြည့်စုံပါက အခွ      န်လွတ်သာသနာ့နယ်မြေအဖြစ် လျှော      က်ထားနိုင်ပါကြောင်း၊ သို့ရာတွင် နိုင်ငံတော်၏စီမံကိန်းများနှင့် နိုင်ငံတော်၏ လိုအပ်ချက်များ  ပေါ်ပေါက်လာပါက ဗုဒ္ဓဘာသာ အပါအဝင် ကျန်ဘာသာအားလုံး၏ သာသနာ့အဆောက်အဦ၊ သာသနာ့မြေ၊ သာသနိကပစ္စည်းများကို အစားထိုးပြောင်းရွှေ့     နေရာချထားခြင်းမျိုး ဆောင်ရွက်ရသည်  များ လည်းရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ဒုတိယမေးခွန်းအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ  ၃၆၃  မှာ နိုင်ငံတော် အသိအမှတ်ပြုထားသော ဘာသာ ၊  သာသနာများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်မည်ဟု ဖော်ပြထားပါသည် ။ မည်သို့မည်ပုံ   ကူညီစောင့်ရှောက်မည်ကို သိလို ပါကြောင်း၊ ၎င်းနှင့်     ပတ်သက်၍ ငွေကြေးဖြင့်လည်းကောင်း၊ လိုအပ်သောမြေကွက်ဖြင့် လည်းကောင်း ကူညီထောက်ပံ့ပေးနိုင် မည်လားဆိုသည့် မေးမြန်းချက်နှင့်ပ တ်သက်၍ ဖြေကြား ရပါလျှင် နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်အဆက်ဆက် နှစ်စဉ် ခရစ်ယာန်ဘာသာ၊ အစ္စလာမ် ဘာသာ၊ ဟိန္ဒူဘာသာ၊ နတ်ကိုးကွယ် မှုများအတွက် သင့်တင့်သော  ငွေကြေးထောက်ပံ့ပေးလျက် ရှိသည့်အပြင် ဘာသာရေးခေါင်းဆောင်များအတွက် ကုန်း/ရေပြည်တွင်းခရီးစဉ် အခမဲ့ယာဉ်စီးခွင့် လက်မှတ်   ထုတ်ပေးထားပါကြောင်း၊ တ  စ်ဖန်   လိုအပ်သောမြေကွက်ရရှိရေးနှင့် ပတ်သက်၍ ပိုင်ဆိုင်မှု အထောက်အထား၊ သက်ဆိုင်ရာ      ထောက်ခံချက်များနှင့်    ပြည့်စုံပါက အခွန်လွတ် သာသနာ့မြေရရှိရေး  ပြည်ထဲရေးဝန်ကြီးဌာနသို့ ဆက်လက်ထောက်ခံဆောင်ရွက်  ပေးလျက်ရှိပါ

ကြောင်း၊ ကျွန်တော်တို့ ဒီပြည်တွင်းမှာ ကိုးကွယ်မှုဘာသာအ လိုက် အရေအတွက်ကတော့ ဗုဒ္ဓဘာသာ အသိအမှတ် ပြုထားတဲ့ ဘာသာအနေနဲ့ ကိုးကွယ်ယုံကြည်မှုမှာ ပြောရမယ် ဆိုလို့ ရှိရင်တော့ လူဝင်မှု ကြီးကြပ်ရေးကနေပြီးတော့ အတည်ပြုထားတဲ့ စာ ရင်းဇယားများအရ ဆိုလို့ ရှိရင် ကျွန်တော် တို့ ဗုဒ္ဓဘာသာ ကိုးကွယ်သူပေါင်းကတော့ (၅၃.၄၂)သန်းရှိပါတယ်။ ခရစ် ယာန် ကိုးကွယ်သူက (၂.၉၈)သန်းနဲ့ အစ္စလာမ်ဘာသာက (၂.၇)သန်း၊ ဟိန္ဒူဘာသာက (၀.၃)သန်း ကျော်နဲ့ အခြားဘာသာကတော့ (၀.၇)သန်းကျော်ရှိကြောင်း တွေ့ရပါတယ်။ တတိယမေးခွန်းနဲ့ ပတ်သက်လို့ကတော့ ခရစ် ယာန်ဘာသာ၊ အစ္စလာမ်ဘာသာနဲ့ ဟိန္ဒူဘာသာ ဝင်များကို မြန် မာ့ ရုပ်မြင်သံကြား MRTV မှ တစ်လလျှင်တစ်ကြိမ် ဘာသာရေးတရားများ ပုံမှန်ဟောပြောခွင့် ရရှိရန် ဆောင်ရွက်ပေးနိုင်ပါသလားဟု မေးမြန်းခြင်းနှင့် ပတ်သက်၍ ဖြေကြားရပါလျှင် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်အတွင်း ကိုးကွယ်ရန်ဘာသာများ အဖြစ် အသိအမှတ်ပြုထားသော ဘာသာအားလုံးနှင့်ပတ်သက်၍ သက်ဆိုင်ရာ ဘာသာအလိုက် အချိန်မှန်ထုတ် ဂျာနယ်၊ မဂ္ဂဇင်းထုတ်ဝေခွင့်များ၊ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူစသည့် ဘာသာဝင် များ၏ သက်ဆိုင်ရာပြက္ခဒိန်များ ထုတ်ဝေခွင့်များကို ခွင့်ပြုပေးထားပြီး ဖြစ်ပါ ကြောင်း၊ ထို့အပြင် အခါအားလျော်စွာ ထုတ်ဝေသော ဘာသာရေးစာအုပ် ၊ စာစောင်များ ရှိလာပါကလည်း တင်ပြ ထုတ်ဝေသည့်စနစ်ဖြင့် ပုံနှိပ်ထုတ်ဝေခွင့်ပြုလျက်ရှိ ပါကြောင်း၊ ယခုလတ်တလော တင်/ထုတ် စနစ်ဖြင့် ခရစ်ယာ န်ဘာသာနဲ့ ပတ်သက်၍ ကရင်နှစ်ခြင်း အမျိုးသမီး နှိုး ဆော်စာအုပ်၊ ယေရှု အထမြောက်ပြီစာအုပ်များ၊ အစ္စလာမ်ဘာသာဝင်နဲ့ ပတ်သက်၍ ဒါယီမှတ်စု၊ အမျိုးသမီး နာမဖန်နီးစာအုပ်များ၊ ဟိန္ဒူဘာသာနဲ့ပတ်သက်၍ တမီးလ်အမျိုးသားတို့၏ နီတိမာစေဝရကတေက စာအုပ်များ ပုံနှိပ်ထုတ်ဝေခွင့်ပြုထားပေးလျက်ရှိပါကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြ င်သံကြား တို့တွင် ထုတ်လွှင့်ပြသမှုနှင့်ပတ်သက်၍လည်း ဘာသာများ၊ နေ့ထူးနေ့မြတ် အခမ်းအနားများကို နိုင်ငံတော်အကြီးအကဲများနှင့် သာသနာရေးဝန်ကြီးဌာနတို့မှ တက်ရောက်အားပေးချီးမြှောက် လျက်ရှိပြီး ယင်း အခမ်းအနားများကျင်းပပုံများကိုလည်း မီဒီယာများတွင် သတင်းထုတ်ပြန် ပေးလျက်ရှိပါကြောင်း၊ နောင်တွင်လည်း ဘာသာများ၏ နေ့ထူးနေ့မြတ်များ၊ ဘာသာရေးတရား များကို သင့်တော်သော အချိန်တွင် အချိန်အတိုင်း အတာတစ်ခု သတ်မှတ် ထုတ်ဝေခွင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

**ညောင်တုန်းမြို့ မြစ်ကမ်းပါးရေတိုက်စားမှုကြောင့် ကမ်းပါး ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ ယခု လွှတ် တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းမယ့် မေးခွန်းများ ဟာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ် စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တ စ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ဖြစ်ပါတယ်။

ပထမဦးစွာ ဧရာဝတီ တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)မှ ဦးသက်လင်း က ညောင်တုန်းမြို့ မြစ်ကမ်းပါးရေတိုက် စားမှု ကြောင့် ကမ်းပါးထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးမည့်အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဦးသက်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်လင်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ညောင်တုန်းမြို့ မြစ်ကမ်းပါးရေတိုက်စားမှုကြောင့် ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက် ပေးမည့် အစီအစဉ် ရှိ/မရှိနှင့် စပ်လျ ဉ်းပြီး မေးမြန်းသွားမှာဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းအား ဖတ်ကြားခွင့်ပြုပါရန် လေးစားစွာ တင်ပြ အပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးသက်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ညောင်တုန်းမြို့ဟာ ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသမှာရှိပြီး ပန်းလှိုင်မြစ်နံဘေး မှာ တည်ရှိ တဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၁၉၈၃ ခုနှစ်မှာ ဧရာဝတီမြစ်နဲ့ ပန်းလှိုင်မြစ်ကို ဆ က်သွယ်ဖို့ အတွက် ညောင်တုန်းမြို့ တည့်တည့်ကနေပြီးတော့မှ ရေလမ်းကြောင်းအသစ်တစ်ခု ဖောက်လုပ်ခဲ့ ပါတယ်။ အဲဒီနောက် ၁၉၈၆ ခုနှစ်မှာ ရေလမ်းကြောင်းကျဉ်းမြောင်းတဲ့အတွက် သောင်တူးစက်

များနဲ့ ထပ်မံပြီး ရေလမ်းကြောင်း ချဲ့ထွင်ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ ညောင်တုန်း မြို့ဟာ ၁၉၈၈ ခုနှစ်ကစတင်ပြီး မြစ်ရေတိုက်စားမှုဒဏ်ကို ခံ ခဲ့ရပါတယ်။ ဒါကြောင့် ပန်းလှိုင်မြစ်ရိုး တစ်လျှောက်မှာရှိကြတဲ့ မြို့ပေါ်ရပ်ကွက်(၄)ရပ်ကွက်က အိမ်ခြေ(၈၀၀)ခန့်ဟာ ရေဘေးလွတ်ရာ ဒေသများကို ပြောင်းရွှေ့ခဲ့ကြရပါတယ်။ တပ်မတော်အစိုးရ လက်ထက်မှာလည်းပဲ မြစ်ရေ တိုက်စားမှု ကာကွယ်ရေးလုပ်ငန်းများကို အစဥ်တ စ်စိုက် တာဝန်ယူဆောင်ရွက် ခဲ့ကြပါတယ်။ မြစ်ရေစီးကြောင်းတိုက်စားမှု အရှိန်များတဲ့နေရာများမှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုး များဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက အရှည်ပေ (၃၀၀)အရှည်ရှိတဲ့ ကျောက်စီနံရံတစ်ခု တည်ဆောက်ပေးခဲ့ပြီး ရေတိုက်စားမှုကြောင့် ရေကာတာ အိကျသွားတဲ့ နေရာမှာတော့ ပို့ဆောင်ရေးဝန်ကြီးဌာနက အရှည်ပေ (၂၃၀)ရှိတဲ့ ကွန်ကရစ်ဘိုးပိုင် ကျောက်စီ နံရံကို တည်ဆောက်ပေးခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့နှစ်ပေါင်း (၂၂)နှစ်ကျော် ကတည်းက စတင်ဖြစ်ပေါ်ခဲ့တဲ့ ဧရာဝတီ မြစ်ရေတိုက်စားမှုအရှိန်ကြောင့် ယခုအခါမှာ ကမ်းပါး အိကျခြင်း၊ ရေကာတာအက်ကြောင်းမျဥ်းပေါ်ခြင်းတို့လည်း ဖြစ်ပေါ်လျက်ရှိပါတယ်။ ညောင်တုန်းမြို့ဟာ မိုးရာသီရေတက်ချိန် စိုးရိမ်ရေအမှတ် ရောက်တဲ့အခါမှာတော့ မြို့ဟာ ရေမျက်နှာပြင်အောက် (၃)ပေနဲ့ (၆)ပေအကြား နိမ့်ကျနေပြီးတော့မှ မြို့ကို ရေကာတာများနဲ့ ဝန်း ရံထားတာဖြစ်ပါတယ်။ ယခုအခါမှာ ညောင်တုန်းမြို့ရဲ့ မြစ်ကမ်းပါးဟာ မြို့ရေကာတာနဲ့ ကပ်လျက်အနေအထားမှာ ရောက်ရှိနေပြီ ဖြစ်ပါတယ်။ မိုးရာသီရောက်တိုင်း မြို့လူထုမှာလည်း စိုးရိမ်စွာနဲ့ နေထိုင်လာရတာ နှစ်ပေါင်းလည်း မနည်းတော့ပါဘူး။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့တင်ပြပါ အကြောင်းအရာများနဲ့စပ်လျဥ်းပြီး မြစ်ရေတိုက်စားမှု အန္တရာယ်ရှိတဲ့နေရာများမှာ ရေတိုက်စား မှုဒဏ်ခံနိုင်ရည်ရှိတဲ့ ကျောက်စီနံရံများ ဆက်လက် တည်ဆောက်ပေးဖို့ လိုအပ်မှာဖြစ်ပါကြောင်း လေးစားစွာတင်ပြလိုပါတယ်။ ဒါကြော င့် ကျွန်တော့်မေးခွန်းအနေနဲ့ ညောင်တုန်းမြို့ မြစ်ကမ်းပါး ရေတိုက်စားမှုကြောင့် ကမ်းပါးထိန်းသိမ်းခြင်းလုပ်ငန်းများ ဆော င်ရွက်ပေးမည့် အစီအစဥ်ကို သိရှိလိုတဲ့အတွက်ကြောင့် ယခုလိုမေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**စစ်တွေမြို့နှင့် မြောက်ဦးမြို့ သင်္ဘောဆိပ်ကမ်းများကို သန့်ရှင်းသပ်ရပ်ပြီး အန္တရာယ်ကင်းအောင် စနစ်တကျပြုပြင်ပေးရန် အစီအစဉ် ရှိ /မရှိ မေးခွန်းနှင့် စစ်တွေလေဆိပ်ကို နိုင်ငံတကာ လေဆိပ်အဖြစ် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးခင်မောင် (ခ)ဦးအောင်ကျော်ဦးက စစ်တွေမြို့နှင့် မြောက်ဦးမြို့ သင်္ဘောဆိပ်ကမ်းများကို သန့်ရှင်းသပ်ရပ်ပြီး အန္တရာယ်ကင်းအောင် စနစ်တကျပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စစ်တွေလေဆိပ်ကို နိုင်ငံတကာလေဆိပ်အဖြစ်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၄။**

**ဦးခင်မောင်(ခ)ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးကို ကြွရောက် လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ကိုယ်စားလှယ်တော်ကြီးများအားလုံးကို ကျွန်တော် က ရခိုင် ဘာသာနဲ့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ရှိ ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက် ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ ဦးခင်မောင် (ခ)ဦးအောင်ကျော်ဦး ဖြစ်ပါတယ်။ ကျွန်တော် မေးချင်တဲ့မေးခွန်းကတော့ စစ်တွေမြို့နယ်နှင့် မြောက်ဦးမြို့နယ် သင်္ဘောဆိပ်ကမ်းများကို သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်နဲ့ အန္တရာယ်ကင်းအောင် စနစ်တကျပြုပြင်ပေးရန်နဲ့ ပြုပြင်ပေးဖို့ အစီအစဉ် ရှိ /မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ရခိုင်ဒေသဟာ အများသိကြတဲ့အတိုင်းပဲ ရေလမ်းခရီး ကို အားကိုးပြီး သွားလာနေခဲ့ရတဲ့ဒေသဖြစ်ပါတယ်။ အင်မတန်မှလည်း သွားလာရ ခက်ခဲပါတယ်။ နိုင်ငံတော် အကြီးအကဲများရဲ့ စိတ်ရင်းစေတနာကောင်းများထားပြီး ဆောင်ရွက် ပေးမှုကြောင့် ယခု ဆိုလို့ ရှိရင် ကျွန်တော်တို့မှာ စစ်တွေ -ရန်ကုန် လမ်းမကြီးအပါအဝင် အခြားလမ်းမအဖြာဖြာနဲ့ မီးရထားလမ်းများလည်း ရရှိနေပြီဖြစ်ပါတယ်။ ဒီအတွက် ရခိုင်ပြည်သူ ပြည်သားများက နိုင်ငံတော်အစိုးရကို အထူးပဲကျေးဇူးတင်လျက်ရှိကြောင်းကို သတင်းကောင်းပါးလိုပါတယ်။ မြန်မာနိုင်ငံမှာ ယခုအခါမှာ ခရီးသွားလုပ်ငန်းဟာ အတော်ကိုတိုးတက်နေပါတယ်။ ဒီလို ခရီးသွား

လုပ်ငန်းတိုးတက်တဲ့ကဏ္ဍမှာ ရခိုင်ပြည်နယ် ဟာလည်းပဲ တစ်ကဏ္ဍ ပါဝင်နေပါတယ်။ ကျွန်တော်တို့ဒေသမှာရှိတဲ့ မြောက်ဦးဒေသဟာ ရခိုင်ရှေးဟောင်းဒေသ ဖြစ်ပြီးတော့ အင်မတန်မှ သာယာချမ်းမြေ့တယ်။ စေတီပုထိုးများလည်း ပြည့်ဝတယ်။ နိုင်ငံသမိုင်းရာဇဝင် နောက်ကြောင်းတွေကလည်း အင်မတန်စိတ်ဝင်စားစရာ ကောင်းတဲ့ အတွက် နိုင်ငံခြားခရီးသည်များဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်ရောက်ရှိလာကြပါတယ်။ ယခုဆိုလို့ရှိရင် မြန်မာပြည်မှာ ဒီကနေ့မှာ နိုင်ငံခြားခရီးသည် (၆)သိန်းလောက် ဝင်ရောက်မယ်လို့ မျှော်လင့်နေကြပါတယ်။ အဲဒီ မျှော်လင့်တဲ့အတွက်ကြောင့်ပဲလည်း ခရီးစဉ်ဒေသတိုးတက်ရေးအတွက်ကို အားကြိုးမာန်တက် ဆောင်ရွက်နေရတဲ့အချိန်မှာ ဒီလိုဝင်ရောက်လာတဲ့ ခရီးသည်တွေဟာ တစ်နေရာထဲမှာ ပြုံမနေဘဲနဲ့ တစ်ခြားဒေသကို ဖြန့်ထွက်သွားဖို့လိုပါတယ်။ မဖွံ့ဖြိုးသေးတဲ့ ဒေသတွေမှာ ရောက်ရှိပြီးတော့ ဒီဒေသတွေရဲ့အကျိုးကို ဆောင်ရွက်သွားနိုင် ဖို့အတွက် ကျွန်တော်တို့က အဲဒီ Tourism ဖွံ့ဖြိုးရေးကို အားထားပြီးတော့ ပြောဆိုနေရခြ င်း ဖြစ်ပါတယ်။ မြောက်ဦးဒေသမှာ လာတဲ့ ဧည့်သည်တွေဟာ ရေကြောင်းခရီးနဲ့သွားလာတဲ့အခါမှာ တစ်ချိန်တစ်ခါက နာမည်ကြီးခဲ့တဲ့ African Queen ဆိုတဲ့ရုပ်ရှင်ကားကို အမြဲ တမ်း ပြန်ပြောင်းပြောကြားခဲ့ကြပါတယ်။ ဒီခရီးစဉ်ဟာ အင်မတန်မှ သာယာပြီးတော့ စိတ်ချမ်းသာဖွယ်ကောင်းတယ်ဆိုပြီးတော့ ဇိမ်မရှိပေမယ့် ဒီခရီးစဉ်ကို အင်မတန်မှ စွဲမက်စွာနဲ့ ပြောဆိုနေကြပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ အဲဒီရေကြောင်းသွားလာရေး ခရီးလမ်းကို အဓိကထားပြီးတော့ ကျွန်တော်တို့ လုပ်ရပါမယ်။ အဓိက လိုအပ်တာကတော့ အဲဒီမှာရှိတဲ့ ဆိပ်ကမ်းတွေ၊ သင်္ဘောတွေ ဒီဟာတွေ တောင့်တင်းခိုင်မာမှ ကျွန်တော်တို့ ခရီးစဉ်လုပ်ငန်းဟာ အောင်မြင်မှာဖြစ်ပါတယ်။ ကျေနပ်မှုရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်နေတဲ့ သင်္ဘော၊ ဆိပ် ကမ်းတွေ အထူးသဖြင့် စစ်တွေ၊ မြောက်ဦးဒေသတွေမှာ သင်္ဘော၊ ဆိပ်ကမ်းတွေဟာ အဆင့်မမှီပါဘူး။ ကျွန်တော်တို့ အများကြီးလုပ်ဖို့လိုပါသေးတယ်။ နိုင်ငံခြားသားတွေအတွက် အန္တရာယ်ရှိပါတယ်။ မနက်အစောကြီးကို သင်္ဘောစီးကြရပါတယ်။ မှော င်မှောင်မည်းမည်း မီးမရှိ အမှောင်ထဲမှာ တိုးဝှေ့ပြီးတော့ အထုပ်အပိုးတွေနဲ့ သွားကြရပါတယ်။ လူတွေတစ်ပြိုင်တည်းတိုးဝှေ့ပြီးတော့ သင်္ဘောတွေပေါ် တက်ကြရတယ်။ အဲဒီကဏ္ဍတွေဟာ အင်မတန်မှ စိတ်မချမ်းသာစရာ ကောင်းပါတယ်။ တစ်ခါက မြင်ကွင်းတစ်ခုမှာ ဆိုလို့ရှိရင် မြောက်ဦးကစစ်တွေကိုလာတဲ့အချိန်မှာ သင်္ဘောဆိပ်မှာ ခရီးသည်တွေဟာ သင်္ဘောပေါ်ကို အလုအယက် တိုးတက်နေပါတယ်။ ကုန်းဘောင်ကလည်းပဲ တစ်ပေ

လောက်ပဲရှိပါတယ်။ အဲဒီ တစ်ပေပေါ် မှာ ခရီးသည်အကုန်လုံးဟာ တိုးဝှေ့ပြီးတော့ တက်ကြတဲ့ အချိန်မှာ အဲဒီမှာ အစောင့်ရှိတဲ့ ယူနီဖောင်းဝတ်ထား တဲ့ လုံခြုံရေးတွေက ဝါးလုံးတွေ နဲ့ ရိုက်နှက်နေကြပါတယ်။ အဲဒီမြင်ကွင်း ဟာ နို ငံငံခြားသားတွေအတွက် အင်မတန်မှ ကြည့်လို့ ရှုလို့ မကောင်းတဲ့ နိုင်ငံအတွက် အင်မတန်မှ အနုတ်လက္ခဏာဆောင်တဲ့ မြင်ကွင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ခရီးသွားလုပ်ငန်းမှာ ဒီဟာမျိုးတွေဟာ မြင်ကွင်းမှာ ရှိနေဖို့မကောင်းတော့ပါဘူး။ ဒါကတော့ တစ်ချိန်တုန်းက ဖြစ်ခဲ့ပါတယ်။ သိပ်မကြာသေးတဲ့ အချိန်တုန်းကပါ။ နောင်ကို ဒီလိုမျိုး မြင်ကွင်းတွေဟာ မမြင်ပါရစေနဲ့လို့ ကျွန်တော်ဒီနေရာကနေ ပြောချင်ပါတယ်။ ကျွန်တော် တို့ ရခိုင်ဒေသဟာဆိုရင် တစ်ချိန်တု န်းက နိုင်ငံခြားသင်္ဘောကြီးတွေ ဝင်ထွက်ပြီးတော့ နိုင်ငံခြားကို ဆန်ရေစပါးတင်ပို့နေခဲ့ပါတယ်။ အကြီးအကျယ် တင်ပို့နေခဲ့တဲ့ ပင်လယ်ကူးသင်္ဘောကြီးတွေဟာ အခုအချိန်မှာ မမြင်ရတော့ပါဘူး။ ကျွန်တော်တို့ဟာ ဒီလိုအားထားရတဲ့ ပင်လယ်ထွက်ပေါက်မြို့ ကျွန်တော်တို့မှာရှိတဲ့ အားသာချက်တွေကို ဘာလို့ အသုံးမချနိုင်ဘူးလဲဆိုတာကို ကျွန်တော်တို့ မေးခွန်းတွေ ထုတ်ရပါမယ်။ Tourism တိုးတက်လာတဲ့အချိန်မှာ ဒီသင်္ဘောဆိပ်ကို အားကိုးပြီးတော့ cruise ခေါ်တဲ့ အပျော်သင်္ဘောစီးတွေနဲ့ နိုင်ငံခြားဧည့်သည်တွေဝင်ရောက်လာမှာ ကို ကျွန်တော်တို့ မျှော်လင့်လျ က်ရှိပါတယ်။ ဒီလို ဝင်ရောက်ခြင်းအားဖြင့် ဒေသအတွက် ဖွံ့ဖြိုးမှုတွေ ရောင်းရေးဝယ်တာ ကိစ္စတွေမှာ ကျွန်တော်တို့ အများ ကြီး အားသာချက်ရှိလာပါမယ်။ ပြည်ထောင်စုရဲ့ဝင်ငွေကို တစ်ဖက်တစ်လမ်းက ကျွန်တော်တို့ ပံ့ပိုးနိုင်လိမ့်မယ်လို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ကျွန်တော်ရဲ့ ဒုတိယမေးခွန်းကတော့ စစ်တွေလေဆိပ်ကို နိုင်ငံတကာလေဆိပ် အဖြစ်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ /မရှိဆိုတဲ့ မေးခွန်းကို မေးချင်ပါတယ်။ စစ် တွေမြို့ဟာ ရခိုင်ပြည်နယ်ရဲ့ မြို့တော်ဖြစ်တယ်။ ကျွန်တော်တို့ စစ်တွေအပါအဝင် ရခိုင်ပြည်နယ် မှာ လေဆိပ် (၄)ခု ရှိပါတယ်။ ဂွ၊ သံတွဲ၊ ကျောက်ဖြူ၊ စစ်တွေ အဲဒီလေဆိပ်ထဲမှာ မှ ကျွန်တော်တို့ဟာ စစ်တွေ လေဆိပ်ကိုအဓိကအားထားပြီးတော့ ရခိုင်ပြည်နယ်ကလူတွေ ပြည်မကိုလာဖို့အတွက် အသုံးချ နေကြရပါတယ်။ ခရီးလမ်းပန်းခက်ခဲတဲ့ ရခိုင်ဒေသက အရေးတကြီးကိစ္စနဲ့ ပြည်မကိုလာချင် လို့ရှိရင် လေယာဉ် ပျံနဲ့ပဲ လာရပါတယ်။ အဲဒီအတွက် ပြည်နယ်အတွင်းက လူတွေသာမက နိုင်ငံခြားက လာတဲ့ ဧည့်သည်တွေအတွက်လည်း ဒီလေဆိပ်ဟာ အင်မတန်မှ အရေးကြီးပါတယ်။ ယခုအချိန်အခါမှာ နိုင်ငံခြား ခရီးသည်တွေဟာ တဖွဲဖွဲဝင်ရောက်လာပါပြီ။ ဒီထက်မက ကျွန်တော်တို့ ရောက်ရှိလာဖို့အတွက် ကိုလည်း ကျွန်တော်တို့ ခရီးသွား လုပ်ငန်းမှာ လုပ်ဆောင်

နေရတဲ့ လူတွေက ကြိုးပမ်းရပါမယ်။ အဲဒီလို ကြိုး ပမ်းတဲ့နေရာမှာ နိုင်ငံတော်က ပံ့ပိုးတဲ့ အနေနဲ့ ကျွန်တော်တို့ရဲ့ လေဆိပ်တွေ၊ ကြိုဆိုမှုတွေ အဲဒီဧည့်သည်တွေရဲ့ အဆင်ပြေဖို့အတွက် လေဆိပ်တွေမှာ လုံခြုံရေး၊ သက်သာချောင်ချိရေး၊ စားသောက်ဆို င်တွေ၊ သပ်ရပ်မှုတွေ၊ သန့်ရှင်းမှုတွေ အဓိကထားရှိဖို့လိုပါတယ်။ ယခုဆိုရင် စစ်တွေလေဆိပ်မှာ စားသောက်ဆိုင် ကောင်းကောင်း မရှိပါဘူး။ ဝင်ရောက်စားသော က်ဖို့ဆိုတာ အင်မတန်မှ ညစ်ပတ်ပေရေ နေပါ တယ်။ အဲဒီကိစ္စတွေဟာ မလုပ်ရင်မဖြစ်တဲ့ ကိစ္စတွေမဟုတ်ပါဘူး။ ကျွန်တော်တို့ လုပ်နိုင် ကိုင်နိုင်တဲ့ အနေအထားမှာ ရှိပါတယ်။ လုပ်ဆောင် ပေးဖို့ပဲလိုပါတယ်။ ဒါတွေကို ဌာန ဆိုင်ရာ တွေကလုပ်ပေးဖို့ ကျွန်တော်တို့တောင်းပန်ပါတယ်။ အဓိကကတော့ အိမ်သာများဟာ မြင်မကောင်း ရှုမကောင်းဖြစ်နေပါတယ်။ ရခိုင်ဒေသဟာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်ဒေသတွေနဲ့ နီးစပ်နေပါတယ်။ တစ်ချိန်တစ်ခါကဆိုလို့ရှိရင် ကျွ န်တော်တို့ဆီကနေပြီးတော့ ဗုဒ္ဓဂ ယာဘုရားဖူးများကို စစ်တွေ ကနေ လေယာဉ်ပျံတက်စီးပြီးတော့ သွားလာနေခဲ့ကြ ပါတယ်။ အချိန်ကို အ င်မတန်မှချုံ့နိုင်ခဲ့ ပါတယ်။ အကြောင်းကိစ္စရှိလို့ရှိရင် ရန်ကုန်ကို သွားစရာမလိုပဲနဲ့ စစ်တွေ မြို့ကနေ တိုက် ရိုက် ကျွန်တော်တို့ သွားလာနိုင်ခဲ့ကြပါတယ်။ ဒီလိုပဲ ဒီအားသာချက်ကို ကျွန်တော်တို့ အခွင့်အရေး ယူပြီးတော့ နိုင်ငံခြားက အိမ်နီးချင်းနိုင်ငံက အိန္ဒိယ၊ ဘင်္ဂ လားဒေ့ရှ်နိုင်ငံတွေက Tourism နဲ့ လာမယ့်ခရီးသည်တွေကို ကျွန်တော်တို့ ကြိုဆိုပြီးတော့ မြန်မာတစ်နိုင်ငံလုံးကို ကျွန်တော်တို့ အဲဒီကနေပြီးတော့ ဝင်ပေ ါက်တစ်ခုအနေနဲ့ အသုံးချပြီးတော့ ဖြတ်နိုင်လို့ရှိရင် ကျွန်တော်တို့ နိုင်ငံအတွက် အားသာချက်တစ်ခုဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ် လေးမြို့မြစ်ကြောင်းသယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည် ဖော်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးမောင်စောဖြူ က ရခိုင်ပြည်နယ် လေးမြို့မြစ်ကြောင်း သယ်ယူပို့ ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း အကောင် အထည်ဖော်ရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၂။**

**ဦးမောင်စောဖြူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာပါစေလို့ ဆုတောင်းပါတယ်။ ကျွန်တော် မေးခွန်းမေးထား တာက ရခိုင်ပြည်နယ် ၊ လေးမြို့မြစ်ကြောင်း သယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အကောင်အထည်ဖော်ရေးနဲ့ ပတ်သက်လို့ မေးပါမယ်။ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှာ မြစ်ကြီး(၄)ခုရှိပါတယ်။ နတ်မြစ်၊ မေယုမြစ်၊ ကုလားတန်မြစ်၊ လေးမြို့မြစ် ဆိုပြီးတော့ မြစ်(၄)မြစ်ရှိပါတယ်။ အဲဒီ(၄)မြစ်ထဲမှာ မြစ်(၃)မြစ်ကတော့ သွားလာရေး လွယ်ကူပါတယ်။ လေးမြို့ မြစ်ကတော့ သွားလာရေးခက်ခဲမှု ရှိပါတယ်။ ဖဆပလခေတ် ၊ မဆလ ခေတ်အလယ်လောက်အထိ အဲဒီလေးမြို့မြစ်မှာ အာရကန်-ဖလော်ရီဒါ ကုမ္ပဏီ (IWTB)စတဲ့ သင်္ဘောတွေဟာ မိုင် (၆၀)ဝေးတဲ့ စစ်တွေ -ပေါက်တော-မင်းပြား-မြောင်းသွယ်-ပန်းမြောင်းအထိ တစ်ပတ်မှာ နှစ်ကြိမ်သွားရောက်ခဲ့ပါတယ်။ ယခုနောက်ပိုင်းမှာ ကျတော့ စစ်တွေမှ ပေါက်တော လောက်ပဲရောက်ပြီးတော့ ပေါက်တောအလွန် မင်းပြားအဝ လောက်မှာ နုန်းမြေတွေ တင်တယ်။ သောင်တွေပေါ်တယ်။ လေးမြို့မြစ်ညာ ဖက်မှာလည်း သင်္ဘောသွားလာလို့မရတော့ဘူး။ အဲဒီလို အခြေအနေကိုရောက်နေပါတယ်။ သင်္ဘော တက်ရန်လည်း မင်းပြားလောက် သဘ် ောတက် ရန်လည်း ဒီရေတက်မှသာလျှင် မော်တော်ဘုတ်သွားရင်လည်း ဒီရေတက်မှသာ လျှင် သွားလို့ လာလို့ရတဲ့အခြေအနေ ဖြစ်နေတယ်။ နောက်ပြီးတော့ အဲဒီ လေးမြို့မြစ်ကမ်းပါးတစ်လျှောက်မှာ ကမ်းပြိုတာတို့ရှိတယ်။ ကမ်းပါးပျက်စီးတာတို့ ရှိတယ်။ ကမ်းပါးရေတိုက်စားလို့ ကမ်းပါးပျက်စီး တာဟာ ကျွန်တော်နေထိုင်ခဲ့တဲ့ ပန်းမြောင်းရွာ ဆိုရင် သုံးပုံနှစ်ပုံ မရှိတော့ဘူး။ ရေထဲမှာပါ သွားပြီ။ သောင်နားကို၊ သောင်နဲ့နီးတဲ့ နေရာကို ပြောင်းရွှေ့နေရတယ်။ မြက်ရိတ်ကျွန်းဆိုတဲ့ ရွာလည်းတစ်ရွာလုံး မရှိတော့ဘူး။ ကုန်းပေါ် လယ်မြေနေရာသို့ ဆုတ်သွား ရတယ်။ နောက်ပြီး တော့လေးမြို့မြစ်မှာ လေး မြို့ခေတ်မှာ ကျော်ဇောခဲ့တဲ့ နယ်ခံ ဆရာမြို့တို့၊ ထီးနန်း မြို့ဟာလည်း ထီးနန်းမြို့နေရာလည်း မရှိတော့ဘူး။ ပျောက်ကွယ်သွားပါပြီ။ မင်းပြားမြို့မှာလည်း တဖြည်းဖြည်းနဲ့ ရေတိုက်စားလို့ ကျိုင်းတောင်နား ကို ရောက်သွားပါပြီ။ အဲသလို ဖြစ်နေတဲ့အတွက်ကြောင့် ကျွန်တော်တို့မှာ အဲဒီလေးမြို့မြစ်ကို အသုံးပြုပြီးတော့ သွားလာရေးလုပ်ငန်းတွေ ၊ ကုန်သွယ်မှု လုပ်ငန်းတွေဟာ အားလုံးနီးပါး နစ်နာ ဆုံးရှုံးနေရပါတယ်။ အဲဒါကြောင့်မို့လို့ အဲဒီလေးမြို့ လက်ဝဲလက်ယာမှာရှိတဲ့ ပြည်သူလူထုရဲ့ အကျိုးကို ရှေးရှုသောအားဖြင့် နိုင်ငံတော်အစိုးရ

ပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ ရေအရင်းအမြစ် နှင့် မြစ်ချောင်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဲဒီလေးမြို့မြစ်ကြောင်းသယ်ယူပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အစီအမံများရှိလျှင် နောက်ပြီးတော့ အဲဒီလေးမြို့မြစ်မှာ စက်ယန္တရား အင်အားများကို အသုံးပြုပြီးတော့ လေးမြို့မြစ် ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ခဲ့လျှင် မြေထိန်းရန် လိုအပ်သော နေရာများတွင် လေးမြို့မြစ်ဝဲယာတစ်လျှောက် မြေထိန်းနံရံ များကို ပြုလုပ်ထားခဲ့လျှင် နောက်ပြီးတော့ လေးမြို့မြစ်ကမ်းခြေတွင် လှိုင်းကာအဖြစ် ဒီရေ သစ်တောများစိုက်ခဲ့လျှင် အဲဒီဒေသမှာရှိတဲ့ လူတွေဟာ လူမှုစီးပွားရေးဘဝ ဟာ တိုးတက်ဖွံ့ဖြိုး လာလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အဲဒီလို ယုံကြည်လို့လည်း အဲဒီလိုလုပ်ခဲ့လျှင် ကုန်ပစ္စည်းစီးဆင်းမှုလည်း လွယ်ကူလာမယ်။ ကုန်ထုတ်လုပ်မှုကလည်း တိုးတက်လာမယ်။ ကုန်ထုတ်လုပ်မှု ၊ စီးဆင်းမှုလွယ်ကူတဲ့အတွက် ကြောင့် ဈေးနှုန်းကလည်း သက်သာလာပါမယ်။ အဲဒီတော့ အဲဒီဒေသမှာရှိတဲ့ လူတွေရဲ့ပညာရေး၊ ကျန်းမာရေးတို့ဟာလည်း တခြား လူမှုရေး တို့ဟာလည်း ကောင်းကျိုးဖြစ်လာနိုင်ပါတယ်။ ပညာဗဟုသုတလည်း တိုးတက်လာနိုင်တယ် စတဲ့အခြေအနေကြောင့် ကျွန်တော်သည် ဒီမေးခွန်း ကိုမေးရခြင်းဖြစ်ပါတယ်။ မေးခွန်းက လေးမြို့ မြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း ဆောင်ရွက်ရန်အစီအစဉ်ရှိပါသလား။ ရှိပါက မည်သည့်အချိန်ကာလတွင် ၎င်းစီမံကိန်း ကိုစတင်အကောင်အထည်ဖော်နိုင်ပါမည်နည်း။ မရှိပါက အဘယ်ကြောင့်နည်းဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ ပတ် သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး က တစ်ခုချင်းဖြေကြားပေးဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၁၈။**

**ဦးညဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီးပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဦးစွာ လေးစားစွာဖြင့် ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး အနေနဲ့ ရခိုင်ပြည်နယ်နဲ့ပတ်သက်ပြီးတော့ မေးမြန်းသွားတဲ့ မေးခွန်းများကို တစ်ခုစီဖြေကြားမှာ

ဖြစ်ပါတယ်။ ပထမဆုံးကျွန်တော်တို့ ဧရာဝတီတိုင်း မဲဆန္ဒနယ်အမှတ် (၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသက်လင်း ရဲ့ ညောင်တုန်းနဲ့ပတ်သက်တဲ့ မေးခွန်းကို ကျွန်တော်ဖြေကြားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းနည်းများလို့ ကျွန်တော်တို့ ဖတ်ကြားဖြေရှင်းခွင့်ပြုပါ။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးညာဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး၊ပို့ဆောင်ရေးဝန်ကြီးဌာန)။** ။ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ညောင်တုန်းမြို့ဟာရန်ကုန်မြို့က ကုန်းလမ်းအားဖြင့်(၃၄) မိုင်၊ ရေလမ်းအားဖြင့် (၆၈)မိုင်ကွာဝေးပြီး ဧရာဝတီမြစ်နဲ့ ပန်းလှိုင်မြစ်ဆုံရာ ပ န်းလှိုင်မြစ်ဝအနီး မြစ်ကမ်းနဖူးမှာတည်ရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ပန်းလှိုင်မြစ်မှာ ရန်ကုန်မြို့ဆိပ်ကမ်းသို့ ရေယာဉ်များ ဝင်ထွက်သွားလာနေသော ရေလမ်းကြောင်းလည်းဖြစ်ပါတယ်။ အဓိကအားဖြင့် ကျွန်တော်တို့ ရန်ကုန်မြို့ကနေပြီးတော့ မြန်မာပြည်အထက်ပို င်းကို ပို့ဆောင် ပေးတဲ့ ကုန် စည်အားလုံးဟာ ပန်း လှိုင်မြစ်က တစ်ဆင့်သွားတာဖြစ်ပါတယ်။ ဒီရေလမ်းကြောင်းကို ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ သေသေချာချာ ဂရုစိုက်ပြီး ထိန်းသိမ်းပါတယ်။ တစ်ရက် တစ်ရက် ကို ပန်းလှိုင်မြစ်ကိုသွားတဲ့ သင်္ဘောအရေအတွက်ဟာ အင်မတန်များပါတယ်။ ကုန်သင်္ဘောတွေ ဖြစ်ပါတယ်။ ပန်းလှို င်မြစ်နဲ့ဧရာဝတီမြစ်ရဲ့ အဆုံမှာရှိတဲ့ ညောင်တုန်းမြို့ဟာ ပင်လယ်ရေပြင်အထက်ပေ(၂၀)အမြင့်မှာ ရှိပါတယ်။ နှစ်စဉ်ပုံမှန် မိုးရာသီကျလို့ရှိရင် ဧရာဝတီမြစ်ရေ နဲ့ ပန်းလှိုင်မြစ်ရေတို့ရဲ့ အခြေအနေအရ မိုးရာသီမှာ ဆိုလို့ရှိရင် ညောင်တုန်းမြို့ရဲ့ ဒီမြစ်ရေ Level တွေဟာ ညောင်တုန်းမြို့ထဲကို (၂)ပေ၊ (၃)ပေလောက် အမြင့် မှာ အမြဲတမ်းရှိနေပါတယ်။ တစ်နည်းအားဖြင့် ညောင်တု န်းမြို့ဟာ မိုးရာသီမှာ မြစ်ရေ Level အောက်ကို သူက (၂)ပေ၊ (၃)ပေလောက် အမြဲတမ်းရှိပါတယ်။ အဲဒီမြစ်ရေကို ကာကွယ်ထိန်းသိမ်းဖို့အတွက် ဆိုပြီးတော့ ကျွန်တော်တို့ ညောင်တုန်းမြို့ရဲ့ကမ်းနားမှာ ကျွန်တော်တို့ တာတွေကို တည် ဆောက်ထားတာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မှတ်တမ်းများအရ မိုးအများဆုံးရွာခဲ့တာ ကတော့ ရေအမြင့်ဆုံးကတော့အမြင့်(၂၆)ပေ၊ ပင်လယ်ပြင်ထက်(၂၆)ပေ၊ မြို့ရေ Level အထက်မှာ (၆)ပေ အမြင့်ဆုံး ကျွန်တော်တို့ ရေတက်ခဲ့ပါတယ်။ ကျွန် တော်တို့ တာအားလုံးဟာ ကျွန်တော်တို့ခုနက (၂၉)ပေ Level တိုင်းပြီး တာတွေကို ဆောက်ထားတာဖြစ်ပါတယ်။ ဆိုလိုတဲ့သ ဘောက ကျွန်တော်တို့ မိုးတွင်းမှာ ကာရံထားတဲ့တာများသည်မြို့ရဲ့ရေ Level အထက် (၆)ပေအထက်မှာ

ရှိပါတယ်။ တောက်လျှော က်ကာကွယ်ထားတာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ ခုနက ကိုယ်စားလှယ်တော်ကြီးမေးမြန်းခဲ့တဲ့ ညောင်တုန်းမြို့ရေစားမှုနဲ့ ပတ်သက်ပြီးတော့ ညောင်တုန်းမြို့ဟာ မနေ့ က ကျွန်တော်တင်ပြခဲ့သလိုပဲ ဧရာဝတီကနေပြီးတော့ ပန်းလှိုင်ကို ကွေ့တဲ့နေရာမှာ အောက်တာတန်းမှာရှိပြီးတော့ အမြဲတမ်းရေတိုက်စားမှုကို ခံရတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မှတ်တမ်းများအရ ဆိုလို့ရှိရင် ရေအများဆုံးတိုက်စားတဲ့ လမ်းပိုင်း (၁၂)လမ်းက နေပြီးတော့ မြို့ရဲ့လမ်းနံပါတ် (၁၂)လမ်းကနေပြီးတော့ (၄၁)အထိဟာ ဒါပေ (၅၀၀၀)လောက် အမြဲတမ်းတိုက်စားခံရပါတယ်။ အဲဒါနဲ့ပတ်သက်ပြီးတော့ ကျွန်တော် တို့ နောက်တစ်ခါ (၄၁)လမ်း ကနေ (၃၁)လမ်းအထိဆိုတဲ့ ကမ်းတာများကာထားပြီး ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် တင်ပြချင်တာက ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၁၉၉၇ ခုနှစ် ကနေပြီးတော့ ပြီးခဲ့တဲ့နှစ် ဘဏ္ဍာရေးနှစ်အထိ ဒီမြစ်ထဲမှာရှိတဲ့ ရေကာတာတွေ ကာကွယ်ရေး ကျွန်တော်တို့ စုစုပေါင်း (၄၇၄.၅၄)သန်းကုန်ကျခံပြီးတော့ တည်ဆောက်ထားပြီးဖြစ်ပါတယ်။ ညောင်တုန်းမြို့ ကာကွယ်ရေး အတွက် ယခုနှစ်မှာတော့ ကျွန်တော်တို့ စုစုပေါင်းသန်း(၃၀)ဘဏ္ဍာငွေချပေးထားတာဖြစ်ပါတယ်။ ဒီမြစ်ရေကာကွယ်တဲ့ အနေအထားဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးမေးတဲ့ မေးခွန်းကို ကျွန်တော် ပြန်လည်ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ ဧရာဝတီမြစ်ကြောင်းတစ်ခုလုံး မြစ်ကမ်းနဖူးမှာရှိတဲ့ အရေးကြီးတဲ့မြို့များ ရေစီးကမ်းပြိုမှု မှကာကွယ်ရေးအတွက် ကျွန်တော်တို့ Master Plan ဆွဲနေဆဲဖြစ်ပါတယ်။ ပြီးတော့ နှစ်စဉ်ကုန်ကျမယ့်ငွေလည်း ရန်ပုံငွေ တွက်ဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ ရေကြောင်း၊ လေကြောင်းဆိုင်ရာ ကုန်ကျစရိတ် အားလုံးကို ကျွန်တော်တို့ရှာဖွေတဲ့ငွေထဲကနေ ကျွန်တော်တို့ သုံးမှာဖြစ်ပါတယ်။ နိုင်ငံတော် အတွက်ကို ဝန်ထုပ် ဝန်ပိုးမဖြစ်ဖို့အတွက် တတ်နိုင် သမျှ ကျွ န်တော်တို့ ဝန်ကြီးဌာန ဝင်ငွေသည် နိုင်ငံတော်ရဲ့ တခြားလူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတွေမှာ သုံးဖို့ ကျွန်တော်တို့ ပိုရှာရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ဒီမြစ်ကမ်းထိန်းသိမ်း မှုနဲ့ပတ်သက်ပြီးတော့ မြစ်တွေရဲ့ ရေတိုက်စားမှု အရေးကြီးတဲ့အ တိုင်းအတာ မြို့များရဲ့တိုင်းတာ ပြီးတော့ ကျွန်တော်တို့ ဘဏ္ဍာငွေ ကိုခွဲဝေပြီး သုံးစွဲခဲ့တာဖြစ်ပါတယ်။ နိ ဂုံးချုပ်အနေနဲ့ ကျွန်တော် ဧရာဝတီတိုင်းဒေသကြီးက ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ခုချိန်ထိ ညောင်တုန်းမြို့မှာ ရေလွှမ်း မိုးမှု မရှိပါဘူး။ ကုန်းမြေကို ကာထားတာဖြစ်ပါတယ်။ အဲဒီတော့ တာအရှည်က(၁၂၅၀၀)ပေရှိပြီးတော့ ခုန(၁၂၅၀၀)ပေဟာ ကုန်းတွင်းပိုင်းမှာရှိပြီးတော့ ပေ(၆၀၀၀)

ကတော့ မြစ်ကမ်းနဖူးနဲ့ ဆက်စပ်နေတာဖြစ်ပါတယ်။ အဲဒီ ပေ(၆၀၀၀)နဲ့နီးစပ်တဲ့ မြစ်ကမ်းနဖူးကို ကာကွယ်ရေး အတွက် ရေဘေးကာကွယ်ရေးကို ကျွန်တော်တို့ အမြဲတမ်းလုပ်နေပါကြောင်းနှင့် ယခုအချိန်အထိ ဒီမြစ် ရေကြီးမှုမရှိကြောင်း ဖြေကြားအပ်ပါတယ်။ လာမယ့်နှစ် မှာလည်း ကျွန်တော်တို့ ရန်ပုံငွေ သန်း(၃၀)နဲ့ ဆက်လက်ဆောင်ရွက်ထားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်စားလှယ်ကြီးအနေနဲ့ ကျွန်တော်တို့ လုပ်ငန်းများ ယခုကဲ့သို့ ဒါမျိုးနဲ့ ပတ်သက်ပြီးတော့ ဒီဟာကို စိတ်ဝင်တစားမေးတာ ကျွန် တော်တို့ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ လုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာလည်း အဲဒီလက်တွေ့site မှာရှိတဲ့ လူတွေနဲ့သွားတွေ့ဆုံပြီးတော့ အကြံဉာဏ် ပေးတာတွေ နောက်ကူညီပေးတာတွေ ဆောင်ရွက်ပေးပါ။ ကျွန်တော်တို့ကတော့ ရန်ပုံငွေကတော့ ဧရာဝတီမြစ်ကြောင်းမှာ အကန့်အသတ်နဲ့သုံးနေရတာကြောင့်မို့လို့ ရန်ပုံငွေအပြင် အခြားနည်းနဲ့ ကျွန်တော်တို့ ကာကွယ်ရေးလုပ်ငန်းများ လည်း ကျွန်တော်တို့ လေ့လာထားလျက် ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယအမေးဖြစ်တဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင် (ခ)ဦးအောင်ကျော်ဦး မေးတဲ့မေးခွန်း ကို ဖြေကြားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင် (ခ) ဦးအောင်ကျော်ဦး မေးတဲ့မေးခွန်း (၂)ရပ်နဲ့ ပထမဆုံး ကျွန်တော်တို့ စစ်တွေ မြို့နဲ့ မြောက် ဦးမြို့ သင်္ဘောဆိပ်များနဲ့ပတ်သက်ပြီး မေးထားတာဖြစ်ပါတယ်။ ကျွန်တော် တို့ စစ်တွေမြို့မှာဆိုရင် ဆိပ်ကမ်း(၃)ခု ရှိပါတယ်။ မင်းဂံတံတား၊ ဖောင်တော်ကြီးတံတား၊ အမှတ်(၂)ဘုတ်ဆိပ်တံတား ဆိုပြီးတော့ စုစုပေါင်းတံတား(၃)စင်း စစ်တွေမှာ ရှိပါတယ်။ တံတား(၃)စင်းအနက် မင်းဂံ တံတား မှာကျွန်တော်တို့ ငါးဖမ်းစက်လှေများဆိုက်ကပ်ဖို့ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ ဖောင်တော်ကြီးတံတားကတော့ ကမ်းရိုးတန်းသွားသင်္ဘောတွေ ရန်ကုန်တို့၊ ဘာတို့ သွားတဲ့ ကမ်းရိုးတန်း(Coastal)သွားတဲ့ သင်္ဘောတွေဆိုက်ကပ်ထားဖို့ တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီး မေးတဲ့ ဆတ်ရိုးကျချောင်းအတွင်းမှာ စစ်တွေမြို့ရဲ့ မြောက်ဖက် ဆတ်ရိုးကျချောင်းအတွင်းမှာ တည်ဆောက်ထားတဲ့ ဒီအမှတ် (၂)ဘုတ်ဆိပ်တံတား ကတော့ ရခိုင်ပြည်နယ်အတွင်းမှာရှိတဲ့ River Transport ကိုသုံးတဲ့ မြစ်တွင်းသွားတဲ့ သင်္ဘောတွေ ဆိုက်ကပ်တာဖြစ်ပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင်လည်း ပြီးခဲ့တဲ့(၂)လ၊(၃)လက နိုင်ငံတော် သမ္မတကြီး ရဲ့ လမ်းညွှန်မှုရှိလို့ ကျွန်တော်တို့ သွားရောက်စစ်ဆေးခဲ့ပြီး ဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီးမေးတဲ့ ဆတ်ရိုးကျချောင်းတံတားကို ၁၉၅၇ ခုနှစ် ကနေပြီး တော့ အလျား ပေ(၁၄၀)၊ အနံ (၁၂)ပေ ချဉ်း ကပ်တံတား(၂)စင်းနဲ့ သစ်သားတံတား တည်ဆောက်ထားတာ ဖြစ်ပါတယ်။ ယခုအချိန်အထိလည်း သစ်သားတံတားပဲ ဖြစ်ပါတယ်။ အဲဒီတံတားမှာ ကျွန်တော်တို့ စစ်တွေမြို့မှာရှိတဲ့ တံတားမှာ ခရီးသည်နားနေနိုင်ဖို့အတွက် ပေ (၆၀ x ၂၀) နားနေဆောင် (၂)ဆောင်လည်း ဆောက်ထားပြီးဖြစ်ပါတယ်။ တံတားများ လုံခြုံစိတ်ချရေးအတွက် ကျွန်တော်တို့ ၂၀၀၈-၂၀၀၉ မှာ (၅၄)သိန်းအကုန်အကျခံပြီးတော့ ကျွန်တော်တို့ ဆောက်ထားတာဖြစ် ပါတယ်။ ကျွန်တော်တို့ ကိုယ်တိုင် လက်တွေ့စစ်ဆေးချက်များအရ တံတားများသည် သစ်သား တံတားများ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ လောလောဆယ်အနေအထားတော့ ကိုယ်စားလှယ်ကြီးမေးသလိုပါပဲ သန့်ရှင်းသပ်ရပ်မှုတော့ အားနည်းနေပါတယ်။ စီးတဲ့လူတွေကလည်း သွား ကြည့်လိုက်မယ်ဆိုရင် စီးတဲ့သူတွေကလည်း ဒီစစ်တွေနဲ့ ရခိုင်ပြည်နယ်မြစ်ကြောင်းများမှာ သွားတဲ့လူတွေအများစု ဖြစ်တော့ စီးတဲ့ ခရီးသည်ရဲ့ အခြေအနေက တံတားအခြေအနေ ဖြစ်နေတာဖြစ်ပါတယ်။ ကျွန်တော်ခြုံပြောရရင်တော့ ဒီတံတားဟာ သန့်ရှင်းသပ်ရပ်မှု အားနည်းပါတယ်။နောက်ကျရင်တော့ ကျွန်တော်တို့ ထပ်ပြီးပြုပြင်ပေးပါမယ်။ ဒါက ကျွန်တော်တို့ စစ်တွေမြို့ မှာရှိတဲ့ တံတားပါ ။ နောက်တစ်ခါ မြောက်ဦးမြို့ရဲ့ တံတားကတော့ ပို့ဆောင်ရေးဝန်ကြီး ဌာနက ထိန်းသိမ်းထား တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ပို့ဆောင်ရေးဝန်ကြီးဌာနမှာရှိတဲ့ သင်္ဘောများသည် ရခိုင်ပြည်နယ်မှာ ရေလမ်းကြောင်း(၄)ကြောင်း ပြေးတာရှိပါတယ်။ ရေလမ်းကြောင်း(၄)ကြောင်းကတော့ စစ်တွေ ကနေပြီးတော့ ဘူးသီးတောင်ကို တစ်လိုင်းပြေးပါတယ်။ စစ်တွေ-မြောက်ဦးကို တစ်လိုင်းပြေး ပါတယ်။ စစ်တွေ-တောင်ကုတ် တစ်လိုင်းပြေးပါတယ်။ တောင်ကုတ်မာန်အောင် ခရီးလမ်း(၄)လမ်း ကျွန်တော်တို့ ပြေးပါတယ်။ ကိုယ်စားလှယ်ကြီး မေးတဲ့ စစ်တွေ -မြောက်ဦး နဲ့ပတ်သက်ပြီးတော့ ခရီးလမ်း(၄)လမ်းမှာ ပို့ဆောင်ရေးဝန်ကြီးဌာနက သင်္ဘော (၂၁)စင်းနဲ့ ကျွန်တော်တို့ ပြေး နေတာ ဖြစ်ပါတယ်။ စစ်တွေ-မြောက်ဦး ခရီးစဉ်ကိုတော့ ခရိုင်ရေယာဉ်ရယ်၊ သံသာရေယာဉ်ဆို တဲ့ သင်္ဘော(၂)စီးနဲ့ တစ်ပတ်ကို ကျွန်တော်တို့ အင်္ဂါ၊ သောကြာ (၂)ရက် လက်ရှိပြေးဆွဲလျက် ရှိပါတယ်။ အဲဒီပြေးဆွဲတဲ့ အချိန်မှာ ကျွန်တော်တို့ မြောက်ဦးဆိပ်ကမ်းတံတားသည် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကကြီးကြပ်မှုနဲ့ ထိန်းသိမ်းတာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ တံတားတွေရဲ့ အခြေအနေဟာ ကျွန်တော်တို့စိုးရိမ်ရတဲ့ အတွက်ကြောင့်မို့ ဒီနှစ်မှာတော့ ကျွန်တော် (RC)တံတားတစ်စင်း (၁၂၉)သိန်းနဲ့ အလျားပေ(၅၀)၊

အနံ(၁၀)ပေ နောက်တစ်ခါ ချဉ်းကပ် လမ်းကတော့ အလျားပေ(၂၀)၊ အနံ (၈)ပေ (RC)တံတား တစ်ခုဆောက်ဖို့ ဘတ်ဂျက်ချထားပြီးသား ဖြစ်ပါတယ်။ ဒီနှစ်မှာ ကိုယ်စားလှယ် တော်ကြီး မေးမြန်းတာနဲ့ ပတ်သက်ပြီး ဒီတံတားနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ မိုးကုန်တဲ့အခါ ဆော က်မှာ ဖြစ်ပါတယ်။ နိုဝင်ဘာလောက်ကျရင် အဲဒီကျရင် ကိုယ်စားလှယ်တော်ကြီး သွားရောက် လေ့လာ ပြီးတော့ လိုအပ်တဲ့ အကြံဉာဏ်များလည်း ပေးနိုင်ပါတယ်။ အဲဒီတော့ ကိုယ်စားလှယ်ကြီးမေးတဲ့ မြောက်ဦးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့စစ်တွေဘက် က တံတား ကတော့ သန့်ရှင်းရေး အားနည်းတာမှန်ပါတယ်။ ကျွန်တော်တို့ ဒါကိုသွားရောက်ပြီးတော့ ဒီထက် ပိုမို ကောင်းမွန်အောင် ကျွန်တော်တို့ လုပ်ပေးပါမယ်။ မြောက်ဦးတံတားကတော့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ စည်ပင်သာယာက ထိန်းသိမ်းတာဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့ ပို့ဆောင်ရေး ဝန်ကြီးဌာနက ကျွန်တော် တို့ ဒီနှစ် (RC)တံတားတစ်ခုဆောက်ပြီးတော့ သင်္ဘောများ အဆင်ပြေ အောင်သွားလာရေးကို ဆော င်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။ ဒုတိယ မေးခွန်းဖြစ်တဲ့ စစ်တွေလေဆိပ်ကို နိုင်ငံတကာ လေဆိပ်အဖြစ် တိုးမြှင့်ပေးဖို့နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ အဓိက ကျွန်တော်တို့ တင်ပြခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့ ရန်ပုံငွေသုံးတဲ့အခါမှာ ကျွန်တော်တို့ရှာတဲ့ ရန်ပုံငွေအတွင်းကပဲ သုံးမှာဖြစ်ပါတယ်။ နိုင်ငံတော်ကနေပြီးတော့ ကျွန်တော်တို့ တောင်းပြီးတော့ သုံးတာမလုပ်ပါဘူး။ အဲဒီတော့ ကျွန်တော်တို့ ဒီမှာ လေယာဉ်ပျံများ ပြေးဆွဲခြင်း၊ ဆိပ်ကမ်းများတည်ဆောက်ခြင်း၊ လေဆိပ်များနဲ့ ပတ်သက်ပြီးတော့ ဈေးကွ က်စီးပွားရေးစနစ်ဖြစ်တဲ့အတွက် ကြောင့်မို့လို့ ဈေးကွက် လိုအပ်ချက် (Market Demand)ကို ကြည့်ရပါတယ်။ အရင်တုန်းက ဆိုရှယ်လစ်ခေတ်ကလို တခြားခေတ်ကလို စိတ်ကူး ယဉ်ဆန်ပြီး လုပ်လို့မရပါဘူး။ ကျွန်တော်တို့ ရန်ပုံငွေကန့် သတ်ချက် ရှိတော့ ကျွန်တော်တို့ (Market Demand)အရ လက်တွေ့အခြေအနေပေါ် မူတည်ပြီး ကျွန်တော်တို့ ပြေး တာဖြစ်ပါတယ်။ အဲဒီတော့ စစ်တွေလေဆိပ်နဲ့ ပတ်သက်ပြီး သမိုင်းလေးကို နည်းနည်းတင်ပြပါမယ်။ စစ်တွေလေဆိပ်ကို ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့မှာ အဲဒီတုန်းက (International Aero Limited)ဆိုတဲ့ ကုမ္ပဏီက ပိုင်ပါတယ်။ အဲဒါ ကျွ န်တော်တို့ လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကို ပြောင်း ပေးခဲ့ပါတယ်။ အရှည်က ပေ (၆၀၀၀)ရှိပါတယ်။ မြေပြင်လည်းကျယ်ပါတယ်။ အကျယ်က ပေ(၁၅၀)ရှိပါတယ်။ စစ်တွေ လေဆိပ်က ပင်လယ် ရေပြင်အထက် အမြင့် (၃၇)ပေ ရှိပါတ ယ်။ မြောက်ဦးက ပေ (၂၀) ဖြစ်ပါတယ်။ အဲ ဒီတော့

လောလောဆယ် ကျွန်တော်တို့ လေဆိပ်အဆောက်အဦကို ခုန ကိုယ်စားလှယ်ကြီးများ  တင်ပြတဲ့ အတိုင်းပဲ ၂၀၀၂ ခုနှစ် မတ်လ ၂၂ ရက်နေ့မှာ လေဆိပ် အဆောက်အဦကို ကျွန်တော်တို့ ပေ (၂၂၀ x ၆၀) ဒါက မြန်မာနိုင်ငံ လေဆိပ်ရဲ့ (Standard) ဆိုဒ်ပါ ဥက္ကဋ္ဌကြီးခင်ဗျား။ (Standard)ဆိုဒ်ဆောက်ပြီးတော့ ၂၀၀၂ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့မှာ ဖွင့်လှစ် ပေးထားပြီး ဖြစ်ပါတယ်။ လေယာဉ်ပြေးလမ်း ကျွန်တော်တို့ ပေ (၆၀၀၀ × ၁၅၀) ကို နိုင်လွန်ကတ္တရာ (၄)လက်မထု ကျွန်တော်တို့ ခင်းပြီးဖြစ်ပါတယ်။ လေဆိပ်မှာဆိုလည်း နိုင်ငံတကာလေဆိပ်များမှာ သတ်မှတ်ထားတဲ့ လေဆိပ် (Facility)အားလုံး ကျွန်တော် တို့ တည်ဆောက်ထားပြီးဖြစ်ပါတယ်။ စစ်တွေလေဆိပ်နဲ့ ပတ်သက်ပြီးတော့ ခုချိန်မှာလည်း F-28 လေယာဉ်တွေ၊ ဂျက်တွေ ဆင်းနေတာ ဖြစ်ပါတယ်။ ခုန (၄)လက်မ နိုင်လွန်ကတ္တရာခင်းထားတဲ့ လေဆိပ်တစ်ခု ဟာ သာမန်အားဖြင့် တန်ချိန်(၅၀)၊ (၇၀)လောက်ရှိတဲ့ လေယာဉ်ပျံကြီးတွေ ဆင်းနိုင်ပါတယ်။ လောလောဆယ် အခြေအနေအရ စစ်တွေလေဆိပ်ကို ရန်ကုန် ကနေပြီးတော့ မြန်မာ့လေကြောင်းက နေ့စဉ် လေယာဉ်ပျံပြေးပါတယ်။ (Air Bagan)လေကြောင်းလိုင်းက တစ်ပတ်ကို (၂)ရက်ပြေးပါတယ်။ (Air Mandalay)လေကြောင်းလိုင်းက တစ်ပတ်ကို (၆)ရက်ပြေးပါတယ်။ တစ်ပတ်မှာ စစ်တွေနဲ့ ရန်ကုန် (၁၅)ခေါက်ပြေးပါတယ်။ ယေဘုယျအားဖြင့် ကျွန်တော်တို့ တစ်နေ့ကို နှစ်ခေါက်နှုန်းနဲ့ စစ်တွေကို ပျံသန်းပြေးဆွဲလျက်ရှိပါတယ်။ စစ်တွေလေဆိပ်မှာ ပြေးဆွဲတဲ့ ခရီးသည်များ အရေအတွက်ကို ကျွန်တော်တို့ မှတ်တမ်းများအရ ၂၀၀၉ ခုနှစ်မှာ စစ်တွေ လေဆိပ် အဝင်အထွက်က (၅၈၀၀၀)ရှိပါတယ်။ စစ်တွေလေဆိပ်က (၅၈၀၀၀)၊ ပျံ သန်းချိန်ပေါင်း ကျွန်တော်တို့ (၁၂၀၀)ခေါက်ရေ ပျံခဲ့ပါတယ်။ ခေါက်ရေ(၁၂၀၀)ကို (၃၆၅)နဲ့စားရင် တစ်နေ့ကို (၃)ခေါက်ကျော် ပျံခဲ့ပါတယ်။ နောက်တစ်ခါ ၂၀၁၀ ခုနှစ်မှာ ခရီးသည်ပေါင်း (၈၀၇၇၉)ဦး စစ်တွေလေဆိပ်က ရန်ကုန်ကို ဆက်သွယ်ပေးတာဖြစ်ပါတယ်။ ယခုနှစ် တွက်ချက်မှုအရ ကျွန်တော်တို့ (၉၃၀၀၀)၊ မနှစ်ကထက် ဆိုရင် (၉၀၀၀)လောက်ပိုပြီးတော့ခရီးသည်လာမယ်လို့ တွက်ချက်ထားပါတယ်။ အဲဒီတော့ စစ်တွေလေဆိပ်နဲ့ ပတ်သက်ပြီးတော့ လက်ရှိတည်ဆောက် ထားတဲ့ (၂၂၀)ပေ၊ ပေ (၆၀)ရှိတဲ့လေဆိပ်(Terminal) ခရီးသည်တစ်နှစ်ကို(၁၅၀၀၀၀)လောက် Handle လုပ်နိုင်ပါတယ်။ ကိုင်တွယ်နိုင်ပါတယ်။ အဲဒီ VIP အဆောက်အဦမှာလည်း ကျွန်တော်တို့ VIP အဆောင်ရော၊ Arrival ရော၊ Departure ရော သူ့ (Standard)ပုံစံ ဆောက်ထားတာဖြစ်ပါတယ်။ စစ်တွေလေဆိပ်မှာ နိုင်ငံတကာက ကိုယ်စားလှယ်ကြီး မေးမြန်း

ထားတဲ့ နိုင်ငံတကာကလေယာဥ်ပျံတွေလာဖို့ မလာဖို့ဆိုတာက ကျွန်တော်တို့ စစ်တွေလေဆိပ်ကို နိုင်ငံခြားလေကြောင်းလိုင်းတွေ လာမယ်ဆိုရင် ကျွန်တော်တို့ ခွင့်ပြုလို့ရပါတယ်။ ရန်ကုန်ကလည်း သွားလို့ရပါတယ်။ ခုချိန်ထိ ကျွန်တော်တို့က တားဆီးထားတာ မဟုတ်ဘူး။ ဥပဒေအရ ခွင့်ပြုချက် ရှိထားပြီးသားပါ။ နိုင်ငံ ခြားလေကြောင်းလိုင်းများလည်း ကျွန်တော်တင်ပြသလိုပဲ Market Economy ဖြစ်တော့ စီးပွားရေးတွက်ချေကိုက်မှု မကိုက်မှုအတွက် ဒါမဆင်းတာဖြစ်ပါတယ်။ လေဆိပ်နဲ့ပတ်သက်ပြီးတော့ ကျွန်တော်တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လေဆိပ် လေယာဥ်ပျံကွင်းအားလုံးဟာ ကျွန်တော် တို့ လိုလေသေးမရှိ တပ်ထားပြီးသား ဖြစ်ပါတယ်။ အဓိကလေယာဥ်ပျံပြေးခြင်း မပြေးခြင်းသည် အဲဒီဒေသရဲ့ Market Demand ပေါ်မူတည် ပြီးတော့ လေကြောင်းလိုင်းများ က ဆုံးဖြတ်တာဖြစ်ပါတယ်။ ဒါကို ကိုယ်စားလှယ်တော်ကြီး အားလုံးသိရှိနိုင်အောင် တင်ပြခြင်းဖြစ်ပါတယ်။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ ကျွန်တော်တို့ လေးမြို့မြစ်ကြောင်း သယ်ယူပို့ဆောင် ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းရှိ /မရှိ မေးမြန်း တာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ လုပ်ငန်းတစ်ခု လုပ်တဲ့အခါမှာ စီမံကိန်းဆိုတာ ကျွန်တော်တို့က တိုင်းပြည် အတွက် အင်မတန်အရေးကြီးပြီးတော့ မဖြစ်မနေလုပ်ရမယ့် လုပ်ငန်းတွေ၊ နောက်တစ်ခါလုပ်ပေး ပြီးလို့ရှိရင် နိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေးက တော်တော်ကို အကျိုးပြုမယ့် လုပ်ငန်းတွေသာလျှ င် ကျွန်တော်တို့က စီမံကိန်းလို သတ်မှတ်ပြီးတော့ ဆောင်ရွက်တာဖြစ်ပါတယ်။ ယေဘု ယျအားဖြင့် ဒေသအတွင်းမှာရှိတဲ့ ဒေသစီမံကိန်းများကို ဝန်ကြီးဌာနအနေနဲ့ မသတ်မှတ်ပါဘူး။ လေးမြို့မြစ်ဟာဆိုလို့ရှိရင် ချင်းပြည်နယ်၊ မင်းတပ်ခရိုင် မတူပီမြို့နယ်မှာ မြစ်ဖျားခံပြီးတော့ ရခိုင်ပြည်နယ် ၊ ပေါက်မြို့နယ် အောက်ဘက် ကုလားတန်မြစ်အတွင်း စီးဝင်တာ ဖြစ်ပါတယ်။ မြစ်ရဲ့အလျားက စုစုပေါင်း (၁၆၂)မိုင်ရှိပါတယ်။ ချင်းပြည်နယ်ကစပြီးတော့ ရခိုင်ပြည်နယ်ထဲမှာဆိုရင် မြောက်ဦးမြို့နယ်၊ မင်းပြားမြို့နယ်နဲ့ ပေါက်တောမြို့နယ် များကို ဖြတ်သန်းစီးဆင်းတာဖြစ်ပါတယ်။ ကျွန်တော်တို့ လေးမြို့မြစ်ကြောင်းတစ်လျှောက် စစ်တွေကနေ ပေါက်တောအထိ (၁၆)မိုင်ရှိပါတယ်။ နောက်စစ်တွေမှ မင်းပြားထိ မိုင် (၄၀)ရှိပါတယ်။ ယခုအချိန်မှာ ပုဂ္ဂလိကရေယာဥ်များ ပြေးဆွဲ လျက်ရှိပါတယ်။ လေးမြို့ မြစ် အနေအထားဟာဆိုရင် ကျွန်တော်တို့ ရေတက်ချိန် ၊ ရေကျချိန်ဆို စုစုပေါင်း(၈)ပေ အကွာအဝေးရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ မင်းပြားထိက ခုချိန်ထိ သင်္ဘောတွေ သွားလို့ရပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရခိုင်ဌာနခွဲအနေနဲ့ စောစောပိုင်း က

တင်ပြတဲ့အတိုင်းပဲ စစ်တွေ-ဘူးသီးတောင်၊စစ်တွေ-မြောက်ဦး၊စစ်တွေ-တောင်ကုတ်၊တောင်ကုတ်-မာန်အောင် ခရီးလမ်းကြောင်းကို တွဲယာဉ် (၁၂)စီးနဲ့ ကျွန်တော်တို့ ပြေးနေပါတယ်။ ၁၉၉၈ ခုနှစ် မတိုင်မီကတော့ လေးမြို့မြစ်ကြော င်းကို အသုံးပြုပြီးတော့ စစ်တွေ -မင်းပြား-ပန်းမြောင်း ခရီးလမ်းကို ပြေးဆွဲဆော င်ရွက်ခဲ့သော်လည်း ၁၉၉၈ ခုနှစ်နောက်ပိုင်းမှာ မင်းပြားအထက် လမ်းမရှည်ကျေးရွာ၊ခုန ကိုယ်စားလှယ်ကြီးမေးတဲ့ ကျေးရွာအနီး ရေလမ်း ကြောင်းပိတ်သွားတာ ဖြစ်ပါတယ်။ ရေလမ်းကြောင်းနဲ့ မြောင်းသွယ်အထက် ရေလမ်း ကြောင်းပိတ်သွားသဖြင့် ကျွန်တော်တို့ ၁၉၉၈ခုနှစ် ဧပြီလ ၁၇ ရက်နေ့မှာ သင်္ဘောများမသွား နိုင်ဘဲနဲ့ ဒီလမ်းကို ကျွန်တော်တို့ ပိတ်လိုက်တယ်။ သို့သော်လည်းပဲ မင်းပြားထိ စစ်တွေ -မင်းပြား မိုင်(၄၀)တော့ သင်္ဘောတွေ ဆက်လက်ပြီး သွားနေပါတယ်။ ယခုအချိန်မှာ ရခိုင်ပြည်နယ်မှာ ကျွန်တော်တို့ စစ်တွေ-အမ်း-မင်းဘူး-ရန်ကုန် ကားလမ်းမကြီး ဖောက်လုပ်ပြီးစီး ပြီး ဖြစ်ပါတယ်။ လမ်းပန်း ဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာတာနဲ့အမျှ ခရီးသည် ၊ ကုန်စ ည်များကို ရေလမ်းခရီး အသုံးမပြုဘဲနဲ့ ကုန်းလမ်းခရီးနဲ့ သွားတာတွေ့ ရပါတယ်။ ဒါကြောင့်မို့ လို့ ကျွန်တော်တို့ ခုန စစ်တွေ-မင်းပြား ခရီးစဉ်ကိုလည်း ခရီးစဉ်အခေါက်တိုင်း ကျွန်တော်တို့ရှုံးနေပါတယ်။ ကျွန်တော်တို့ သင်္ဘောကြီးတွေကကြီးတော့ အခေါက်တိုင်း ကျွန်တော်တို့ ရှုံးပါတယ်။ စီးပွားရေး တွက်ခြေ မကိုက်တဲ့အတွက်ကြောင့်မို့ စစ်တွေ -မင်းပြား ခရီးလမ်းကိုလည်း ကျွန်တော်တို့ ၂၀၀၅ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ကစပြီး ထပ်မံပိတ်သိမ်းလိုက်ရပါတယ်။ ဒါကြောင့် ရခိုင်ပြည်နယ်မှာရှိတဲ့ ကိုယ်စားလှယ်တော်ကြီးများကို ကျွန်တော် ဒီမှာမေတ္တာရပ်ခံ ချင်တာကတော့ ကျွန်တော်တို့ ဝန်ကြီးဌာနပိုင်တဲ့ သင်္ဘောတွေက အကြီးကြီးတွေဖြစ်တော့ ကုန်ကျစရိတ်များပါတယ်။ နောက် အဲဒါကြောင့် ကျွန်တော်တို့ က ဒါစီးပွားရေးကို ကျွန် တော်တို့က တွက်ရပါတယ်။ ပုဂ္ဂလိက ကုန်သည်များကတော့ သင်္ဘောသေးသေးလေးနဲ့ သူတို့ပြေးနိုင်ပါတယ်။ခုန ကိုယ်စားလှယ်ကြီး မေးတဲ့ အမေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ လေးမြို့မြစ်မှာရှိ တဲ့ မင်းပြားမြို့ ရေတိုက်စားမှု ကာကွယ်ရေး မင်းပြားမြို့ကို ကျွန်တော်တို့ဒီနှစ်မှာ ရန် ပုံငွေ(၉၄.၈၇)သန်းပေ့ါ။ သိန်းပေါင်း (၉၄၈)သိန်းနဲ့ ကျွန်တော်တို့ ရန်ပုံငွေချထားပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး ခုနက မိုးရာသီကုန်လို့ရှိရင် မင်းပြားမြို့မြစ်ရေတိုက်စားမှုမှ ကာကွယ်ဖို့အတွက်ဇီုပ်ငန်းများ ဆောင်ရွက် မှာဖြစ်ပါတယ်။ သွားရောက်ကြည့်ရှုပြီးတော့ အကြံဉာဏ်များ ပေးနိုင် ပါတယ်။ နိဂုံးချုပ်အနေနဲ့ ကျွန်တော် တင်ပြချင်တာကတော့ ကျွန်တော်တို့ မြစ်ရေတိုက်စားမှု ရေလမ်းကြောင်း ထိန်းသိမ်း

ရေးကို ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ဒေသခံမှာရှိတဲ့ အခြေအနေကိုလည်း ကျွန်တော်တို့က သုံးသပ်ရပါတယ်။ ကျွန်တော်တို့ရှာနိုင်တဲ့ငွေကိုလည်း သုံးသပ်ရပါတယ်။ ဒီဒေသက သဘော်လိုင်းတွေ ပြေးဆွဲခြင်းအားဖြင့် ဘယ်လောက်ပိုက်ဆံရနိုင်တယ်ဆိုတာ ဒါတွေကို ကျွန်တော်တို့ တွက်ချက်ရပါတယ်။ တစ်နည်းအားဖြင့်ဆိုလို့ရှိရင် စီးပွားရေးတွက် ခြေကိုက်မှုလည်း တွက်ရပါတယ်။ ဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှုလည်း တွက်ရပါတယ်။ ဒီအကြောင်းခြင်းရာတွေကို ကျွန်တော်တို့ ချိန်ညှိ စဥ်းစားပြီးတော့မှ ဒီဟာတွေကို Budget Allotment ထားပြီးတော့ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်စားလှယ်တော်ကြီးတို့အနေနဲ့ရခိုင်နဲ့ပတ်သက်ပြီးတော့ ယခုကဲ့သို့ မေးခွန်းများ မေးမြန်းခြင်းအားဖြင့် ကျွန်တော်တို့ ဒီပေါ်မှာ ပိုပြီးတော့ အာရုံစိုက်ပြီးတော့ ဖြစ်နိုင် သ၍ ဝန်ကြီးဌာနအနေနဲ့ အစွမ်းကုန်ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြရင်းနဲ့ နိဂုံးချုပ် အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**MRTV ရုပ်သံလိုင်းကို ပလက်ဝတစ်မြို့နယ်လုံး ကြည့်ရှုနိုင်အောင် အဆင့်မြှင့်တင်ပေးရန် အစီအစဥ် ရှိ/မရှိနှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၃၇။**

**ဥက္ကဋ္ဌ**။ ။ ယခုလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းမယ့် မေးခွန်းများဟာ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး တစ်ဦးတည်း က ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းများကို တ စ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ချင်း ပြည်နယ် မဲဆန္ဒနယ် အမှတ် (၁၁)မှ ဦး ဇော့ယိန်း က MRTV ရုပ်သံလိုင်းကို ပလက် ဝတစ်မြို့နယ်လုံးကြည့်ရှု နိုင်အောင်အဆင့်မြှင့်တင်ပေးရန် အစီအစဥ်ရှိ / မရှိနဲ့ စပ်လျဥ်းတဲ့မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၇။**

**ဦးဇော့ယိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် တောင်ပိုင်း ပလက် ဝမြို့နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်

ဦးဌေ့ယိန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ ကျွန်တော့်အနေနဲ့ ပလက်ဝမြို့နယ်ရဲ့ မြန်မာ့ရုပ်မြင်သံကြား(MRTV)ရုပ်သံလိုင်းကို ပလက် ဝတစ်မြို့နယ်လုံး ကြည့်ရှုနိုင်အောင် အဆင့်မြှင့်တင်ပေးရန်အစီအစဉ် ရှိ /မရှိနဲ့ စပ်လျဉ်း တဲ့မေးခွန်း မေးမြန်းမှာဖြစ်ပါတယ်။ မေးခွန်းကို ဖတ်ကြားခွင့်ပြုပါခင်ဗျား။ ယခု ကျွန်တော်တို့ မြို့နယ်မှာ မြို့ ပေါ်နေပြည်သူများနဲ့ မြို့နဲ့ (၅)မိုင်ပတ်လည်မှာနေတဲ့ ပြည်သူတွေကြည့်ရှုရဖို့ အတွက် မြို့ရဲ့အနောက်ဘက် (၁)ဖာလုံခန့်အကွာတောင်ကုန်းပေါ်မှာ TV ထပ်ဆင့်လွှင့် တာဝါတိုင်ပြုလုပ်ထားရှိပါတယ်။ ဒါပေမယ့် အဲဒီတာ ဝါမျှော်စင်ဟာ ဝန်ထမ်းတွေ မကျွမ်းကျင် လို့လား။ စက်ပဲမကောင်းလို့လား။ (၅)မိုင်ပတ်လည်မပြောနဲ့ မြို့ပေါ်ရှိ TV တွေ၊ TV စက်တွေ ယခု မရတစ်လှည့်၊ ရတစ်လှည့်ဖြစ်နေကြောင်း သိရှိရပါတယ်။ ဒါကြောင့် ယခုကျင်းပနေတဲ့ လွှတ်တော်အစည်းအ ဝေး သတင်းကို တစ်ပြည်လုံးမျက်ခြေမပြတ် စိတ် ဝင်တစားကြည့်ရှုနေချိန်မှာ ပလက် ဝမြို့နယ်ရဲ့ (၉၅)ရာခိုင်နှုန်းခန့်သော ပြည်သူများကြည့်လို့မရကြပါဘူးခင်ဗျား။ ရေဒီယိုသတင်းကလွဲလို့ ဘာသတင်း အချက်အလက် အဆက်အသွယ်မှ မရရှိကြပါဘူး။ မြို့နယ်တွင်း ကျေးရွာတိုင်းကျေးရွာတိုင်းမှာ နေထိုင်ကြတဲ့ တချို့ပုဂ္ဂိုလ်များဟာ TV၊ ဗွီဒီယို ပြစက်တွေ ဝယ်ယူနိုင်ကြပါတယ်။ ဒါပေမယ့် MRTV လိုင်းကို ဖမ်းယူလို့၊ ကြည့်ရှုလို့မရပါဘူး။ နောက်ပြီး တစ်ဆက်တည်းမှာပဲ ယခုကျွန်တော်တို့ ပလက် ဝမြို့မှာ ပြည်တွင်းပြည်ပ ဆက်သွယ်လို့ရတဲ့ IP Star ကြိုးဖုန်းများ ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခုဟာ ပြန်ကြားရေး ဝန်ကြီးဌာနက ဖြေမှာပဲဖြစ်ပါတယ်။ ဆက်သွယ်ရေးနဲ့မဆိုင်ပါဘူး။ ပြန်ကြားရေးနဲ့ဆိုင်တဲ့မေးခွန်းပဲ မေးဖို့ဖြစ်ပါတယ်။

**ဦးဌေ့ယိန်း၊ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ သို့ပါ၍မြို့န ယ်ကိုယ်စား မေးမြန်းလိုသည်မှာ MRTV လိုင်းကို ပလက် ဝမြို့တစ်မြို့နယ်လုံးကြည့်ရှုနိုင်အောင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ /မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် အကောင်အထည်ဖော် စီစဉ်ဆောင်ရွက်ပေးပါမည်ကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နေထိုင်လျက်ရှိသော တိုင်း ရင်းသားများ ဆင်းရဲနွမ်းပါး မှုလျော့ချရေးအတွက် စီမံချက်ချဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဥ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကို က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း နေထိုင်လျက်ရှိသော တိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှု လျော့ချရေးအတွက်စီမံချက်ချ ဆောင်ရွက်ပေး ရန် အစီအစဉ်ရှိ /မရှိ မေးခွန်း နဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်း တို့နဲ့စပ်လျဥ်း၍ မေးမြန်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဦးမြတ်ကို၊စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စု ဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ မင်္ဂလာပါ လို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ရဲ့ မေးခွန်းတွေကို ဖတ်ကြားတင်ပြခွင့်ပြုပါခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဦးမြတ်ကို၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်အဆက်ဆက်က ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်နေခဲ့တဲ့ ကျွန်တော်တို့ နာဂဒေသကို ၁၉၈၈ ခုနှစ် နောက်ပိုင်း တပ်မတော်အစိုးရလက်ထက် နို င်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ လက်ထက်မှာ ကျွန်တော်တို့ ဒေသများစွာ တိုးတက် ပြောင်းလဲလာတာကို တွေ့ရှိရပါတယ်။ နာဂ အားလုံးကလည်း သဘောပေါက်နားလည်ပါတယ်ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းမှာ နာဂဒေသဖြစ်တဲ့ လေရှီး၊ လဟယ်နဲ့ နန်းယွန်းမြို့များ ကိုစုစည်းပြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသအဖြစ် နိုင်ငံတော်က သတ်မှတ်ပေးခဲ့တာကိုလည်း ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ဦးစီးကျင်းပပေးပြီးတော့မှ ပညာရေးကဏ္ဍ၊ ကျန်းမာရေး ကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ စတာတွေအားလုံးကို တိုးတက် အောင် လုပ်ပေးခဲ့တာ

ကိုလည်း မျက် ဝါးထင်ထင် တွေ့မြင်ခဲ့ရပါတယ်။ ကျွန်တော်တို့ နာဂတိုင်းရင်းသား များအနေနဲ့ နိုင်ငံတော်ရဲ့ ကျေး ဇူးသစ္စာကိုသိသောအားဖြင့် နိုင်ငံ တော်ရဲ့ အလံ တစ်ခုတည်းအောက်မှာ အခြားတိုင်းရင်းသားတွေနဲ့အတူ ရင်းနှီးနွေးထွေးစွာ၊ ငြိမ်းချမ်းစွာ အတူလက်တွဲပြီး နေထိုင်မယ့် အကြောင်းကိုလည်း ကျွန်တော်တို့ ပြောလိုပါတယ်။ ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်း ပုံ အခြေခံဥပဒေ အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွ တ်ဆန္ဒခံယူပွဲမှာ ကျွန်တော်တို့ နာဂဒေသ (၃)မြို့နယ်ဟာ (၉၈.၇)ရာခိုင်နှုန်းဖြင့် မဲအများဆုံး လာရောက်ပေးပြီးတော့မှ သက်သေပြ ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော်တို့ဒေသရဲ့ အခြေအနေတွေကို အနည်းငယ်တင်ပြလိုပါတယ်။ ရှေးဘိုးဘွားအစဉ်အဆက် လုပ်ကိုင်ခဲ့တဲ့ ကျွန်တော်တို့ ရွှေ့ပြောင်း တောင်ယာစနစ်ဟာ အခုအချိန်ထိ မိရိုးဖလာ လုပ်ကိုင်နေဆဲပဲ ရှိပါသေးတယ်။ တောင်ယာစပါး စိုက်ပျိုးဖြစ်ထွန်းတဲ့ နေရာတွေမှာ စပါးစိုက်ပျိုးပြီး စပါးစိုက်လို့မရတဲ့နေရာမှာ ပြောင်း၊ လူးတို့ ၊ ဆပ်တို့ စတဲ့သီးနှံတွေကိုစိုက်ပျိုးပြီး ဘ ဝပြဿနာတွေကို ဖြေရှင်းနေရပါတယ်။ လမ်းပန်း ဆက်သွယ်ရေးက ခက်ခဲတဲ့အတွက် မျက်စိအမှောင် ၊ နားအကန်းဘဝနဲ့ နေထိုင်ခဲ့ရပါ တယ်။ ဘယ်အစိုးရတက်တာမှကိုလည်း မသိနားမလည်၊ ဘာဥပဒေကိုမှလည်း ရှင်းရှင်းလင်းလင်း မသိမြင်ကြပါဘူး။ ဘိုးဘွားစဉ်ဆက်တောင်ယာခုတ်၊ တောင်ယာစိုက်၊ ဘိန်းစိုက်၊ ဘိန်း စား အခြေအနေတွေနဲ့ပဲ ကုန်ဆုံးခဲ့ရပါတယ်။ ဒီကနေ့ရောက် ရှိနေတဲ့ ဒီမိုကရေစီ ခေတ်ဆိုတာ ကိုလည်း ကျွန်တော်တို့ဒေသက မ သိရှိပါဘူး။ ဒေသမှာ အထမ်း (Porter)တွေကို အခုချိန်ထိ ထမ်းနေရတုန်းပဲ ဖြစ်ပါတယ်။ စနစ်ဟောင်းမှစနစ်သစ်ကို ညင်သာစွာကူးပြောင်း သွားပြီဆိုတာကို ကျွန်တော်တို့ နာဂဒေသမပါဘူးလားလို့ ဝမ်းနည်းစွာ ခံစားရပါတယ်။ ယခုခေတ်မှာ (Porter) အထမ်းစနစ်ဟာ မရှိသင့်တော့ဘူးလို့ ကျွန်တော်ယူဆပါတယ်။ လေးစားအပ် ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နာဂတိုင်းရင်းသားများရဲ့ဘဝ ဆင်းရဲနွမ်းပါးမှုလျှော့ချဖို့ ဆိုတာ၊ စီးပွားရေး အဆင်ပြေဖို့ဆိုတာ၊ လူနေမှုမြင့်ဖို့ဆိုတာ စတဲ့ အချက်တွေဟာ နောက်ဆုံး အခြေခံလျှင် လမ်းပန်းဆက်သွယ်မှုအပေါ် အခြေခံနေပါတယ်။ နာဂဒေသအတွင်း လမ်းပန်း ဆက်သွယ်မှုမကောင်းဘဲနဲ့ ဘယ်လိုအဆင်ပြေမှုမျိုးမှ မရနိုင်ပါဘူး။ လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ရင် ကူးလူးဆက်ဆံမှုတွေ နည်းပြီးတော့မှ မျက်စိအမြင်၊ နားအမြင်၊ အသိဉာဏ် အမြင်တွေ ပိတ်နေမှာပဲဖြစ်ပါတယ်။ လမ်းပန်း ဆက်သွယ်ရေးကောင်းမှ အသိဉာဏ်တွေ ပွင့်မယ်။

နားတွေပွင့်မယ်။ အဲဒီလို ပွင့်လာမှ ကျွန်တော်တို့ ဒေသရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကို ထပ်ပြီးတော့မှ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်တယ်။ လမ်းမကောင်းဘဲနဲ့ ပြည်သူတွေဘဝ အထမ်း လွတ်နိုင်မှာမဟုတ်ပါဘူး။ နိုင်ငံ့ဝန်ထမ်းတွေလည်း အလွယ်တကူနဲ့ ကျွန်တော်တို့ ကျရာဒေသကို မသွားနိုင်ပါဘူး။ မသွားနိုင်တဲ့အတွက် ကျွန်တော်တို့မှာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစရှိတဲ့ဗဟုသုတတွေကို ကျွန် တော်တို့ လွယ်လွယ်ကူကူ ရနို င်မှာမဟုတ်ပါဘူး။ ပညာ ရေး၊ ကျန်းမာရေး၊ ဗဟုသုတတွေရှိလာ မှ ရွှေ့ပြောင်း တောင်ယာ စိုက်ပျိုးတဲ့စနစ် ကနေ အဲဒီရဲ့ ရွှေ့ပြောင်းတောင်ယာရဲ့ ဆိုးကျိုးတွေဖြစ်တဲ့ တောပြုန်းတာတွေ၊ မြေဆီလွှာခမ်းတာတွေ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးတာတွေကို သိရှိနိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က အဲဒီ လို သိရှိပြီး ဗဟု သုတတွေတိုးပွားပြီးတော့မှ လျှောကားထ စ်လယ်ယာကို ကျွန်တော်တို့ လုပ်ပြီးတော့မှ နှစ်ရှည်သီးနှံ၊ နှစ်တိုသီးနှံစိုက်ပျိုးရမှန်း သိလာမှာဖြစ်ပါတယ်။ ထို့အတူပဲ စိုက်ပျိုးရေး၊ မွေးမြူရေး အသိပညာတွေလည်း ရလာမှာဖြစ်ပါတယ်။ ဘိန်းစိုက်တာ တို့ ဘိန်းစားတာတို့ကို လည်း ဥပဒေနဲ့ မညီညွတ်ကြောင်းကို ကျွန်တော်တို့သိမြင်လာမှာ ဖြစ်ပါ တယ်။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁)၊ နိုင်ငံတော်အခြေခံ မူများ ပုဒ်မ ၂၂(ဂ)တွင် နိုင်ငံတော်သည် တိုးတက်မှုနည်းပါးသေးသည့် တိုင်းရင်းသား များ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီ ဆောင်ရွက်မည်ဟု ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ယနေ့ နိုင်ငံတော် ကလည်း ဆင်းရဲနွမ်းပါးမှုလျှော့ချ ရေးကို အ ကောင်အထည်ဖော် အရှိန်အဟုန်မြင့် ဆောင်ရွက် နေကြောင်း ကျွန်တော်တို့ တွေ့ ရှိရပါတယ်။ ဒါကြောင့် နာဂပြည်သူများရဲ့ကိုယ်စား နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း နေထိုင်လျက်ရှိသော တိုင်းရင်းသားများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အတွက် စီမံချက်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ ဒုတိယမေးခွန်းဖြစ်တဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့် ရ ဒေသအတွင်းရှိ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်လို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို ဆောက်လု ပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးလည်း ဖြေရှင်း သွားခဲ့ပါတယ်။ နောက်ပြီး ပြည်သူ့လွှတ်တော်မှာ ကျွန်တော်တို့ မေးမြန်းဖြေကြား ပြီး သိရှိ

မှတ်သားရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ ဒုတိယမေးခွန်းဖြစ်တဲ့ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ရုပ်သိမ်းပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၅၀။**

**ဦးကျော်ဆန်း(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့် အနေနဲ့ ချင်းပြည်နယ် မဲဆန္ဒနယ် (၁၁) ဦးဌေ့ယိန်း ရဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူတစ်ယော က် ဖွံ့ဖြိုးတိုးတက်ဖို့ပဲ ဖြစ်စေ၊ မိသားစုတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ ပဲဖြစ်စေ၊ ဒေသတစ်ခုနှင့် နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ပဲ ဖြစ်စေ ဒီနေ့ခေတ်အခါမှာ ပညာ၊ နည်းပညာ အရေးကြီးပါတယ်။ အလားတူပါပဲ အသိပညာ ဗဟုသုတ၊ လူ့အရင်းအမြစ်ဖွံ့ဖြိုးဆိုးတက်ရေးကလည်း အရေးကြီးပါတယ်။ ဒီအသိပညာဗဟုသုတ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွေဟာ အဓိကဘယ်ကရနိုင်သလဲလို့မေးရင် ကျောင်းပညာရေးလည်းရပါတယ်။ အလားတူပါပဲ ထုတ်ဝေနေတဲ့ Printed Media လို့ပြောတဲ့ စာအုပ်၊ စာစောင်များ ဖတ်ရှု လေ့လာခြင်းကလည်း ရပါတယ်။ ရေဒီယို၊ ရုပ်မြင်သံကြားစတဲ့ ဒီလို Media များကို ဖမ်းယူ ကြည့်ရှုနားဆင်ခြင်းအားဖြင့်လည်း ရပါတ ယ်။ အခု ဦးဌေ့ယိန်း က မိမိရဲ့ဒေသ ၊ပြည်သူတွေရဲ့ လူ့အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေနိုင်ဖို့အတွက် ရုပ်မြင်သံကြား ပိုမိုကောင်းမွ န်အောင် ဖမ်းယူရရှိနိုင်ရေးနှင့်ပတ်သက်ပြီး မေးမြန်းသွားတာ ဖြစ်တဲ့အတွက် ဦး ဌေ့ယိန်း ရဲ့ စေတနာကို နားလည်သဘောပေါက်ပါတယ်။ အဲဒီတော့ ဒီနေရာမှာ ဦးဌေ့ယိန်းရဲ့ မေးခွန်းနဲ့လက်ရှိအခြေအနေကို ဦးစွာနည်းနည်းရှင်းပြလိုပါတယ်။ ပထမမေးမြန်းတဲ့ ဦးဌေ့ယိန်းရဲ့ မေးခွန်းမှာ ပလက်ဝမြို့နယ် အတွင်းမှာရှိနေတဲ့ ပြည်သူ(၉၈)ရာခိုင်နှုန်းက ရုပ်မြင်သံကြားကို ဖမ်းလို့မရဘူးလို့ ဒီလိုမေးမြန်းတာ ကျွန်တော့်ဆီ ရောက်တဲ့စာရွက်မှာ ပါပါတယ်။ အခုဒီနေ့ နားထောင်ကြည် ့လိုက်တော့

(၉၅)ရာခိုင်နှုန်းက ဖမ်းယူကြည့်ရှုလို့ မရဘူးလို့ တွေ့ရပါတယ်။ အဲတော့ ကျွန်တော့်ဆီ ရောက်တုန်းက (၉၈)ရာခိုင်နှုန်း ဖမ်းယူကြည့်ရှုလို့ မရဘူးပြောတဲ့အ တွက် ကျွန်တော်လည်းပဲ ကျွန်တော့်အောက်က တာဝန်ရှိတဲ့သူတွေကို ချက်ချင်းစစ်ဆေးကြည့်ခိုင်းပါတယ်။ စစ်ဆေးကြည့်ခိုင်း လိုက်တဲ့အခါမှာ အဲဒီတော့ ဦးဌေးယိန်းရဲ့ မူလ (၉၈)ရာခိုင်နှုန်းကို ပြောရင်တော့ ပလက်ဝမြို့နယ် မှာရှိတဲ့ လူဦးရေပေါင်းက (၈၅၈၉၃)ဦးဖြစ်ပါတယ်။ (၉၈)ရာခိုင်နှုန်းက ဖမ်းယူမရဘူးလို့ဆိုတော့ (၂)ရာခိုင်နှုန်းပဲ ရပါတယ်။ (၂)ရာခိုင်နှုန်းပဲရတော့ တွက်ကြည့် လိုက်တော့ လူ (၁၇၀၀)ကျော် လေးပဲ ဖမ်းယူ ကြည့်ရှုလို့ရတဲ့ သဘောလောက် ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါနဲ့ ပလက်ဝမြို့ကို လူဦးရေဘယ်လောက်လဲလို့ စစ်လိုက်တော့ ပ လက်ဝမြို့ရဲ့ လူဦးရေစုစုပေါင်းဟာ (၆၀၀၀)နီးပါးရှိပါတယ်။ ဒါ့ကြောင့် တကယ့်အမှန်က ဘယ်လိုလဲဆိုတာ သေချာ (Survey) လုပ်ခိုင်း ကြည့်တဲ့ အခါမှာတော့ ကျွန်တော်တို့က နေ့အခါမှာ ပလက်ဝမြို့မှာ ထုတ်လွှင့်နေတဲ့ ရုပ်မြင်သံကြား ဖမ်းစက်ကနေပြီးတော့မှ ပလက်ဝမြို့ပေါ်က ရပ်ကွက် (၃)ခု၊ ကျေးရွာ(၇)ခု ကနေပြီးတော့ လူဦးရေ (၈၀၀၀)လောက်ကတော့ ဖမ်းယူရရှိတဲ့ အခြေအနေ ရှိပါတယ်ဆိုတာကို မေးခွန်းနဲ့ ပတ်သက်ပြီး အခြေအနေမှန်ကို ရှင်းပြလိုပါတယ်။ ဆက်ပြီးတဲ့အခါမှာ ဦးဌေးယိန်း ရဲ့ မေးခွန်းကို ကျွန်တော် ဆက်ပြီးတော့ ဖြေပါ့မယ်။ ပထမဦးစွာ ဆောင်ရွက်ထားမှုအခြေအနေကို ကျွန်တော် ပြောပါမယ်။ ပလက်ဝမြို့နယ်မှာ ရုပ်မြင်သံကြားဖမ်း ယူရရှိစေဖို့အတွက် ၁၉၉၈ ခုနှစ် ကတည်း ကစပြီးတော့ ထပ်ဆင့်လွှင့်စက်ရုံ တည်ဆောက်ပြီးတော့ ထုတ်လွှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ စက်ရုံတည်ထားတာကတော့ အနည်းငယ်မြင့်တဲ့ မြို့ ရဲ့အနောက်ဘက်က ပေ (၄၀၀) ကျော်လောက်မြင့်တဲ့တောင်ကုန်းပေါ်မှာ တည်ထားပါတယ်။ စက်ရဲ့လွှင့်အားက (၅၀)ဝပ်ဖြစ်ပါတယ်။ သူရဲ့တာဝါကတော့မီတာ(၃၀)၊ တစ်နည်းအားဖြင့်ပြောရရင် ပေ (၁၀၀)တာဝါနှင့် တပ်ဆင်ထား ပါတယ်။ အဲဒီတော့ ပေ (၁၀၀)တာဝါနဲ့ လွှင့်အား(၅၀)ဝပ်ဆိုတာ နည်းပညာအရ သူတွဲဖက်ရမယ့် အမြင့်နဲ့ စက်ပဲ ဖြစ်ပါတယ်။ နောက် တစ်ခါ ပလက်ဝမှာ ဘာကြောင့် (၅၀)ဝပ်အားကို တပ်ရ တာ လည်းလို့မေးရင် ကျွန်တော်တို့ တပ်ဆင်လွှင့်စက်တွေမှာ သုံးနေတဲ့ စနစ်မှာ ကန့်သတ်ချက် ရှိပါတယ်။ အဲဒီ ကန့်သတ်ချက်က ဘာလဲဆိုရင် စက်ကလွှင့်လိုက်တဲ့အခါမှာ သူဖမ်းယူရရှိနိုင် တဲ့ဒေသရဲ့ကြားမှာ မြင့်မားတဲ့ တောင်ကုန်းတွေ ခံနေရင် အရိပ်ကျဧရိယာဆိုပြီးတော့ ကျွ န်တော်တို့ ရှိပါတယ်။ အဲဒီလို အရိပ် ကျဧရိယာ (Shadow Area) အဲဒီဧရိယာ တွေမှာကတော့ ဖမ်းယူလို့ မရနိုင်ပါဘူး။ ဒါကြောင့် အဲဒီလို မြေအခြေအနေအရ ပလက်ဝမြို့နယ်မှာတော့ (၅၀)ဝပ်လောက်

ဟာဒါဟာအသင့်ဆုံး၊ အကျိုးအရှိဆုံးပဲလို့ နည်းပညာအရ တွက်ချက်ရရှိတဲ့အတွက် (၅၀)ဝပ် အားကို တပ် ခဲ့တာဖြစ်ပါတယ်။ ဒါဖြင့်ရင် ပလက်ဝ တစ်မြို့နယ်တည်း ရွေးပြီးတော့ လုပ်တာလား လို့မေးရင်မဟုတ်ပါဘူး။ မြန်မာနိုင်ငံမှာ မြို့နယ်ပေါင်း (၃၃၀)ရှိပါတယ်။ အဲဒီမြို့နယ်တွေမှာ လည်းပဲ သူ့ရဲ့တောတောင် ရေမြေအခြေအနေအရ အကျိုး အရှိဆုံးသော လျှပ်စစ်အားစက်ကို နည်းပညာအရ ဆုံးဖြတ်ပြီးမှ တပ်ရတာဖြစ်ပါတယ်။ ဒါ့ကြောင့် တချို့နေရာတွေမှာ (၁၀)ဝပ်၊ စက်ရုံပေါင်း(၃၈)ရုံရှိတယ်။ တချို့နေရာမှာ (၂၀)ဝပ် စက်ရုံ တွေရှိတယ်။ တချို့နေရာမှာ (၅၀)ဝပ် စက်ရုံတွေရှိတယ်။ (၆၈)ရုံစသည်ဖြင့် ဒီလို နည်းပညာတွေပေါ်မှာ မူတည် ဆောင်ရွက်ရတာ ဖြစ်ပါတယ်လို့ ပြောလိုပါတယ်။ အဲဒီအပေါ် အဲဒီအခြေအနေအရ ကျွန်တော်တို့ ပလက်ဝမြို့မှာ (၅၀)ဝပ်စက်ကိုတပ်ဆင်ပြီး ထုတ်လွှင့်ပေး ခဲ့တာ ဖြစ်ပါတယ်။ (၅၀)ဝပ်စက်ရဲ့ လွှင့်အားဟာ အချင်းဝက်(၅)မိုင်ပတ်လည်ကို (Cover)ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီစက်ကို တည်ဆောက်ခဲ့ တာက ၁၉၉၈ ခုနှစ် တည်းကဆို တော့ အခု (၁၃)နှစ်လောက်ရှိပါပြီ။ ကျွ န်တော်တို့ စက် တွေရဲ့ သဘောသဘာဝဟာ ကျွန်တော်တို့(Survey)လုပ်ထားတဲ့မှတ်တမ်းအရ (၁၀)ကျော် လာရင်တော့ ရာခိုင်နှုန်း(၂၀)လောက် လွှ င့်အားလျော့သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် (၅)မိုင်ပတ်လည်ကို ထိရောက်တယ်ဆိုရင် (၁၀)နှစ်ကြာပြီ ဖြစ်တဲ့အတွက် (၅)မိုင်အချင်းဝက် အထိရောက်တယ်ဆိုရင် (၁၀)နှစ်ကြာပြီး ဖြစ်တဲ့အတွက် (၂၀)ရာခိုင်နှုန်းလျော့သွားတဲ့အတွက်ကြောင့်မို့လို့ ဒီနေ့အခါ မှာတော့ (၄)မိုင်ပတ်လည် လောက်ပဲရတယ်ဆိုတဲ့ အနေအထားလောက်ရှိတယ်ဆိုတာ ပြောနိုင် ပါတယ်။ နောက်အားနည်းချက်တစ်ခုကတော့ စောစောကပြောခဲ့တဲ့ လွှင့်အားက ဘယ်လောက်ပဲ ရှိနေရှိနေ ဖမ်းယူမယ့်နေရာသည် လွှင့်စက်နှင့် ကြားမှာ Shadow Area တောင်အမြင့်ကြီးတွေ ခံနေရင်တော့ အဲဒီနေရာဟာ ဒီနည်းပညာအရ ဖမ်းလို့ မရနိုင်ဘူးဆိုတာ ဒီအခြေအနေကို ရှင်းပြလိုပါတယ်။ ဒါဖြင့်ရင် ကျွန်တော်တို့ ဘယ်လိုဆောင်ရွက် ပေးမှာလဲ၊ ဘယ်လိုအခြေအနေ လဲဆိုတာ ပြောလိုပါတယ်။ ကိုယ်စား လှယ်ကြီးကတော့ ပလက်ဝမြို့နယ်မှာ ရုပ်မြင်သံကြား ဖမ်းယူရရှိဖို့ ဒီလို အခက်အခဲရှိနေတဲ့အတွက် လွှင့်အား မြှင့်တင်ပေးဖို့ အစီအစဉ် ရှိ /မရှိ မေးတာဖြစ်ပါတယ်။ စောစောက ကျွန်တော်ရှင်းလင်းပြသလိုပါပဲ။ ပလက်ဝမြို့နယ်မှာ လွှင့်အား ထပ်ပြီးမြှင့်တင်ပေးရင်လည်းပဲ ပလက်ဝမြို့နယ်အတွင်းမှာရှိနေတဲ့ ကျေးရွာအများစုဟာ အနောက် ရိုးမရဲ့ တောင်ကုန်းတောင်စွယ် ၊ လျှိုမြောင်တွေကြားထဲမှာ ရှိနေတာဖြစ်တဲ့အတွက် အများစုက (Shadow Area)အတွင်းမှာပဲ ကျရောက်နေ ကြတာ ဖြစ်ပါတယ် ။ ဒါ့ကြောင့် လွှင့်အားမြှင့်တဲ့

စက်ကို ထပ်ပြီးတော့တပ်ပေးလည်းပဲ များများစားစား ဒါအကျိုးရှိနိုင်မယ့် အနေအထား မရှိနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဆောင်ရွက်ပေး မှာကတော့ အခု လွှင့်အားကျနေတဲ့ (၅၀)ဝပ်စက်ကို (၅၀)ဝပ်စက် အသစ်နဲ့ အမြန်ဆုံးလဲလှယ်ပြီးတော့ ကျွန်တော် တပ်ဆင်ပေးပါမယ်။ အမြန်ဆုံးဆိုတဲ့ အခါမှာ ဒါကျွန်တော် နိုဝင်ဘာလမှာပြီးအောင် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်လို့ ဒါလေးကို ဖြေကြားလို ပါတယ်။ အဲဒီလို စက်အသစ်တပ်ဆင်ပေး လိုက်ရင်တော့ ကျွန်တော်တို့ အချင်းဝက် (၅)မိုင် ပတ်လည်မှာရှိနေတဲ့ ပလက်ဝမြို့နယ်သူမြို့နယ်သားများကတော့ အလွယ်တကူ ကောင်းကောင်းမွန်မွန် ဖမ်းယူရရှိမှာဖြစ်ပါတယ်။ သို့သော် အချင်းဝက် (၅)မိုင် အတွင်းမှာ ရှိနေပေမယ့် သူနဲ့ရွာကိုက Shadow Area အတွင်း ရောက်နေရင်တော့ အဲဒီ နယ်မြေ အဲဒီ ကျေးရွာကတော့ ဖမ်းယူနိုင်မှာ မဟုတ်ဘူးဆိုတာကို ကျွန်တော်တို့ ကြိုတင်ပြီးတော့ ပြောလိုပါတယ်။ ဒါ ဖြင့်ရင် ကျန်တဲ့ ရွာတွေအတွက်က ဘာအစီ အစဉ်မှ မရှိတော့ဘူး လားလို့ မေးစရာရှိပါတယ်။ အစီအစဉ်ရှိပြီးသား ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ တပ်ဆင်ထားပြီး သားလည်း ဖြစ်ပါတယ်။ အဲဒါက ဘာလဲဆိုရင် ကျွ န်တော်တို့ မြန်မာနိုင်ငံအနှံ့ တောတောင် လျှိုမြောင်ထဲမှာ ရှိနေကြတဲ့ ကျေးရွာ တွေ၊ ဒေသတွေ ပလက်ဝမြို့နယ် အပါအဝင် မည်သည့်ဒေသကမ ဆို အလွယ်တကူ ဖမ်းယူရရှိနိုင်တဲ့ နည်းဖြစ်တဲ့ (DTH)စနစ်ကို မြန်မာနိုင်ငံမှာ ထုတ်လွှင့်ပေးနေပြီ ဖြစ်ပါတယ်။ (DTH)စနစ်က (Direct to Home)ဖြစ်ပါတယ်။ ဂြိုဟ် တုကနေတစ် ဆင့် ထုတ်လွှင့်တာဖြစ်ပါတယ်။ ဒါကြောင့် အဲဒီစနစ်ကို ပလက် ဝမြို့နယ်သူ၊ မြို့နယ်သားများက ဖမ်းယူကြမယ်ဆိုရင် မည်သည့်နေရာ မည်သည့်ဒေသ မှာရှိ နေတဲ့ ပြည်သူများမဆို ရုပ်မြင်သံကြားကို ဖမ်းယူကြည့်ရှုနိုင်ကြမှာ ဖြစ်တယ်လို့ ပြောလိုပါတယ်။ ဒါကြောင့် ကနေ့ နိုင်ငံတော်မှာ ကျင့်သုံးနေတဲ့ ရုပ်မြင်သံကြားထုတ်လုပ်မှုစနစ်ဟာ(၂)ခု ဖြစ်ပါတယ်။ (၁)ခုက ထ ပ်ဆင်လွှင့်စက်များနှင့် ထုတ်လွှင့်တဲ့စနစ် တ စ်နည်းအားဖြင့်ပြောရင် မြေပြင်လှိုင်း စနစ်လို့ ခေါ်ပါတယ်။ အဲဒါဟာ ပလက်ဝမြို့ မှာ ယနေ့တပ်ဆင်ပေးထားတဲ့ စက်ဖြစ် ပါတယ်။ နောက်တစ်ခုကတော့ (Digital)စနစ်ဖြစ်တဲ့ (DTH)စနစ်၊ ဂြိုဟ်တုကနေတဆင့် လွှင့်ပေးတဲ့စနစ်ဖြစ်ပါတယ်။ ဒါကြောင့် ဒီစနစ်ကို ကျင့်သုံးထားပြီးဖြစ်တဲ့အတွက် စနစ်တစ် ခုခုနဲ့ ဖမ်းယူမယ်ဆိုရင် မည်သည့်နေရာ မည်သည့်ဒေသမဆို ဖမ်းယူရရှိနိုင်ပါတယ်ဆိုတာကို ရှင်း ပြလိုပါတယ်။ ဒါကြောင့် ပလက် ဝ မြို့နယ်မှာ လွှင့်အားမြင့်တဲ့ စက်ကြီးတစ်ခု ထပ်တပ် မပေးသည့်တိုင် ပေးရင်လည်းပဲ အကျိုးက လက်ရှိထပ်ဆင့်လွှင့် စနစ် နည်းပညာရဲ့ သဘောအရ ထပ်မြှင့်လို့လည်း အကျိုးမရှိပါဘူး။ ထပ်ပြီးတော့ တပ်ဆင်ပေးသည့် တိုင် သူကများများ အကျိုး မရပါဘူး။ သို့သော်

အဲဒီစက် မတပ်ပေမယ့်လည်း DTH စနစ်ရှိနေပြီဖြစ်တဲ့အတွက် စက်လွှင့်အား မြှင့် စက်အသစ် ထပ်ပြီး တပ်ဆင်ပေးတာနဲ့မခြားပါဘူးလို့ ကျွန်တော် ရှင်းပြလိုပါတယ်။ အဲတော့ ဒီနေရာမှာ ကိုယ်စားလှယ်ကြီးကပြောတာက ကျေးရွာတိုင်း ကျေးရွာတိုင်းမှာ တီဗွီ၊ ဗွီ ဒီယိုစက်တွေ ဝယ်နိုင်ကြပါတယ်။ အဲဒါကြောင့်မို့လို့ DTH စနစ်ရဲ့ ဈေး နှုန်းကလည်း သိပ်မကြီးတာ ဖြစ်တဲ့အတွက် ဝယ်ယူတပ်ဆင်သွားမယ်ဆိုရင် ဒါဟာ အကုန်လုံး အဆင်ပြေသွားမယ့် အနေ အထားရှိတယ်လို့ ပြောလိုပါတယ်။ နောက်တစ်ခါ ကနေ့နိုင်ငံတော်အနေနဲ့လည်း ကျေးလက်ပြည်သူတွေရဲ့ ဖွံ့ဖြိုး တိုးတက်ရေးနဲ့ ဆင်းရဲမှုလျှော့ချရေးကို စီမံချက်ချမှတ်ပြီးတော့ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် ဦးစီးပြီးတော့ ကျွန်တော် ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ အဲဒီထဲမှာ ကျွန်တော်တာဝန်ယူ တဲ့ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍမှာလည်းပဲ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေ ဆောင်ရွက်ဖို့ ပါပါတယ်။ ဒါ့ ကြောင့် ကျွန်တော့်ဘက်က ဒီ ပလက်ဝမြို့နယ် ကိုယ်စားလှယ်ကြီး ဦးဌေးယိန်း ရဲ့ တင်ပြချက်အပေါ်မှာ နောက်ထပ်ပံ့ပိုးပေးမယ့်၊ ကူညီပေးမယ့် အစီအစဉ်ကတော့ ကျွန်တော်တို့ DTH စက် မြို့နယ်အတွက် (၁၀)လုံးပေးပါမယ်။ ဒါကျွန်တော်တို့ Provide လုပ်တာဖြစ်ပါတယ်။ အလကားပေးမှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီအလကား ပေးမယ့်(၁၀)လုံးဟာ ဘယ်လိုနည်းစနစ်နဲ့ သွားရမှာ လဲဆိုရင်တော့ စနစ်တကျနဲ့ သွားရမှာပါ။ အဲဒါဘာလဲဆိုရင် ကျွန်တော်တို့ရဲ့ ကျေး လက်ပြည်သူတွေရဲ့ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေနဲ့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေနဲ့ ဆက်သွယ်ဆောင်ရွက် နေပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေမှာလည်းပဲ ကျေးလက်လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တွေ ဖွဲ့ပြီးဖြစ်ပါတယ်။ အဲဒီအဖွဲ့တွေက ကျေးရွာတိုင်းကို ကွင်းဆင်းပြီးတော့ ပညာရေးအရ ဘာတွေကို ပံ့ပိုးဆော င်ရွက်ဖို့လိုနေသလဲ။ ကျန်းမာရေး အရ ဘာတွေကို ဆောင်ရွက်ပေးဖို့ လိုနေသလဲ။ ကျွန်တော်ရဲ့ လုပ်ငန်းမှာ ပါတာတွေက နောက်တစ်ခါ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ရာ ဘာတွေကိုလုပ်ပေးဖို့လိုသလဲ။ လမ်းပန်းဆက်သွယ်ရေး ဘာလုပ်ပေးမလဲ စသည်ဖြင့် ဒါတွေကို သူတို့အောက်ခြေကိုဆင်းပြီးတော့ အ ခြေအနေတွေကို လုပ်ဆောင်ပေးမယ့် လုပ်ငန်းတွေကိုရှာ နေတယ်။ ကြည့်နေပါတယ်။ ဒါကြောင့် အဲဒီအဖွဲ့နဲ့ ကျွန်တော်တို့နဲ့ညှိနိုင်းပါ။ ဘယ်ရွာကတော့ဖြင့် ဒါတပ်ဖို့သင့် လျော်တယ်။ ဘယ်ရွာကတော့ဖြင့် တပ်ဖို့သင့်လျော်တယ်ဆိုတာ ရွေးပြီး တော့တင်ပါ။ အဲဒီရွာတွေအတွက် ကျွန်တော်တို့ DTH စက်(၁၀)လုံးချပေးမှာ ဖြစ်ပါတယ်။ အဲဒီ DTH စက်(၁၀)လုံးနဲ့ စလောင်းနဲ့ လိုအပ်တာ ချပေး

လိုက်ရင် အဲဒီကျေးရွာ မှာ TV ရှိနေရင် အဲဒါနဲ့ ဆက်စပ်လိုက်ရင် ဂြိုဟ် တုကထုတ်လွှင့်တဲ့ မြန်မာ့ရုပ်မြင်သံကြားရော၊ MI ရော၊ CHANNEL-4 ရော၊ Free to Air အားလုံးကို ဖမ်းယူရရှိမှာဖြစ်ပါတယ်လို့ ပြောလိုပါတယ်။ သို့သော်လည်း အဲဒါသည် တစ်ဦးတစ်ယောက်ပိုင် မဟုတ်ပါဘူး။ ရပ်ရွာပိုင်ဖြစ်ရမှာဖြစ်ပါတယ် ။ ဒါကြောင့်အကောင်းဆုံးကတော့ ကနေ့ ရွာတိုင်း ရွာတိုင်းမှာ ကျေးရွာစာကြည့်တိုက်တွေလည်း ကျွန်တော်တို့ ကြိုးပမ်းထူထောင်နေပြီဖြစ်တဲ့အတွက် အဲဒီ စာကြည် ့တိုက်မှာတပ်ဆင်ပြီးတော့ ရွာသူရွာသားအားလုံး ကြည့်နိုင်အောင် လုပ်သွားဖို့ လိုအပ်ပါတယ်လို့ ပြောလိုပါတယ်။ နောက် ပံ့ပိုးပေးမယ့်ဟာ တစ်ခုကတော့ ဦးဌေးယိန်း တို့က အင်မတန်မှလည်း လူ့အရင်းအ မြစ် ဖွံ့ဖြိုး တိုးတက်ရေးကို လိုလားနေတဲ့ ကိုယ်စား လှယ်ကြီး တွေဖြစ်တယ်။ ဒေသ ဖြစ်တဲ့အတွက် ကျွန်တော်တို့တတွေ ဦးစီးဆောင်ရွက်နေတဲ့ ကျေးရွာ စာကြည့်တိုက်တွေလည်း အားလုံးနီးပါး ပြီးပြီလို့ ကျွန်တော်ဒီလိုပဲယူဆပါတယ်။ အဲဒီ တော့ စာကြည့်တိုက်တွေကလည်း ရုပ်မြင်သံကြားကြည့်သလိုပါပဲ။ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့ အတွက် အသိဗဟုသုတရဖို့အတွက် အင်မတန်အထော က်အကူပြုပါတယ်။ ဒါ့ကြောင့် စာကြည့်တိုက်ကိုလည်း ကျွန် တော် ဒီပလက်ဝမြို့နယ်အတွက် ကျွန်တော် (၂)လုံးကူညီသွားဖို့ လျာထားပါတယ်။ ဒါ့ကြောင့် အဲဒီစာကြည့်တိုက် (၂)လုံးအတွက်ရယ်၊ DTH စက်(၁၀)လုံး အတွက်ရယ်ကို သက်ဆိုင်ရာ အဲဒီမှာ ဆောင်ရွက်နေတဲ့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ရုံးဦးစီးပြီးတော့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနဲ့ ဆောင်ရွက်နေတဲ့ အဖွဲ့နဲ့ ညှိနှိုင်းပါ။ ညှိနှိုင်းပြီးတော့ဘယ်ရွာမှာတပ်မယ်။ ဘယ်ရွာမှာလုပ်မယ်ဆိုတာလေး ကျွန် တော့်ဆီ ပြန်ပြီးတော့ ကော်မတီကို ပြန်တင်ပေးရင် ကော်မတီအနေနဲ့ အဲဒီ DTH စက်(၁၀)လုံးရယ် နောက်ကျွန်တော်တို့ စာကြည် ့တိုက်(၂)လုံးအတွက်ရယ် ငွေကြေး တွေပံ့ပိုးဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်ဆိုတာကို ကျွန်တော်ရှင်းပြလိုပါတယ်။ ဒါ့ကြောင့် ဦးဌေးယိန်းတို့ရဲ့ ပလက်ဝမြို့နယ်က ပြည်သူ/သားများ၊ မြို့နယ်သူမြို့နယ်သားများအနေနဲ့ ရုပ်မြင်သံကြားအတွက်ကို ပလက်ဝက ထပ်ဆင့် လွှင့်ပေးမယ့်စက်အသစ်က ဖမ်းချင်လည်းဖမ်းပါ။ ဒါမှမဟုတ် DTH က ဖမ်းချင်လည်း ဖမ်းပါ။ ပြီးရင် ကျွန်တော်ပံ့ပိုးပေးမယ့် DTH စက်အချို့ရယ် နောက်တခါ စာကြည် ့တိုက်တွေ ရယ်ကိုသုံးပြီးတော့ ဆောင်ရွက်သွားမယ်ဆိုရင်တော့ ဦးဌေးယိန်း ဆန္ဒရှိနေတဲ့ လိုလားနေတဲ့ လူ့အရင်းအမြစ်ဖွံ့ဖြိုး တိုးတက်ရေးဟာ ဒါမလွဲမသွေ ရရှိလာမှာ ဖြစ်ပါတယ်။ ဒါတွေအားလုံး ဖြစ်လာဖို့ဆိုရင် ကျွန်တော်တို့ ပြောနေရုံနဲ့မရကြပါဘူး။ လက်တွေ့တကယ်ပူးပေါင်းပြီးတော့

ဆောင်ရွက်ကြမှလုပ်ကြမှ အောင်မြင်လာမှာဖြစ်ပါတယ်ဆိုတာကို ပြောရင်းနဲ့ ဦးဝေ့ယိန်း ရဲ့ မေးခွန်းအပေါ် ဖြေကြားချက်ကို နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတဲ့အခါမှာ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒန ယ် အမှတ်(၁၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ကို ရဲ့ မေးခွန်းကို ကျွန်တော် ဆက်ပြီးတော့ ဖြေကြားပါ မယ်။ ကနေ့အခါမှာ ကျွန်တော်တို့အားလုံးရဲ့ တ စ်နည်းအားဖြင့် ပြောရင် နိုင်ငံတော်ရဲ့ ရည်မှန်းချက် ပန်းတိုင်က ဘာလဲလို့ပြန်ကြည့်ရင် ကျွန်တော်တို့အားလုံး ပြည်သူတစ်ရပ်လုံး အမျိုးသားတ စ်ခုလုံးရဲ့ ရည်မှန်း ချက်ပန်းတိုင်က အေးချမ်းသာယာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းရှိတဲ့ ဒီမိုကရေစီ နိုင်ငံဖြစ်အောင် တည်ဆောက်ဖို့ဖြစ်ပါတယ်။ အဲဒီရည်မှန်းချက်ကိုကြည့်ရင် အဓိကအချက် (၃)ခု ပါပါတယ်။ (၁) ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး (၂) ဖွံ့ဖြိုးတိုးတက်ရေး (၃) ဥပဒေနှင့်အညီ လွတ်လွတ်လပ်လပ် နေထိုင်လုပ်ကိုင် စားသောက် ပြောဆိုရေးသားလို့ရတဲ့ ဒီမိုကရေစီ အခွင့်အရေး ဒီ (၃)ချက်ဖြစ်ပါတယ်။ ဒီ (၃)ချက်ဟာ ကနေ့ ပြည်သူတိုင်းလိုချင်နေတဲ့ အလိုလားဆုံးအချက်များဖြစ်တယ်။ ဒါ့ကြောင့် ဒါကို ပြည်သူ အားလုံးက အမျိုးသားရေးတာဝန်၊ အမျိုးသားရေး ရည် မှန်းချက်ပန်းတိုင်အဖြစ် ချမှတ်ပြီးတော့ ကနေ့ပြည်သူတွေ ရွေးချယ်တင်မြှော က်ပေးလိုက်တဲ့ သမ္မတကြီးဦးစီးတဲ့ အစိုးရ၊ ကနေ့ရွေးချယ် တင်မြှောက်ထားတဲ့ လွှတ်တော်အသီးသီးက ဒါကို ကြိုးပမ်းတည်ဆောက်လျက်ရှိပါတယ်။ ဒါကြောင့် အဲဒီလို ကြိုးပမ်းတည်ဆောက်နေတာဖြစ်တဲ့အတွက် နာဂကိုယ်ပို င်အုပ်ချုပ်ခွင့်ရ ဒေသအတွက်လည်းပဲ ကျွန်တော်တို့ ငြိမ်းချမ်းရေးအတွက် တည်ဆောက်မှုတွေ ၊ ဖွံ့ဖြိုးတိုးတက်မှု အတွက် တည်ဆောက် ပေးမှုတွေ၊ ဒီမိုကရေစီ ဖော်ဆောင်မှုအတွက် ဖော်ဆောင်ပေးမှုတွေ အားလုံးအကျုံးဝင်နေပါတယ်။ အားလုံးအကျုံး ဝင်ပါတယ်။ အဲဒီအထဲကမှ ဦးမြတ်ကို ရဲ့ မေးခွန်းမှာပါသလို တိုင်းရင်းသားများ ဆင်း ရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် စီမံချက်သီးသန့် ရှိ/မရှိ။ အဲဒီတော့ စီမံချက်အနေနဲ့က ကျွန်တော်တို့ တစ်နိုင်ငံလုံးအတွက် ချမှတ် ထားပြီး ဖြစ်တယ်လို့ ပြော လိုပါတယ်။ ကျွန်တော်တို့ ဒီနာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခုတည်းတင် မဟုတ်ပါဘူး။ တစ်နိုင်ငံလုံးအတွက် ချမှတ်ထားတာ အဲဒီကျေးလက်ပြည်သူတွေ ဖွံ့ဖြိုးတိုးတက်ရေး နှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစီမံချက်ဟာ ဘယ်လိုပေါ်ပေါက်လာတာလဲလို့ ဘယ်လိုပူးပေါင်း ဆောင်ရွက်ကြရမှာလဲလို့ ဘယ်လိုပေါင်းပြီးတော့ အကောင်အထည်ဖော်ကြရမှာလည်း ဆိုတာကို သိအောင်အနည်းငယ် ပြောပြပါမယ်။ အဲဒီတော့ ဒီစီမံချက်ကို ချနိုင်ဖို့ မေလ ၂၀ ရက်နေ့မှာ

ကျွန်တော်တို့ Workshop အားလုံးနဲ့ ညှိနှိုင်းတိုင်ပင်ပြီး နည်းလမ်းတွေ ရှာခဲ့ပါတယ်။ အဲဒီ က ရရှိလာတဲ့ နည်းလမ်းတွေအရ ကျွန်တော်တို့လုပ်ငန်း အဖွဲ့တွေ ဖွဲ့စည်း ပြီးတော့ ဇွန်လ ၂၀ ရက်နေ့မှာ သမ္မတကြီးက အဲဒီ လုပ်ငန်းအဖွဲ့တွေကို အတည်ပြုပြီးရင် လုပ်ငန်းတာဝန်တွေ ခွဲပေး ခဲ့ပြီး ဖြစ်ပါတယ်။ အဲ ဒီတော့ အဲဒီ အဖွဲ့ကဘာလဲလို့ မေးလို့ရှိလို့ရှိရင် ခြုံပြီးပြောလို့ရှိရင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ ချရေး စီမံချက်ဖြစ်ပါတယ်။ အဲဒီ စီမံချက်ဟာ နာ ဂ ဒေသအပါအဝင် တစ်နိုင်ငံလုံးအတွက် စီမံချက်ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ အဲဒီ စီမံချက်မှာ ကော်မတီ (၈)ခုရှိပါတယ်။ (၁)က လယ်ယာကုန်ထုတ်မှုဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ ဖြစ်ပါတယ်။ အဲဒါ ဘယ်သူဦးစီးသလဲဆိုရင် လယ်ယာစိုက်ပျိုးရေးဝန်ကြီး ဦးစီးပါတယ်။ အဲဒီတော့ စောစောက ဦးမြတ်ကို ဆွေးနွေးသွားတဲ့ ရွှေ ပြောင်းတောင်ယာ၊ လျှော်ခါးထစ်တောင်ယာ၊ အခြေချ တောင်ယာ နှစ်ရှည်သီးနှံဖြစ်တဲ့ ကော်ဖီ ၊ လက်ဖက်၊ ရာဘာ၊ သစ်မွှေး စိုက်ပျိုးရေးကိစ္စ တွေအတွက်ကို အဲဒီလယ်ယာကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီနဲ့ အသေးစိတ် ညှိနှိုင်းပြီးတော့မှ လုပ်သွားလို့ရပါတယ်။အဲဒီကော်မတီကလည်းပဲ တစ်နိုင်ငံလုံးအနှံ့ကို တတ်နိုင်သလောက် ကြိုးပမ်းပြီးတော့ ကနေ့ဆောင်ရွက်ပေးနေတယ်ဆိုတာကို ကျွန်တော်ရှင်းပြလိုပါတယ်။ နောက်တစ်ခုကတော့ ဘာလဲဆိုရင် ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ ဖြစ်ပါတယ်။ အဲဒီ ဟာကို ဘယ်သူကဦးဆောင်နေသလဲလို့ မေးရင်တော့ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးက ဦးဆောင် နေပါတယ်။ အဲဒီမှာ ဦးမြတ်ကို က နွားနောက် ကိစ္စဆိုပြီးတော့ ကျွန်တော့် စာရွက်ထဲမှာပါပါတယ်။ နွားနောက် မွေးမြူရေးကိစ္စအတွက် အဲဒီလိုနွားနောက် မွေးမြူရေးကိစ္စအတွက်ကိုလည်းပဲ အဲဒီ ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီနှင့် ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ လုပ်ငန်းတွေ ဆောင်ရွက်သွားလို့ရပါတယ်ဆိုတာကို ပြောလိုပါတယ်။ အလားတူပါပဲ ကျေးလက်ဒေသ အသေးစား ကုန်ထုတ်လုပ်မှု လုပ်ငန်းဖွံ့ဖြိုးတိုးတတ်ရေးကော်မတီ သူ့ကိုတော့ ပြည်ထောင်စု ဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တာ ဝန်ယူပါတယ်။ သူနဲ့ဆက်သွယ် ဆောင်ရွက်လို့ ရပါတယ်။ နောက်တစ်ခုကတော့ အသေး စား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတတ်ရေးကော်မတီ ပြည်ထောင်စု ဝန်ကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် ဆက်စပ် ဆောင်ရွက်လို့ရပါတယ်။ နောက်တစ်ခုကတော့ သမဝါယမလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ပြည်ထောင်စုဝန်ကြီး သမဝါယမဝန်ကြီးဌာနနှင့် ဆက်စပ်လို့ရပါတယ်။ နောက်တစ်ခုက

ကျေးလက်လူမှုဖွံ့ဖြိုးတိုးတတ်ရေးဆပ်ကော်မတီ အဲဒါက ကျွန်တော် နဲ့ ဆက်စပ် ဆောင်ရွက်လို့ ရပါတယ်။ အဲဒီတော့ ကျွန်တော့်အပိုင်းကို အနည်းငယ် ပြောပါမယ်။ ကျွန်တော် ဘာလုပ်ပေး နိုင်သလဲ၊ ဘယ်လိုပူးပေါင်းဆောင်ရွက်ရမလဲဆိုတာ ပြောပါမယ်။ ကျွန်တော်ရဲ့ လုပ်ငန်းမှာ နယ်ပယ် (၆)ရပ်ပါပါတယ်။ ပညာရေးနယ်ပယ်၊ ကျန်းမာရေး နယ်ပယ်၊ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတတ်ရေးနယ်ပယ်၊ လမ်းပန်းဆက်သွယ်ရေးနယ်ပယ်၊ ဆက်သွယ်ရေးနယ်ပယ်၊ သန့်ရှင်းသောသောက်သုံးရေရရှိရေးနယ်ပယ် စသည်ဖြင့်နယ်ပယ် (၆)ရပ်ပါ ပါတယ်။ သို့သော် ကျွန်တော်ရဲ့နယ်ပယ်(၆)ရပ်ဟာ အင်မတန်ကြီးမားတဲ့ လုပ်ငန်းကြီးတွေကို ဆောင် ရွက် ပေးနိုင်တဲ့အလုပ်မဟုတ်ပါဘူး။ ကြီးမားတဲ့လုပ်ငန်းကြီးတွေကတော့ နိုင်ငံတော်က သက်ဆိုင်ရာ ဝန်ကြီးဌာနတွေက လုပ်မှာဖြစ်ပါတယ်။ ကျွန်တော်ရဲ့ လုပ်ငန်းစဉ်က ကျွန်တော်တို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်တုန်းက ဆောင်ရွက်ခဲ့တဲ့ ကျွန် တော်တို့ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် (၅)ရပ်သဘော ဖြစ်ပါတယ်။ ဒါကြောင့် ဒီမှာ ကျွန်တော်တို့ လုပ်ပေးနိုင်တာတွေ ကတော့ စောစောကကျွန်တော်ပြောခဲ့တဲ့ အတိုင်းကျွန်တော်တို့ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာ (၃)မြို့နယ် ပါဝင်နေတဲ့အတွက် ကျွန်တော်တို့ DTH စက်(၅)လုံး လှူပါမယ်။ တစ်မြို့နယ်(၅)လုံးနဲ့ နောက်တစ်ခါ ကျေးရွာစာကြည့်တိုက်ကတော့ တစ်မြို့န ယ်ကို(၁)တိုက် ကျွန်တော် (၃)တိုက် လှူပါ့မယ်။ သို့သော်လည်း အဲဒီစာကြည့်တိုက် တွေကို ဘယ်နေရာမှာတည်ဆောက်မလဲ ၊ (DTH)စက်တွေက ဘယ်နေရာမှာ တပ်ဆင်မ လဲဆိုတာ ကတော့ ကျွန်တော်တို့ အောက် ခြေမှာ ဆင်းပြီးတော့ ဒီအလုပ် တွေကို လုပ်နေတဲ့ ကော်မတီတွေရှိပါတယ်။ အဲဒီကော်မတီတွေနဲ့ ဆက်စပ်ပြီးတော့ညှိနှိုင်းပါ။ ကျွန်တော်ကတော့ အဲဒီသက်ဆိုင်ရာ ကော်မတီကို ကျွန်တော့်ဘက်က ဒီလိုပေးထားတယ်။ အဲဒါကိုဆက်စပ်ပြီးတော့ ဘယ်နေရာမှာ တပ်ဆင်လို့ရမလဲဆိုတာကို ညှိနှိုင်း ပြီးတော့ လုပ်ဆောင်ပါဆိုတာကို ကျွန်တော်ညွှန်ကြားပြီးတော့ ဆောင်ရွက်ပေးလိုက်မှာ ဖြစ်ပါတယ် ဆိုတာကို ကျွန်တော်ပြောလိုပါတယ်။ နောက်ဆက်လက် ပြီးတဲ့အခါမှာ တိုက်ရိုက်မေးမြန်းချက်မှာ ပါတဲ့ လမ်းပန်းဆက်သွယ်ရေးကိစ္စ ၊ ဒါတော့ သူရုပ်သိမ်း ပြီလို့ပြောပါတယ်။ သို့သော် လည်းပဲ သက်ဆိုင်ရာတာဝန်ရှိတဲ့ဝန်ကြီးတွေ ဖြေ ကြားသွားတာကိုပြောရရင် ကျွ န်တော်တို့ နာဂဒေသမှာ အဓိကလမ်းကြီး(၅)ခုရှိပါတယ်။ အဲဒါက ပြည်ထောင်စုလမ်းမကြီးနဲ့ဆက်စပ်နေတာမို့ ဒါတွေက ဆက်ဆောင်ရွက်သွားဖို့ ရှိပါတယ်လို့ ကျွန်တော်တို့ ၆-၉-၂၀၁၁ ရက်နေ့မှာ နယ်စပ်ဒေသဝန်ကြီး

ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး က ဖြေကြားခဲ့ပြီးပါပြီ။ ဒါဟာ လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်လို့ပါ။ နောက် တစ်ခါ ကျွန်တော်တို့ ဒီဘက်က ခုနက ပြောတဲ့ ရွှေ့ပြောင်းတောင်ယာ ကိစ္စ၊ ရွှေ့ပြောင်းတောင်ယာ ကိစ္စတွေနဲ့ပတ်သက်လို့ရှိရင် တော့ သူတို့သက်ဆိုင်ရာဝန်ကြီးဌာနက ပြောတာက တကယ်လို့ ရွှေ့ပြောင်းတောင်ယာအတွက် လှေခါး ထစ်တောင်ယာ လုပ်ချင်တယ် ဆိုရင် သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရဆီကို တင်ပြ ပြီးတော့မှ တိုင်းဒေသကြီးအစိုးရ ကနေ တစ်ဆင့် သက်ဆိုင်ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို တင်ပြရင် လုပ်ပေး ပါမယ်။ ဒါဟာ အဖြေတစ်ခုဖြစ်ပါတယ်။ နောက်တစ်ခါ အလားတူပါပဲ နှစ်ရှည်သီးနှံစိုက်ပျိုးရေး ကော်ဖီ၊ ရာဘာ၊ လက်ဖက် တို့နဲ့ပတ်သက်လို့လည်းပဲ တိုင်းဒေသကြီးကနေ**တစ်ဆ**င့် တင်ပြညှိနှိုင်းရင် ရာသီဥတု ဖြစ်နိုင်ခြေ ပေါ်မူတည်ပြီးတော့မှာ ဆောင်ရွက်ပေးသွားမယ်လို့ သူ့ဘက်က ကျွန်တော်ဆီကို ပြန်ကြားထားပါတယ်။ အလားတူပါပဲ နောက်မေးခွန်းတစ်ခုဖြစ်တဲ့ ကျွန်တော်တို့ ဒီနွားနောက်မွေးမြူရေး၊ အဲဒီနွားနော က်မွေးမြူရေးနှင့် ပတ်သက်လို့ကလည်း အရင်က ခန္တီး - လဟယ်-လေရှီးဒေသတွေမှာ လုပ်ခဲ့ဖူးတယ်တဲ့။ သိန်း (၁၂၀)ချေးပြီးတော့ လုပ်တာကနေ ကနေ့ငွေတွေလည်းကျေသွားပြီ။ နောက်ထပ်အဲဒီလိုမျိုး လုပ်ချင်လို့ရှိရင်လည်း အဲဒီလုပ်ထုံး လုပ်နည်းအတိုင်း ဆက်လက်ပြီးတော့ လုပ်ပါတဲ့။ ဒီဘက်က အကူအညီပေးပါမယ်လို့ ဒီလို ဖြေကြားထားပါတယ်။ နောက်တစ်ခါ ကျေးရွာတွေမှာ လျှပ်စစ်မီးလင်းရေးနှင့် ပတ်သက်လို့ ရှိရင်လည်းပဲ ကျွန်တော် တို့ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဥ်(၈)ရပ်ထဲမှာ ပါပြီးသား ပါ။ အဲဒါကို အဓိက ဘယ်သူတာဝန်ယူတာလည်းဆိုရင် ကျွန်တော်တို့ အမှတ် (၂)စက်မှုဝန်ကြီး ဦးစိုးသိန်း တာဝန်ယူပါတယ်။ ဒါကြောင့်မို့ လို့ မိမိတို့ဒေသမှာ ရေအား လျှပ်စစ်အသေးစား၊ အငယ်စားလေးတွေ ဒီလိုတပ်ဆင်လုပ် ဆောင်ဖို့ လိုအပ်လာရင်လည်း အဲဒီ ကော်မတီနဲ့ ဆက်စပ်ပြီးတော့ ညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားလို့ ရနိုင်ပါတယ်ဆိုတာကို ဖြေကြားရင်းနဲ့ ကျွန်တော် နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော် အစည်းအဝေး ခေတ္တရပ်နားပြီးတော့ ၁ နာရီ ၄၅ မိနစ်အချိန်မှာ ပြန်လည်ကျင်းပမှာဖြစ်ပါတယ်။

**အချိန်၊ ၁၂း၁၆။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၂း၁၆ နာရီတွင် ခေတ္တရပ်နားပြီး ၁၃း၄၅ နာရီတွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃း၄၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီး ခင်ဗျား။

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ မြန်မာနိုင်ငံအနေဖြင့် အခြား အာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ စတော့ဈေးကွက်တစ်ခု (Establishment of Stock Market) ထူထောင်နိုင်ရန်အတွက် လိုအပ်သည်များကို ယခုအချိန်မှ အစပျိုး၍ စီစဉ်ဆောင်ရွက်ထားသင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၃း၄၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ က မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံများနည်းတူ စတော့ဈေးကွက်တစ်ခု(Establishment of Stock Market) ထူထောင်နိုင်ရန်အတွက် လိုအပ်သည်များကို ယခုအချိန်မှ အစပျိုး၍ စီစဉ်ဆောင်ရွက် ထားသင့်ကြောင်းနဲ့စပ်လျဉ်းတဲ့ အဆိုတစ်ရပ်တင်သွင်းလိုကြောင်း အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။ယခု ဒေါက်တာခင်ရွှေ အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၄၅။**

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ မိမိတို့မြန်မာ နိုင်ငံအ နေဖြင့် အခြားအာဆီယံအဖွဲ့ဝင် နိုင်ငံ များနည်းတူ စတော့ဈေးကွက် တစ်ခု (Establishment of Stock Market)ထူထောင်နိုင်ရန်အတွက် လိုအပ်သည်များကို ယခုအချိန်မှအစပျိုး၍ စီစဉ်ဆောင်ရွက်ထားသင့်ကြောင်း အဆိုပြုသွား မှာ ဖြစ်ပါတယ်။ ဒီအဆိုမှာ အချက်အလက်များစွာပါရှိပါသဖြင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ ဖတ်ကြားတင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံအပ် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။နိုင်ငံတစ်ခု စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရာတွင် ပုဂ္ဂလိကလုပ်ငန်းရှင် တစ်ဦးချင်းအလိုက် ဆောင်ရွက်နေမယ့်အစား ကုမ္ပဏီများဖွဲ့စည်း၍ ဆောင်ရွက်ခြ င်းက ပိုမိုအကျိုးပြုနိုင်ပါတယ်။ ကုမ္ပဏီများ ဖွဲ့စည်းဆောင်ရွက်ရာမှာလည်း (၂)မျိုး(၂)စားရှိပါတယ်။ ပုဂ္ဂလိ က ကုမ္ပဏီလီမီတက် (Private Co.,Ltd.) နှင့် အများပိုင်ကုမ္ပဏီ (Public Co.,Ltd.) ဟူ၍ ဖြစ်ပါတယ်။ အများပိုင်ကုမ္ပဏီများမှာ အစုရှယ်ယာခေါ်ယူပြီးတော့ ဆောင်ရွက်နိုင်ခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းရှင်များတစ်ဆင့်ပြီးတစ်ဆင့်စီးပွားရေးတိုးချဲ့ဆောင်ရွက်လာနိုင်တဲ့အတွက်ကြောင့် နိုင်ငံစီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုအတွက် များစွာ အထောက်အကူပေးနိုင်ပါတယ်။ အများပိုင်ကုမ္ပဏီများဟာ အစု ရှယ်ယာထောင်သောင်းချီပြီးတော့ ခေါ်ယူစုဆော င်းပြီး လူအများ ပူးပေါင်းဆောင်ရွက်ရသည့်လုပ်ငန်း ဖြစ်ပါတယ်။ ဒါကြောင့် စာရင်းဇယားများကို ထင်သာမြင်သာ ထားရှိပြီး တရားဝင် Internal Audit ၊ External Audit များထားရှိပြီး စာရင်း စစ်များက ကြပ်မတ်ဆောင်ရွက်ပေးထားသဖြင့် ကုမ္ပဏီအနေနဲ့ ငွေကြေးအလွဲသုံးစားမှုများ၊ အခွန်တိမ်းရှောင်မှုများပြုလုပ်နိုင်ခြင်းမရှိပါဘူး။ ဒါကြောင့် စတော့ဈေးကွက် ထူထောင်ရာမှာ ရိုးရိုးပုဂ္ဂလိက ကုမ္ပဏီလီမိတက်များအား မှတ်ပုံတင်လုပ်ကိုင်ခွင့်မပြုဘဲနဲ့ အများပိုင်ကုမ္ပဏီများ မှတ်ပုံတင်လုပ်ကိုင်ခွင့်

ပြုကြပါတယ်။ နိုင်ငံတကာစီးပွားရေးလုပ်ငန်း များ ဆောင်ရွက်တဲ့နေရာမှာ မူလရိုးရိုး ပုဂ္ဂလိက လီမိတက်ကုမ္ပဏီများကိုသာ ဆောင်ရွက်လေ့ရှိပါတယ်။ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ လုပ်ငန်းငယ်များကို ဆောင်ရွက်မယ့် အစား လုပ်ငန်းကြီးများ (Large Skill Production) ကို တိုးချဲ့ဆောင်ရွက်ခြင်းအားဖြင့် စီးပွားရေးအရ ပိုမိုတွက်ခြေကိုက်ပြီး Economics of Scale တစ်ယူနစ် ထုတ်လုပ်ကုန်ကျစရိတ်များ လျော့ နည်းကျဆင်းလာခြင်းကြောင့် အကျိုးအမြတ်များ ပိုမိုလာမှာဖြစ်ပါတယ်။ ဒါ့အပြင် Vibration of Labour နောက် Specialization of Labour နဲ့ Reserve and Development များ တိုးချဲ့ဆောင်ရွက်နိုင်ခြင်းကြောင့် ထုတ်လုပ်မှုနည်းပညာ (Technology Production) တိုးမြင့်လာနိုင်ပြီး ပြည်တွင်းပြည်ပယှဉ်ပြိုင်အား ပိုမိုတိုးတက် ကောင်းမွန်လာနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကုမ္ပဏီအနေဖြင့် အကျိုး ရှိသကဲ့သို့ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာလည်း များစွာအထောက်အကူပြုပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အများပိုင်ကုမ္ပဏီများ တည်ထောင်ဆောင်ရွက်နိုင်ခြင်းကြောင့် ပုဂ္ဂလိကကုမ္ပဏီအနေဖြင့် အကျိုး ဖြစ်ထွန်းသကဲ့သို့ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာ အထောက်အကူပြုမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား နိုင်ငံတစ်ခုမှာ စတော့ဈေးကွက်ထူထောင်နိုင်ရန်အတွက် အများပိုင် ကုမ္ပဏီကြီးများ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အများပိုင် ကုမ္ပဏီကြီးများသာလျှင် စတော့ဈေးကွက်မှာ မှတ်ပုံတင်ပြီးတော့ အစုရှယ်ယာများခေါ်ယူပြီးတော့ စီးပွားရေးလုပ်ငန်းများကို ပါဝင်ဆောင်ရွက် ပိုင်ခွင့်ရှိပါတယ်။ ဘဏ်များထူထော င်ခြင်းအားဖြင့် ဘဏ်ရင်းနှီးမြှုပ်နှံမှုကို သန်း (၁၀၀)ရှိလျှင် အဲဒီ မတည်ရင်းနှီးမြှုပ်နှံမှုရဲ့ (၁၀)ဆတိုးပြီးတော့ စီးပွားရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကူညီပံ့ပိုးနိုင်ပါတယ်။ နောက် ဘဏ်ချေးငွေများရရှိလာမှုကြောင့်လည်း ကုမ္ပဏီကြီးများအနေနဲ့ စီးပွားရေးလုပ်ခင်းကိုင်ခင်းများ ပိုမိုတိုးချဲ့ ဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်။ စတော့ဈေးကွက် ထူထောင်နိုင်လို့ရှိရင် ကုမ္ပဏီကြီး များရဲ့ လုပ်ငန်းဆောင်တာများကို တိုးချဲ့ဆောင်ရွက်ရန်အတွက် ဘဏ်များထက် အဆများစွာတိုး ပြီးတော့ ငွေရေးကြေးရေးပို မိုစုစည်း ဆောင်ရွက်ပေးနိုင်ပါတယ်။ တ စ်ဖက်မှာလည်း စတော့ ဈေးကွက် အစုရှယ်ယာတန်ဘိုး (Stock Market Capitalization)တိုးမြင့်လာမှုကြောင့် ကုမ္ပဏီရဲ့ ရင်းနှီးမြှုပ်နှံမှုနှင့် လှည့်ပတ်သုံးစွဲ ငွေ(Working Capital) များစွာတိုးများလာနိုင်တဲ့အပြင် အခြားတစ်ဘက်မှာလည်း ငွေကြေးဈေးကွက်မှ ပြည်တွင်းပြည်ပသို့ ငွေချေးစာချုပ်များ ထုတ်ဝေ ရောင်းချနိုင်တဲ့အတွက်ကြောင့် ငွေကြေးအရင်းအနှီးများ ပိုမိုတိုးမြင့်လာနိုင်ပါတယ်။ ဒီအခြေအနေ

တွေကြောင့် အ များပိုင်ကုမ္ပဏီကြီးအနေနှင့် စီးပွားရေးလုပ်ငန်းများကို တိုးပြီး တိုးပြီး လုပ်နိုင်ကိုင်နိုင်တဲ့အညီ စတော့ဈေးကွက်ကို အားကိုးအားထားပြုကြပါတယ်။ ဒီလို စတော့ဈေးကွက်ကို အားထားဆောင်ရွက်နိုင်တဲ့အတွက်ကြောင့် ကုမ္ပဏီရဲ့ စီးပွားရေးလုပ်ငန်းများ တိုး တက်ကြီးပွားလာနိုင်တဲ့အပြင် နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက်အကူပြုပေးနိုင်ပါတယ်။ မြန်မာနို ငံအနေဖြင့် စတော့ဈေးကွက်တစ်ခု ထူထော င်ဆောင်ရွက်နိုင်ခြင်းအားဖြင့် ရရှိလာမယ့် အကျိုးတရား တွေကတော့ အာဆီယံနိုင်ငံအဖွဲ့ဝင် နိုင်ငံများအနေဖြင့် အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြီးသတ်စီးပွားရေးဆောင်ရွက်မှုလုပ်ငန်းများ AFTA ကို ၂၀၁၅ ခုနှစ် မတိုင်မီမှာ အပြီးသတ်ဆောင်ရွက်သွားရန်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အာဆီယံအဖွဲ့ဝင်များရဲ့ စတော့ဈေးကွက် ပူးပေါင်းဆောင်ရွက်မှုကိုလည်း ပြုလုပ်သွားရန် ရှိပါတယ်။ အာဆီယံ(၁၀)နိုင်ငံအနက်မှာ (၉)နိုင်ငံမှာ စတော့ဈေးကွက်များ တည်ထောင်ဖွင့်လှစ်ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ဒီလိုစတော့ ဈေးကွက် စုစည်းပူးပေါင်းပြီးတော့ ဆောင်ရွက် မှုမှာ များစွာနောက်ကျမနေစေဖို့အတွက် စတော့ဈေးကွက်ထူတောင်ရန်အတွက် ယခုအချိန်ကစပြီးတော့ အစပျိုးဆောင်ရွက်သွားရန် လိုပြီဖြစ်ပါတယ်။ စတော့ဈေးကွက်ထူထောင် ဆောင်ရွက်နိုင်ခြင်းအားဖြင့် အများပိုင်ကုမ္ပဏီများရဲ့ ရင်းနှီးမြှု ပ်နှံမှု တိုးမြှင့်လာနိုင်တဲ့အတွက် အကြီးစားစီးပွားရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လာနိုင်မယ့်အားလျော်စွာ ကုမ္ပဏီအနေနဲ့ ပိုမိုအကျိုး ရှိနိုင်ပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက်အကူပြုလာနိုင်မှာ ဖြစ်ပါတယ်။ စတော့ဈေးကွက် ထူထောင် ခြင်းအားဖြင့် စီးပွားရေးအရှိန်အဟုန်နဲ့ တိုးတက်ဖွံ့ဖြိုးလာတဲ့ အခြားအာဆီယံအချို့ကို ဥပမာအားဖြင့် တင်ပြလိုပါတယ် ။ ၁၉၉၀ ခုနှစ်က စင်္ကာပူနိုင်ငံ စတော့ဈေးကွက်၌ အများပိုင်ကုမ္ပဏီ(၁၅၀)ခန့်ရှိပြီးတော့ စတော့ဈေးကွက် ရင်းနှီးမြှုပ်နှံမှု (၃၄)ဘီလီယံခန့်သာ ရှိပါတယ်။ အများပိုင်ကုမ္ပဏီတစ်ခုရဲ့ ရင်းနှီးမြှု ပ်နှံမှုကလည်းဒေါ်လာ (၂၂၉)သန်းခန့်သာရှိခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှာ အဲဒီ စင်္ကာပူနိုင်ငံအနေဖြင့် အများပိုင်ကုမ္ပဏီ (၄၆၁)ကုမ္ပဏီထိ တိုးမြှင့်လာပြီးတော့ စတော့ဈေးကွက်ရင်းနှီးမြှုပ်နှံမှုကလည်း ဒေါ်လာ(၃၇၀)ဘီလီယံအထိ တိုးမြှ င့်လာတဲ့အတွက်ကြောင့် အများပိုင် ကုမ္ပဏီတစ်ခုရဲ့ ပျ မ်းမျှစတော့ဈေးကွက်ရဲ့ ရင်းနှီးမြှုပ်နှံမှုဟာ ဒေ ါ်လာ(၈၀၃)သန်းအထိ တိုးမြှင့် လာခဲ့ပါတယ်။ အလားတူပဲ မလေးရှားနိုင်ငံအနေနဲ့လည်း ၁၉၉၀ ခုနှစ်မှာ အများ ပိုင်ကုမ္ပဏီတစ်ခု ပျ မ်းမျှစတော့ဈေးကွက် ရင်းနှီးမြှုပ်နှံမှုက ဒေါ်လာ (၁၇၂)သန်း ရှိရာကနေပြီးတော့ ၂၀၁၀ ခုနှစ်မှာ ဒေါ်လာ(၄၂၉)သန်း

အထိကိုလည်းကောင်း၊ နောက် ထိုင်းနိုင်ငံ အနေနဲ့လည်း ၁၉၉၀ ခုနှစ်မှာ အများပိုင်ကုမ္ပဏီ တစ်ခု ပျှမ်းမျှစတော့ဈေးကွက်ရဲ့ ရင်းနှီးမြှုပ်နှံမှုက ဒေါ်လာ (၁၁၂)သန်းရှိရာမှ ၂၀၁၀ ခုနှစ်မှာ ဒေါ်လာ(၅၁၄)သန်းကို အသီးသီးတိုးမြှင့်လာကြောင်းတွေ့ရှိရပါတယ်။ အဲဒီလို စတော့ဈေး ကွက် တိုးတက်ဖွံ့ဖြိုးလာမှုကို အကြောင်းပြုပြီးတော့ ၎င်းနိုင်ငံများရဲ့ စီးပွားရေးများကလည်း အရှိန်အဟုန်နဲ့ တိုးမြှင့်လာတာတွေ့ရပါတယ်။ နိုင်ငံ တစ်နိုင်ငံအနေနဲ့ စီးပွားရေးဇုန် များ (SEZ) ထူထောင်ခြင်းအားဖြင့် နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု များစွာအထောက်အကူ ဖြစ်လာမှာ ဖြစ်ပါတယ်။ အထူးသဖြင့် စီးပွားရေးဇုန်များ အရှိန်အဟုန်ဖြင့် တိုးတက်ဖွံ့ ဖြိုးလာဖို့အတွက် စတော့ဈေးကွက်များက များစွာ အထောက်အကူပြုပေးနိုင်ပါတယ်။ ဒါကြောင့် မကြာမီအချိန် ကာလအတွင်းမှာ မြန်မာနိုင်ငံအနေနဲ့လည်း အထူးစီးပွားရေးဇုန်များ ထူထောင်လာမှာဖြစ်တယ်။ အဲဒီ စီးပွားရေးဇုန် များတိုးတက်ဖွံ့ဖြိုးရေးအတွက် စတော့ဈေးကွက်များ ကို မဖြစ်မနေ ထူထောင် ပေးရန် လိုအပ်ပါတယ်ခင်ဗျား ။ နောက်နိုင်ငံတစ်ခု စီးပွားရေးဖွံ့ဖြိုးတိုးတက် ဖို့အတွက် ပြည်သူ တို့ရဲ့ စုဆောင်းငွေ(Public Saving)နဲ့ ပြည်သူတို့ရဲ့ ရင်းနှီး မြှုပ်နှံမှု (Public Investment) တိုးတက်လာဖို့အတွက် လိုအပ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံရဲ့ ပြည်သူတွေရဲ့ စုဆောင်းမှုနဲ့ ရင်းနှီးမှုအချိုးဟာ အမျိုးသားဝင်ငွေ (GDP) ရဲ့ (၁၇)ရာခိုင်နှုန်းသာရှိပါတယ်။ အိမ်နီး ချင်း အာဆီယံနိုင်ငံများကဲ့သို့ စီးပွားရေးအ ရှိန်အဟုန်နဲ့ တိုးတက်စေရန်အတွက် ပြည်သူတို့ရဲ့ စုဆောင်းမှုနဲ့ ရင်းနှီးမြှု ပ်နှံမှုအချိုးဟာ (၄၀)ကနေပြီးတော့ (၄၀)ရာခိုင်နှုန်းအထိ ထိုး တင် ထားတာတွေ့ရပါတယ်။ မြန်မာနိုင်ငံရဲ့ ပြည်သူတွေရဲ့ စုဆောင်းမှုနှင့် ရင်း နှီးမြှုပ်နှံမှုအချိုးကို လာမယ့်(၁၀)နှစ် အချိန်ကာလအတွင်းမှာ(၃၀)ကနေ (၃၀)ရာခိုင်နှုန်းအထိ တိုးမြှင့်လာ စေရန် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ အဲဒီလို ပြည်သူတွေရဲ့ စုဆောင်းမှု နှင့် ရင်းနှီးမြှုပ်နှံမှု အချိုး တိုးမြှင့်လာစေရန် အတွက် စတော့ဈေးကွက်များ ထူထောင်ပြီးတော့ လုပ်ကိုင်ဆောင်ရွက် ခြင်းဟာ တစ်ဖက်တစ်လမ်းကနေ အကျိုးပြုပေးနိုင်ပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံအနေနဲ့လည်း စတော့ဈေးကွက်တစ်ခု ထူ ထောင်ပေးရန် အချိန်တန်ပြီဖြစ်ပါတယ်။ အာ ဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်တဲ့ ဗီယက်နမ်၊ လာအို ၊ ကမ္ဘောဒီးယားနိုင်ငံများကလည်း စတော့ဈေးကွက် များထူထောင်ရန် အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို လုပ်တဲ့နေရာမှာ အချိန် (၂)နှစ်ခန့် ကြာကြောင်းတွေ့ရ ပါတယ်။ ဒါကြောင့် စတော့ ဈေးကွက်တစ်ခု ထူထောင်မယ်ဆိုရင် ကြိုတင်ဆောင်ရွက်ရန် အချိန် ထူထောင်နိုင်ရန်အတွက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အနေနဲ့ လွန်ခဲ့တဲ့ နှစ်အနည်းငယ်

အတွင်းမှာ အစပြုပြီးတော့ သက်ဆိုင်ရာ ပညာရှင် များပါဝင်တဲ့ ဆပ်ကော်မတီအသီးသီး ဖွဲ့စည်းပြီးတော့ စီစဉ်ဆောင်ရွက်လျ က်ရှိကြောင်းလည်း သိရပါတယ်။ ယခင် တပ်မတော်အစိုးရ လက်ထက်မှာ စတော့ဈေးကွက် ထူထောင်ရန်ကိစ္စနဲ့ပတ်သက်ပြီးတော့ တိကျတဲ့ မူဝါဒ လမ်းညွှန်ချက် ချမှတ်ပေး ရာမှာ အနည်းငယ်ကြန့်ကြာနှောင့်နှေးမှု ရှိနေသဖြင့် အခုအချိန်အထိ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အထိုက်အလျောက် နှောင့်နှေး ကြန့်ကြာမှုများ ရှိနေ တယ်လို့ ထင်မြင်ရပါတယ်။ အခြားတစ်ဖက်မှာလည်း ၁၉၈၈ ခုနှစ် တပ်မတော်အစိုးရ တက်လာ ပြီးနောက်ပိုင်းမှာ ဆိုရှယ်လစ် စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေး စနစ်ကို ပြောင်းလဲကျင့်သုံး ရာမှာ ပီပြင်တဲ့ ဈေးကွက်စီးပွားရေးအဆင့်သို့ ရောက်ရှိလာစေရန်အတွက် တ စ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းဆောင်ရွက်တဲ့နေရာမှာ အထိုက်အလျောက်ကြန့်ကြာမှုများ ရှိနေခဲ့တဲ့အတွက်ကြောင့် စတော့ဈေးကွက်ထူထောင်မှုမှာလည်း အထိုက်အလျောက် ကြန့်ကြာမှုများရှိနေခဲ့တာကို ထင်မြင် ယူဆခဲ့ပါတယ်။ ယခု ပြည် ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသစ်ပေါ်ထွန်းလာပြီး နောက်ပိုင်းမှာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် စတော့ ဈေးကွက်တစ်ခု ထူထောင်ရန် ကြိုးပမ်းလျက်ရှိသည့် လုပ်ငန်းစဉ်များ ပိုမိုသွက်လက်မြန်ဆန် လာလိမ့်မယ်လို့လည်း ထင်မြင် ယူဆမိပါတယ်။ ဒါကြောင့် ဖော်ပြပါအချက်တွေကို ထောက်ရှုပြီးတော့ မိမိတို့ မြန်မာနိုင်ငံအနေနှင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ စတော့ဈေးကွက်တစ်ခုကို အခြေအနေ အချိန်အခါ ပေးလာပါက ထူထောင်နိုင်ရန်အတွက် လိုအပ်သည့် လုပ်ငန်းစဉ်များကို အလျင်အမြန် အကောင် အထည်ဖော်ဆောင်ရွက်သင့်ကြောင်း အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာခင်ရွှေ တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၈။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)** ။ ။လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ ၏ တင်သွင်းခဲ့တဲ့ မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံများနည်းတူ စတော့ဈေးကွက် တစ်ခု (Establishment of Stock Market)ထူထောင်နိုင်ရန်အတွက် လိုအပ်သည်များကို ယခုအချိန်မှအစပျိုး၍ စီစဉ်ဆောင်ရွက်ထားသင့်ကြောင်း ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက်ထောက်ခံအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၅၉။**

**ဥက္ကဋ္ဌ**။ ။ဒေါက်တာခင်ရွှေ တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ စတော့ဈေးကွက်တစ်ခု (Establishment of stock Market ) ထူထောင်နိုင်ရန်အတွက် လိုအပ်သည်များကို ယခုအချိန်မှ အစပျိုး၍ စီစဉ်ဆောင်ရွက်ထားသင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုဖြစ်ပါတယ်။ အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံ ဆွေးနွေးဖို့ သဘော မတူတဲ့ လွှတ်တော်ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံ ဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှ ယ် မရှိတဲ့အတွက် ဒေါက်တာခင်ရွှေ ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ )

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာခင်ရွှေတင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

## ဗိုလ်မှူး/ဗိုလ်ကြီး စိုးဟိန်းနောင် တပ်မတော်သား ကိုယ်စားလှယ်၏မြန်မာစာရေးထုံးများနဲ့ ပတ်သက်၍ ထိန်းသိမ်းကြပ်မတ်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်း နှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား ။ ဗိုလ်မှူး/ဗိုလ်ကြီး စိုးဟိန်းနောင် တပ်မတော်သား ကိုယ်စားလှယ်၏ မြန်မာစာ ရေးထုံးများနဲ့ ပတ်သက်၍ ထိန်းသိမ်းကြပ်မတ်ပေးနိုင်ပါရန်နှင့်စပ်လျဉ်း၍ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဗိုလ် မှူး/ဗိုလ်ကြီး စိုးဟိန်းနောင် က အဆိုတင် သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၀။**

**ဗိုလ်မှူး/ဗိုလ်ကြီး စိုးဟိန်းနောင် (တပ်မတော်သားကိုယ်စားလှယ်)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦး စွာ ပဏာ မဂါရ၀ပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်း ၀င်အမှတ် ကြည်း - ၃၃၂၀၅ (ယာယီ တပ်ခွဲမှူး )ဗိုလ်မှူး/ဗိုလ်ကြီး စိုးဟိန်းနောင် ပဲ ဖြစ်ပါတယ်။ ကျွန်တော် အဆိုပြု တင်သွင်းမှာကတော့ မြန်မာစာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော်၏ တစ်ခုတည်းသော ရုံးသုံးစာဖြစ်သည့်အတွက် မြန်မာစာရေးထုံး များနှင့်ပတ်သက်၍ ထိန်းသိမ်းကြပ်မတ် ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတစ်ရပ်ပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌ ဋ္ဌကြီး ခင်ဗျား။ မြန်မာစကားသုံး ရေးထုံးနဲ့ အသံထွက် များ အဓိပ္ပာယ်လွဲမှားမှုမရှိစေရေးအတွက် ကျွန်တော်ရဲ့အဆိုအား ဖတ်ကြားတင်သွင်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ခွင့်ပြုပါတယ်။

**ဗိုလ်မှူး/ဗိုလ်ကြီး စိုးဟိန်းနောင် (တပ်မတော်သားကိုယ်စားလှယ်)။** ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံ လူမျိုးတစ်မျိုးရဲ့ ဂုဏ်အရည်အချင်း အဆင့်အတန်းကို စာပေ၊ ဂီတ၊ အနုပညာ ၊ ယဉ်ကျေးမှုများနဲ့ အကဲဖြတ်ရာမှာ စာပေဟာ အ ဓိက ကျလှပါတယ်။ ပညာမြင့်မှ လူမျိုး တင့်မည်ဆိုတဲ့ စကားရပ် အတိုင်း နိုင်ငံတိုင်းမှာ လူမျိုးတိုင်းမှာ

မိမိတို့ရဲ့ ယဉ်ကျေးမှုကို စာပေ၊ အနုပညာ မြင့်မားအောင် မြှင့်တင်မှုဖြင့် ဂုဏ်ယူပြသဖော်ဆောင်ကြပါတယ်။ မိမိတို့ မြန်မာနိုင်ငံဟာ ဆိုရင်လည်း ရှေး ယခင်ကတည်းက မြန်မာစာသည်တို့စာ၊ မြန်မာစကားသည်တို့စကားဟူ၍ စာပေယဉ်ကျေး မှုကို မျိုးချစ်စိတ်ဓာတ်ဖြင့်ဖော်ဆောင်၍ လူမျိုးဂုဏ် မြှင့်တင်ခဲ့ကြပါတယ်။ ဒါကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခန်း (၁၅)၊ ပုဒ်မ ၄၅၀တွင် မြန်မာစာသည် ရုံးသုံးစာဖြစ်သည်ဟူ၍လည်းကောင်း၊ ပုဒ်မ ၄၅၂ တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ နိဒါန်း ၊ ပုဒ်မ များ၊ ပုဒ်မခွဲများ ၊ စကားလုံးစုများ ၊ စကားလုံး တစ်လုံးချင်း၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများဖွင့်ဆိုရာ၌ မြန်မာစာဖြင့် ရေးသားထားချက်များ အပေါ်တွင်သာ အခြေပြုရမည်ဟူ၍လည်းကောင်း နိုင်ငံတော် အဆင့်အနေဖြင့် စာပေကို မြှင့်တင်ပြဋ္ဌာန်း သတ်မှတ်ထားကြောင်းတွေ့ရှိရပါတယ်။ ထို့ကြောင့် မြန်မာစာပေသည် မြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသားတိုင်းအတွက် အသက်တမျှအရေးကြီးလှကြောင်း ထင်ရှားပေါ်လွင်လှပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာစာပေရဲ့ အခြေခံအုတ်မြစ်ဟာ မြန်မာရေးထုံးနဲ့ပြောထုံးများပဲဖြစ်ပါတယ်။ ခေတ်ကာလ ရွေ့လျားပြောင်းလဲ လာတာနဲ့အမျှ မြန်မာစာ အရေးအသားရေးထုံးနဲ့ အသံထွက်ပြောထုံးများဟာလည်းပြောင်းလဲပြီး မူရင်းအဓိပ္ပါယ်များဟာလည်း ပြောင်းပြန်ပြောင်းလဲမှုများရှိလာခဲ့ပါတယ်။ ဥပမာ ယနေ့ခေတ်ကာလ လူငယ် /လူလတ်များ သုံးနှုန်း နေကြတဲ့"မိုက်တယ်"ဆိုတဲ့စကားဟာ ဆိုးသွမ်းခြင်း၊ မိုက်မဲခြင်း ဆိုတဲ့အဓိပ္ပါယ်ကို ရည်ညွှန်းခြင်းမဟုတ်တော့ဘဲနဲ့ ကောင်းမွန်ခြင်း၊ အားရကျေနပ်ခြင်း၊ အားကျခြင်း စတဲ့အဓိပ္ပါယ်များ သက်ရောက်လျက်ရှိပြီး (ဘန်းစကား)အနေနဲ့ ယနေ့မှာ တွင်ကျယ်စွာ အသုံးပြုလျက်ရှိတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ထို့ကြောင့် စာပေယဉ်ကျေး မှုကို မြှင့်တင်ရာမှာ ရေးထုံး နဲ့ ပြောထုံးဟာ အခြေခံကျ အရေးကြီးကြော င်းပေါ်လွင်လှပါတယ်။ ရေးတော့အမှန်၊ ဖတ်တော့ အသံဆိုတဲ့စကားအတိုင်း အရေးမှန် အပြောမှန်မှ အဓိပ္ပာယ်မှန်ကန်မှုရှိမှာ ဖြစ်ပါတယ်။ ဒီလိုအရေး မှန်အပြောမှန်စေဖို့ မြန်မာစာရေးထုံး၊ ပြောထုံးများကို အလွယ်တကူဖတ်ရှု ကိုးကားနားဆင် အတုယူနားထောင်စေနိုင်ဖို့ လိုအပ်ပါတယ်။ ဒီလိုအလွယ်တကူ ကိုးကားဖတ်ရှုနားဆင်နိုင်တာတွေကတော့ မိမိပတ်ဝန်းကျင်မှာရှိတဲ့ သတင်းစာတွေ၊ ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေ၊ စာစောင်၊ ရေဒီယို၊ ကက်ဆက်နဲ့ ရုပ်မြင်သံကြားတို့ပဲ ဖြစ်ပါတယ်။ ဥပမာအားဖြင့် မြန်မာစာဂဏန်းများ ရေးသားရာမှာ (၁၊၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇၊ ၈၊ ၉)စတဲ့ ဂဏန်းတွေအန က် မျဉ်းကြောင်းပေါ်မှာ

ရေးသားရမယ့်ဂဏန်း၊ မျဉ်းကြောင်းအောက်က ရေးသားရ မယ့်ဂဏန်းစတဲ့ သတ်မှတ်ချက်တွေ ၊ အမှားများတဲ့ ရေးချနဲ့ ဝိုက်ချ (ရှစ်နဲ့ ဂငယ် ) ၈ နဲ့ ဂ၊ (ခုနှစ်နဲ့ ရကောက် ) ၇ နဲ့ ရ ဒါတွေကို ပညာရေးဌာနက မြန်မာစာ၊ မြန်မာစကားစာအုပ်ထုတ်ဝေပြီး ပြင်ဆင်ပေးခြင်း၊မြန်မာ့ရုပ်မြင်သံကြား နှင့်ရေဒီယိုတို့က ဇာတ်လမ်း တိုများဖြင့် ပညာပေးခြင်းစသည်ဖြင့် အလေးထား ဆောင်ရွက်လျက် ရှိနေတာကို တွေ့မြင်ရမှာပဲ ဖြစ်ပါတယ်။

သို့ပါသော်လည်း ဒီလိုဆော င်ရွက်လျက်ရှိပေမယ့် ပုဂ္ဂလိကက ထုတ်ဝေတဲ့ အချို့ ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်တွေ၊ ရုံးသုံးစာတွေ ၊ အခြားတသီးပုဂ္ဂလ အစီအစဉ်နဲ့ ထုတ် ဝေတဲ့ စာစောင်တွေမှာ မြန်မာစာလုံးပေါင်းသတ်ပုံတွေကို အလေးအနက်ထား စိစစ်မှုမရှိဘဲ အလျဉ်းသင့်သလို ရေးသားဖော်ပြနေကြတာကို တွေ့မြင်နေရပါတယ်။ အဓိကအားဖြင့် . ရေးထုံးနှင့် ပြောထုံးကို ခွဲခြားမသုံးခြင်း ဘဲ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာရေးထုံးမှာ အန က်ရှိတဲ့စကားလုံးကို မူလအတိုင်း ရေးတယ်။ အနက်စွဲရေးနည်းနဲ့ အနက်မရှိအသံသာရှိတဲ့ စ ကားလုံးကို အသံထွက်အတိုင်းရေးတဲ့ အသံစွဲရေးနည်းဆိုပြီးတော့ ရေးနည်း(၂)မျိုးရှိပါတယ်။ ဥပမာ (စွဲမြဲ)ဆိုတဲ့ အနက်အဓိပ္ပာယ်ရှိ လို့ (စွဲ)လို့ရေးရမှာဖြစ်ပေမယ့် ဇွဲရှိမှအောင်မြင်မယ် စသည်ဖြင့် (ဇ)နဲ့အသံထွက်အတိုင်းရေးခြင်း၊ ကော်လို့ရတဲ့အရာဖြစ်လို့ (ကော်)ကော်ပြားလို့ အနက်အဓိပ္ပာယ်အတိုင်း ရေးရမယ့်အစား (ဂေါ်)ဂေါ်ပြားဆိုပြီး အသံထွက်တဲ့အတိုင်းရေးခြင်း ဒါတွေဟာ အသံကို အစွဲပြုပြီး အသံထွက် အတိုင်းရေးထားတဲ့ အသံစွဲရေးနည်းရေးထုံးတွေပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ရေးထုံးကို ထိန်းသိမ်းသင့်တဲ့အတွက် အချို့စကားလုံးတွေကိုတော့ အနက်အဓိပ္ပာယ် ရှိတဲ့အတိုင်း အနက်စွဲရေးနည်းနဲ့ ရေးသား ရပါတယ်။ (ဇီးသီး)လို့အသံထွက်ပေမယ့် (ဆ)နဲ့(ဆီးသီး)လို့ရေးခြင်း၊ (ဂွကျ)လို့ အသံထွက် ပေမယ့် (ခ)နဲ့(ခွကျ)လို့ရေးခြင်း၊ (ဒုတ်)လို့အသံထွက်ပေမယ့် (တ)နဲ့(တုတ်)လို့ရေးခြင်းနဲ့ (ဒို့)လို့ အသံထွက်ပေမယ့် (တ)နဲ့(တို့)လို့ရေးခြင်းများပဲ ဖြစ်ပါတယ်။ ဒီအချက်တွေကို ပညာရေး ဝန်ကြီး ဌာနကထုတ်ဝေတဲ့ သတ်ပုံ ၊ခွဲထား၊အဘိဓာန်တွေမှာကြည့်လျှင် သိရှိတွေ့မြင် ရမှာဖြစ်ပါတယ်။ သို့ပါသော်လည်း စီးပွားရေး၊ လူမှုရေး လုပ်ငန်းဆောင်တာများ များပြားလှတဲ့ ယခုလို ခေတ်ကြီးထဲမှာ တင် ပြပါပညာရေးစာစောင်တွေကို ဖတ်ရှုခြင်းထက် လူမှု ပတ်ဝန်းကျင်မှာ ပိုမိုလွယ်ကူစွာ အခြားအကြောင်းအရာများနဲ့ပါ တွဲဖ က်ပြီးဖတ်ရှုနိုင်တဲ့ နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း တွေကို ဖတ်ရှုတဲ့ သူတွေက ပိုမိုများပြားလှ ပါတယ်။ လေးစားအပ်ပါသော

ဥက္ကဋ္ဌကြီးခင်ဗျား။ မြ  န်မာနိုင်ငံမှာ မြန်မာလူမျိုးတွေ  အဖတ်များတဲ့ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ မြန်မာစကားလုံးကို အမှားသုံးနေကြတာတော့ အထူး ပဲအန္တရာယ်ကြီးလှပါတယ်။ အထက်မှာတင်ပြခဲ့တဲ့ (လူမိုက်)ဆိုတဲ့စကားလုံးလိုပါပဲ။ အချိန်ကာလ ကြာလာတာနဲ့ အမျ အဓိပ္ပာယ်လွဲ ကောက်ချက်လွဲလာနိုင်ပါတယ်။ အထူးသဖြင့် ရေးထုံးမရှိတဲ့ စကားလုံးတွေကို အသုံးတွင်ကျယ်လာခြင်းဟာ မြန်မာစာပေရဲ့ဂုဏ်သိက္ခာ အထူးပဲထိခိုက်လှပါတယ်။ အမှားအမှန် ရောထွေးပြီးတွင်ကျယ်နေတဲ့ စကားသုံး၊ ရေးထုံးအမှားတွေကို ကျွန်တော်အနည်းင  ယ် သာဓက တင်ပြလိုပါတယ်။ ပထမဦးစွာ ရေးထုံးမရှိဘဲ ရေးသားနေတဲ့(လ ယပင့် ဟထိုး ကသတ်) (လျှက်) အသုံးကို တင်ပြပါ့မယ်။ ရန်ကုန်မြို့တွင် နေထိုင်လျှက်ရှိသောပြည်သူများ၊ ကျောင်းအုပ်ဆရာကြီး က ကျောင်းသားများစာကျက်ရန် စီမံ ခန့်ခွဲလျှက်ရှိသည်။ နယ်စပ်ဒေသက ဝင်ရောက်လျှက်ရှိသော ကုန်ပစ္စည်းများ၊ ကျေးဇူးတင်လျှက်ရှိပါသည်။ စသည်ဖြင့် (လ ယပင့် ဟထိုး ကသတ်) (လျှက်)ကို (လျက်)အသုံးမှာ (လျက်)ကို (ဟထိုး)ထည့်၍ ရေးသားနေကြပါတယ်။ ရေးထုံး အမှန်က(ဟထိုး) မပါပါဘူး။ (လ ယပင့် ကသတ်)(လျက်)နဲ့ပဲ ရေးသားရပါတယ်။ (လယပင့် ဟထိုး ကသတ်)(လျှက်) ကို ဘယ်နေရာမှာသုံး လည်းလို့ မေးကြည့်တဲ့အခါမှာ ရှာကြည့်တဲ့အခါမှာ ဘယ် နေရာမှာမှ မသုံးပါဘူး။ ဘာဖြစ်လို့လဲ ဆိုရင် မြန်မာစာရေးထုံးမှာ (လယပင့်ဟထိုး ကသတ် )(လျှက်)က ရှိကိုမရှိလို့ပဲ ဖြစ်ပါတယ်။ အဲဒီလို အဘိဓာန်မှာလည်း မပါ၊ သတ်ပုံမှာလည်း မရှိ၊ ခွဲထားမှာလည်း မတွေ့ရတဲ့ (လယပင့်ဟထိုး ကသတ်  )(လျှက် )ရေးထုံး ကို တွင်တွင်ကြီး မှားယွင်းစွာ အသုံးပြုနေတာကို စာတွေမှာ တွေ့  မြင်နေရပါတယ်။ နောက်တစ်ခုက (မှ)နဲ့ (က)အသုံးပဲ ဖြစ်ပါတယ်။ (မှ)ကို(သို့)နဲ့ တွဲသုံးရမယ်။ (က)ကို ပြုသူ၊ ဖြစ်သူ၊ ရှိ သူနဲ့ တွဲသုံးရမယ်ဆိုတာ မြန်မာစာအဖွဲ့က ထုတ် ဝေတဲ့စာအုပ်တွေ၊ မြန်မာ့ရုပ်မြ င်သံကြားက ဇာတ်လမ်းတို တွေမှာ ဖော်ပြပြီးဖြစ်ပါတယ်။ သို့သော်လည်းပဲ ယနေ့အချိန်အထိ အမှားမရပ် အသုံးမတတ်သေးတာကို စာအုပ်စာပေတွေမှာ တွေ့မြင်ရပါတယ်။ အဆိုးဆုံးကတော့ အချို့ မြို့ ဝင်/မြို့ထွက် (ကြိုဆိုပါ၏) ဆိုင်းဘုတ်တွေမှာ (ကွက်လပ်မြို့)က လှိုက်လှဲစွာကြိုဆိုပါ၏လို့ ရေးရမယ့်အစား (ကွက်လပ်မြို့) မှ လှိုက်လှဲစွာကြိုဆိုပါ၏ ဆိုပြီး (က)နဲ့ (မှ)ကို မှားယွင်းစွာ ရေးသားနေကြတာကို ဝမ်းနည်းဖွယ် ကောင်းစွာ တွေ့မြ င်နေရပါတယ်။ မြို့ရဲ့ ဂုဏ်သိက္ခာ ၊ မြို့လူထုရဲ့ ဂုဏ်သိက္ခာ အင်မတန် မှ ကျဆင်းစေပါတယ်။ နောက် အထင်ကရ မှားနေတဲ့ ရေးထုံးတစ်ခုကတော့(ဒို့)အသုံးပဲ ဖြစ်ပါတယ်။ (ဒို့)လို့ (ဒဒွေးသံ)ထွက်သော်လည်းပဲ (တ)နဲ့ (တို့)လို့ အနက်စွဲအတိုင်း ရေးရမယ်လို့ မြန်မာစာမှာ

ပြဋ္ဌာန်းသတ်မှတ်ထားပြီးဖြစ်ပါသည်။ (ဒ)နဲ့ ရေးတဲ့ (ဒ့ို)ဟာ ရေးထုံး စကားလုံး မရှိပါဘူး။ အနက်လည်းမရှိပါဘူး။ အသံသာရှိတဲ့ စကားလုံးတစ်ခုပဲ ဖြစ်ပါ တယ်။ ပြ ည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁၃)၊ ပုဒ်မ ၄၃၉(က) နိုင်ငံတော်သီချင်းမှာ ဆိုရင် (တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ၊ တို့ပြည်၊တို့မြေ )ဆိုပြီးတော့ သီချင်းစာသားပါပါတယ်။ အဲဒီမှာ (ဒို့)လို့ အသံထွက်ပေမယ့်၊ ရေးထုံး အမှန်အတိုင်းပဲ (တ)နဲ့ (တို့)စာလုံးပေါင်းထားတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒို့ပြည်ထော င်စု၊ ဒို့နိုင်ငံသား၊ ဒို့တာ ဝန်၊ ဒို့ အရေး အားလုံးဟာ (တ)နဲ့ပဲ ရေးရမှာဖြစ်ပါတယ်။ ဥပမာ - (တည င်းသီး)လို့ (တ)နဲ့ ရေးပေမယ့် (ဒညင်းသီး)လို့ အသံ ထွက်သလိုပဲ (တ)နဲ့(တို့)လို့ ရေးပေမယ့် (ဒို့)လို့ အသံထွက် ကြပါတယ်။ အသံထွက်ရပါတယ်။ ဒါပေမယ့် ရေးထုံးကို ဖျက်၊ အသံထွက်အတိုင်း (ဒို့)လို့ (ဒဒွေး)နဲ့ မှားယွ င်းအသုံးပြုနေကြတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ အဓိကအားဖြင့် ရေးတော့အမှန် ဖတ်တော့အသံ မကွဲပြားပဲ သုံးနှုန်းနေကြတာပဲ ဖြစ်ပါတယ်။ (ဝါကျ)ဟုရေးသော်လည်း (ဝက်ကျ)လို့ အသံထွက်ရခြင်း (ယေဘုယျ)ဟုရေးသော်လည်း (ရေဘုံယျ)လို့ အသံထွက်ရခြင်း (ဝိညာဥ်)လို့ ရေးသော်လည်း (ဝိညင်)လို့ အသံထွက်ရခြင်း တွေ ဟာ အမှန်ဖြစ်ပေမယ့် (ဝါကျ၊ ယေဘု ယျ၊ ဝိညာဥ် )ဆိုပြီး စကားလုံးအတိုင်း မှား ယွင်းစွာ အသံထွက်နေကြတဲ့ ပြောထုံးအမှားများကို လွှတ်တော်ဝန်းကျင် မှာ တွေ့မြင်နေရပါတယ်။ တင်ပြပါ ရေးထုံးနဲ့ ပြောထုံးတွေဟာ အမှားကြာလာ တာနဲ့အမှု အမှန်အဖြစ် မြင်လာထင်လာခြင်းသာ ဖြစ်ပါတယ်။ တစ်ယောက်ကအစ၊ တစ်ရာအဆုံး အသုံးများလာတဲ့အခါမှာ လူညီလျှင် (ဤ)ကို (ကွဲ)ဖတ်ပြီး အမှားထပ် လာခြင်းပဲ ဖြ စ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အချုပ်အားဖြင့် တင်ပြရပါလျှင် စာပေ ယဉ်ကျေးမှုဟာ နိုင်ငံတစ်နိုင်ငံနှင့် လူမျိုးတို့၏ ဂုဏ်သိ က္ခာပဲ ဖြစ်ပါတယ်။ နိုင်ငံတိုင်းနိုင်ငံတိုင်း မှာ ရှိကြတဲ့ လူမျိုးများဟာ မိမိတို့ရဲ့ ယဉ်ကျေးမှုကို စာပေမြင့်မားမှု မြှင့်တင်မှုတို့နှင့် ဂုဏ်ယူ အလေးထား လာကြတာကို တွေ့မြင်နေရမှာဖြစ်ပါတယ်။ ယခုအခါမှာ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသားများကပါ မြန်မာစာပေနဲ့ ယဉ်ကျေးမှုကို လေ့ လာနေကြတဲ့အတွက် မိမိတို့ရဲ့ စာပေ ယဉ်ကျေးမှုအပေါ်မှာ ယခင်ကထက် ပိုမိုအရေးထား ဂရုပြု လေးစားကြရမှာပဲ ဖြစ်ပါတယ်။ “အစ ကောင်းမှ အနှောင်းသေချာ” ဆိုသလို စာပေမြှင့်တင်ဖို့ ဆိုရင် အခြေခံဖြစ်တဲ့ အရေးအသား ရေးထုံးနဲ့အသံ ပြောထုံးများမှန်ကန်ဖို့ လိုအပ်လာပါတယ်။ ဒီလိုမှန်ကန်နိုင်အောင် အမှား /အမှန် ခွဲခြားသိနိုင် အောင် လွှတ်တော်ဝန်းကျင် အတွင်း အလွယ်တကူ ကိုးကားနိုင်၊ မြင်နိုင်၊ ကြားနိုင် တဲ့စာပေတွေ၊

စကားလုံးတွေ၊ အသံထွက်တွေ မှန်ကန်ဖို့ အထူးပဲ အရေးကြီးလှပါတယ်။ ဒါကြော င့် နေ့စဉ်ထုတ် သတင်းစာများမှာပါတဲ့ မြန်မာစာအရေးအသားများကို စံပြု ရေးထုံးများဖြစ်စေရေး၊ မြန်မာ့ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့က ပြောကြားချက်များ ကို မြန်မာစကားသံ စံပြု ပြောထုံးများ ဖြစ်စေရေးနှင့် လူမှုပတ်ဝန်းကျင်အတွင်း နေ့စဉ်တွေ့မြင် ကြားသိနေရသော ဂျာနယ်၊ မဂ္ဂဇင်း၊ စာစောင်များ၊ ပုဂ္ဂလိကအသံလွှင့်ဌာနများကို မြန်မာစာအရေးအသား နှင့် အသံထွက်များအတွက် နိုင်ငံတော်အဆင့် ထိန်းသိမ်းကြပ်မတ်ပေးပါရန် ပြည် ထောင်စုအစိုးရအား တိုက်တွ န်းကြောင်း အဆိုကို အမျိုးသားစာပေ ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်နိုင်ရေး အကျိုးငှာ ရိုသေလေးစားစွာ တင်သွင်း အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**အချိန်၊ ၁၄း၁၄။**

**ဗိုလ်မှူးတိုးမင်းထွန်း(တပ်မတော်သား ကိုယ်စားလှယ်)**။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြည်း -၂၅၃၀၉ ဗိုလ်မှူးတိုးမင်းထွန်း ဖြစ်ပါတယ်။ ဗိုလ်မှူး/ဗိုလ်ကြီး စိုးဟိန်း နောင် တင်သွင်းသွားသော မြန်မာစာ ရေးထုံးများနှင့် ပတ်သက်၍ ထိန်းသိမ်း ကြ ပ်မတ်ပေးနိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၁၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဗိုလ်မှူး / ဗိုလ်ကြီး စိုးဟိန်းနောင် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထော က်ခံသွား ပါတယ်။ အဆိုမှာ မြန်မာစာ ရေးထုံးများနှင့် ပတ်သက်၍ ထိန်းသိမ်းကြ ပ်မတ်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံ ဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ကိုယ်စားလှယ် ရှိပါသလားခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘော မတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဗိုလ်မှူး/ဗိုလ်ကြီး စိုးဟိ န်းနောင် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဗိုလ်မှူး/ဗိုလ်ကြီး စိုးဟိန်းနောင် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအ ဝေးရပ်နားတဲ့အခါ အမျိုးသား လွှတ်တော် အစည်းအဝေးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြရန် ဖြစ်ပါတယ်။

## ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ အဆင့်မြင့်ပညာရေးကဏ္ဍ မြှင့်တင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၄း၁၆။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၉)မှ ဒေါက်တာခင်ရွှေ က အဆင့်မြင့်ပညာရေးကဏ္ဍ မြှင့်တင်ရေးနှင့်ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်းတဲ့အဆို တစ်ရပ် တင်သွင်းလိုကြောင်း အမျိုး သား လွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယခု ဒေါက်တာခင်ရွှေ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၁၆။**

**ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၉)မှ အဆင့်မြင့် ပညာရေးကဏ္ဍမြှင့်တင်ရေးနှင့် ပြုပြင်ပြောင်းလဲရေးအဆိုကို တင်ပြသွားမှာဖြစ်ပါတယ်။ ဒီအဆိုကို ကြည့်ရှုဖတ်ကြားခွင့်ပြုပါရန် မေတ္တာရပ်ခံအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဒေါက်တာခင်ရွှေ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒီအဆိုကို အဓိကကျွန်တော်တင်ရတဲ့ အကြောင်းအရာကတော့ ကျွန်တော်တို့ ငယ်စဉ် ဘဝတုန်းက နေခဲ့တဲ့ ကျောင်းသားဘဝတုန်းက ဆရာ/ဆရာမ အခြေအနေနဲ့ ဒီနေ့ ဆရာ /ဆရာမ အခြေအနေနဲ့ ကျွန်တော် အမြင်အားဖြင့် ကွဲလွဲတာတွေ့တဲ့ အတွက်ကြောင့် တင်ပြရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကဆိုရင် ဆရာ /ဆရာမများက ရတဲ့လခနဲ့ လုံလောက်တဲ့အတွက်ကြောင့် ကျောင်းတက်တဲ့ကလေးတွေ မရှိရင်တောင် မှ တစ်ချို့ကလေး တွေကိုပြန်ပြီး ထောက်ပံ့တဲ့အဆင့်တွေ၊ ကျွန်တော်တို့ဆိုလည်း မူလတန်းကတည်းကိုက ဆရာ/ဆရာမများကိုကြောက်တဲ့အပြင် ဒီနေ့အထိ အမှတ်ရနေပါတယ်။ နောက် စည်းကမ်းတကျ စည်းကမ်းကိုလည်း အဓိကထားပြီး ထိန်းသိမ်းပြီးတော့ မ ည်သည့်ကျောင်းသားမိဘကိုမှ ဂရုစိုက် စရာမလိုဘဲနဲ့ စည်းကမ်းကို တစ်သမ တ်တည်း ထိန်း လို့ရပေမယ့် ဒီနေ့အခြေအနေမှာ ဆရာ/ဆရာမများအနေနဲ့က ကျောင်းသားမိဘများကို သူ့အထိုက်အလျောက်ဆက်ဆံနေရတာ တွေ့ရတဲ့အတွက်ကြောင့် နောက်တစ်ခုက တစ်ဖက်ကနေပြီးတော့ နောက်ပိုင်းမှာ ကျူရှင်တွေ ပေါ်လာတယ်။ ပေါ်လာတာကို ဒီနေ့ ကျူရှင်တွေ ပိတ်လိုက်တဲ့အတွက်ကြောင့်လည်း တစ်ဖက်မှာ စားဝတ်နေရေးအရ ဖြစ်နေပါတယ်။ အဲဒါကို ကျွန်တော်တို့က တစ်ဖက် ကပြန်ပြီး စဉ်းစားတဲ့အချိန်မှာ ဥပမာ -ဆရာဝန်ဆိုရင် ဆေးခန်းတွေဖွင့်တယ်။ ရိုးရိုးဆရာဝ န်တွေအနေနဲ့ သူ့အနေနဲ့ နာမည်ကြီးတယ်ဆိုရင် သူ့ဆီပဲ ပြုံသွား တဲ့ အနေအထားဖြစ်တဲ့အတွက်ကြော င့် ကျွန်တော်တို့အနေနဲ့ ဒီနေ့ အချိန်မှာ ပညာရေးကိုပြန်ပြီးတော့ ပြန်စပြီးတော့ ပညာရေးနဲ့စပြီး တင်ရမယ့်အချိန်ကာလဖြစ်တဲ့ အတွက်ကြောင့် အဓိကတာဝန်ယူရမယ့် ဆရာ /ဆရာမများကိုမှ သူတို့ကို ထွက်ပေါက်မပေးဘူး။ ကျွန်တော်တို့က တင်မပေးနိုင်ဘူးဆိုရင် ကျွ န်တော်တို့က ပညာရေးကို ဘယ်လိုပဲတင်တင်၊ စည်းကမ်းဘယ်လိုပဲ သတ်မှတ် သတ်မှတ် လုံးလည်ချာလည် ဖြစ်ပြီးတော့ ကျွန်တော်တို့ဒီအတိုင်း ဒီအတိုင်းပဲ ပြန်သွားနေမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီအဆိုကို တင်ပြခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား ။ မြန်မာနိုင်ငံမှာ လူသားစွမ်းအင် အရင်းအမြစ်တိုးတက်ရေးအတွက် အဓိကပင်မအထောက်အပံ့ဖြစ်တဲ့ အစိုးရပညာ ကျောင်းများ မှာသင်ကြားပို့ချနေတဲ့ ဆရာ /ဆရာမများဟာ အဓိကအခန်းက ဏ္ဍအနေနဲ့ ပါဝင်နေပါတယ်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ /ဆရာမများဟာ လက်ရှိကုန်ဈေးနှုန်းနဲ့ စားဝတ်နေရေး အခြေအနေအမျိုးမျိုးတို့ကြောင့် နိုင်ငံတော်မှ ပေးတဲ့ လစာနှုန်း များဖြင့် မလုံလောက် နေတာကို

တွေ့ရပါတယ်။ ဒါကြောင့် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများမှာ တာဝန် ထမ်းဆောင်နေကြတဲ့ ဆရာ /ဆရာမများဟာ ၎င်းတို့ရဲ့ စာသင်ချိန်ပြင်ပ မှာ မိမိတို့ရဲ့ ကျောင်းများမှ ကျောင်းသူ /ကျောင်းသားများကို ကျူရှင် သင်တန်းများ ပေးလျက်ရှိပြီးတော့ အပိုဝင်ငွေရှာခဲ့ပါတယ်။ အစိုးရဝန်ထမ်း ဆရာ /ဆရာမများ ဟာ မိသားစုတစ်စုရဲ့ အိမ်ထောင်စု ဒါမှမဟုတ် မိသားစုရဲ့ ပင်မဝင်ငွေ ရှာဖွေရသူဖြစ်လို့ရှိရင် မိသားစု တစ်စုအတွက် မလုံ လောက် သောငွေကြေးများ ဖြစ်ပါတယ်။ ဥပမာ-အထက်တန်းပြ ဆရာတစ်ဦးရဲ့ လစာ ဟာ(၆၄၀၀၀)ကျပ်၊ အလယ်တန်းပြဆရာတစ်ယောက်ရဲ့ လစာဟာ (၅၉၀၀၀)ကျပ်၊ မူလတန်းပြဆရာတစ်ယောက်ရဲ့ လစာဟာ(၅၄၀၀၀)ကျပ် အသီးသီးရရှိခဲ့တဲ့ လစာများဟာ သူတို့နေထိုင်တဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ ဝန်ထမ်းအသီးသီးရဲ့ ဝင်ငွေနဲ့နှိုင်းယှဉ်မယ်ဆိုလို့ရှိရင် အလွန်ကွာဟလျက်ရှိတာကို တွေ့ရ ပါတယ်။ ဆရာ /ဆရာမတည်းဟူတဲ့ ဂုဏ်ဒြပ်နဲ့ရရှိတဲ့ ဝင်ငွေ လစာဟာ မမျှတသော်လည်း (နာသုံးနာ)နဲ့ ကျောင်းသားများ အတန်းပညာတတ်မြောက်ရေးကို ရှေးရှုပြီးတော့ တာဝန် ထမ်းဆောင်နေကြတဲ့ သူများလည်းဖြစ်ပါတယ်။ ဆရာ /ဆရာမများရဲ့ ကျန်းမာရေး၊ လူမှုရေး အစရှိတဲ့ မမျှော်လင့်တဲ့ ကုန်ကျစရိတ်များ ဖြစ်လာလို့ရှိရင်လည်း ဆိုဖွယ် ရာမရှိတော့ပါဘူး။ အဲဒီလိုအခက်အခဲမျိုးစုံ ရင်ဆိုင်ကျော်ဖြတ်နေရင်း ကုန်ကျစရိတ်များကို တစ်ပိုင်တစ်နိုင်ဖြေရှင်း ကြိုးစားရင်းနဲ့ (ကျူရှင်)စနစ်ဆိုတာ ပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။ ဆရာ/ဆရာမများအနေဖြင့် ကျောင်းစာသင်ချိန်ပြင်ပမှာ အဲဒီလို ကျူရှင်သင်ကြားခြင်းကို ထိရောက်သည့် အရေးယူမှု များလည်း အားနည်းသည့်အတွက်ကြောင့် ပြင်ပကျူရှင်သင်ကြား ခြင်းများဟာ ရေရှည်တည်တံ့ နေတဲ့သဘောဖြစ်ခဲ့ပါတယ်။ ပညာရေးဝန်ကြီးဌာနက နေပြီးတော့ ထုတ်ပြန်ထားတဲ့ အစိုးရ ဝန်ထမ်းဆရာ/ဆရာမများ ပြင်ပတွင် ကျူရှင်သင်ကြားခြင်းမပြုရ ဆိုသောအချက်သည် ဆရာ/ဆရာမများအပေါ် မှာ မျှတမှု မရှိပါ ဘူး။ ဒါကြောင့် အဆိုပါ ပြဿနာပြေလည်ရေးအတွက် ကို ပြည့်စုံမှုရှိပြီး ထိရောက် သည့် ဖြေ ရှင်းနည်းများကို စဉ်းစားလုပ်ကိုင် ရန် လိုအပ် လာပါတယ်။ အစိုးရကျောင်းများမှာ ဆရာ /ဆရာမများအနေနဲ့ ပြင်ပမှာကျူရှင်ပေးခြင်းကို တားမြစ်ကန့်သတ် ရန်အတွက် ဖြေရှင်းနည်းပေါင်း(၃)သွယ်ရှိတာကို ကျွန်တော်တွေ့ ရှိရပါတယ်။ အဲဒီဖြေရှင်းနည်း (၃)သွယ်ကို တစ်ခု သို့မဟုတ် တစ်ခုကို ဖြေရှင်းရန် လုပ်ဆောင်ခြင်းမဟုတ်ဘဲနဲ့ ဖြေရှင်းနည်း (၃)မျိုးစလုံးကို တစ်ပြိုင်နက်လုပ်ဆောင်ရန် လိုအပ်ပါတယ်။ (၁) ပထမဆုံးနည်းလမ်းကတော့ အစိုးရဝန်ထမ်း ဆရာ/ဆရာမများကို အကန့်အသတ်ဖြင့် ကျူရှင်သင်ကြား ပေးခွင့်ပြုခြင်း

ဖြစ်ပါတယ်။ စာသင်ခန်းအတွင်းမှာ ရှိတဲ့ ရှိသေစွာစာသင်ကြားခြင်း မရှိတော့ခြင်းနဲ့ မေးခွန်းများ လွယ်လင့်တကူပေါက်ကြားခြင်း ဒါကြောင့် ဝန်ကြီးဌာနက ဆရာ /ဆရာမများကို စည်းကမ်းတကျ ပညာသင်ကြားနိုင်ရန်အတွက် ပြဋ္ဌာန်းတယ်လို့ ကျွန်တော်ယူဆပါတယ်၊ ဒါကြောင့် ထပ်မံပြီးတော့ မဖြစ်ပေါ်စေရန်အတွက် စည်းကမ်းချက်သတ်မှတ်ဖို့လိုပါတယ်။ အဲဒါ ကတော့ မိမိစာသင်ကြား ရာမှာ အတန်းရှိ မည်သည့်ကျောင်းသူ/ကျောင်းသားကိုမှ ပြင်ပတွင် အခကြေးငွေယူ၍ သင်ကြားခြင်းမပြုရန် ပြဋ္ဌာန်းပြီးတော့ အခြားကျောင်းသူ/ကျောင်းသားများအား သင်ကြား ခြင်း ကိုခွင့်ပြု၍ လျော့ပေါ့လက်ခံပေးသင့်ပါတယ်။ တခြားပညာသည်တွေလည်း ထိုနည်းလည်းကောင်း လုပ်နေတော့ ဆရာမကိုမှ လုံးဝကန့် ထားမယ်ဆိုရင်တော့ ကျွန်တော်တို့ အနေနဲ့ ဆရာမတွေရဲ့ ထွက်ပေါက်ကို ပိတ်မှာဖြစ်တဲ့အတွက်ကြောင့် ဒါမျိုး လေးခွင့်ပြုမယ်ဆိုရင်တော့ သူတို့အတွက် ထွက်လမ်းလေးတစ်လမ်း ဖြစ်သွားပါမယ်။ တကယ်လို့ မိမိအတန်းရှိ ကျောင်းသူ /ကျောင်းသား များကို အခကြေးငွေယူပြီးတော့ သင်ကြား ခြင်းကို ကျူးလွန်ဖောက်ဖျက်ပါက ပညာရေးဌာနမှ အလုပ်ထုတ်တာတို့၊ တရားစွဲဆိုတာတို့ အပြစ်ပေးခြင်းတို့ ထိရောက်တဲ့ ဥပဒေ၊ နည်းဥပဒေများနဲ့ အဆိုပါ အစိုးရဝန်ထမ်း ဆရာ/ဆရာမများကို အပြစ်ပေး အရေးယူရန်လိုအပ်ပါတယ်။ အဲဒီလို ထိရောက်စွာ အပြစ်ပေး အရေး ယူနိုင်ခြင်းမရှိလို့ရှိရင် အောက်ခြေမှာ ဆရာ /ဆရာမများ အနေဖြင့် အစိုးရမှထောက်ပံ့ပေး တဲ့ အပိုဆုကြေးငွေရရှိသော်လည်း ပြုမြဲအတိုင်း မိမိ အတန်းမှ ကလေးများကို အပြင်ကျူရှင်ပေးခြင်းဖြင့် အပိုငွေရှာနေ ဦးမှာဖြစ်ပါတယ်။ ဒါကြောင့် တရား ဥပဒေအရ ထိရောက်စွာအပြစ်ပေး အရေးယူနိုင်ရန် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ ကိုလည်း ရေးဆွဲ အတည်ပြုရမှာ ဖြစ်ပါတယ်။ နောက် ဒုတိယအနေနဲ့ နောက်ဆက်တွဲ နည်းလမ်း တစ်ခုကတော့ နိုင်ငံတ စ်ဝန်းလုံးမှာရှိတဲ့ အစိုးရအထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်း မှာရှိတဲ့ ကျောင်းဆရာ၊ ဆရာမများအတွက်ကို လက်ရှိလစာအပြင်ကို အပို ဆုကြေးငွေ တ စ်ရပ် အနေနဲ့သတ်မှတ်ပြီး တိုးမြှင့်ပေးရန်ဖြစ်ပါတယ်။ အဆိုပါ ဆုကြေးငွေဟာ လစာတိုးခြင်း မဟုတ်ဘဲနဲ့ အစိုး ရကျောင်းများမှာ အလုပ်လုပ်တဲ့ဆရာ/ ဆရာမများအတွက် စာသင်ပြီးတော့ အသက်မွေးဝမ်းကျောင်းပြုတဲ့အတွက် နိုင်ငံတော်မှ ချီးမြှင့်သည့် အပိုဆုကြေးငွေ ပဲ ဖြစ်ပါတယ်။ ဒါကြောင့် အခြား သော နိုင်ငံ့ ဝန်ထမ်းများအတွက် အကျုံးမဝင်ရ ပါဘူး။ ဒီအပိုဆုကြေးငွေကို လက်ရှိ ဆရာ /ဆရာမများရရှိနေတဲ့ မူလလစာရဲ့ အနည်းဆုံးတစ် ဆခန့် ရှိသင့်ပြီး တော့ မူလ လစာနဲ့ ပေါင်းပါက ဆရာ /ဆရာမများရဲ့ တစ်ဦးဝင်ငွေဟာ (၂)ဆမျှတိုးလာမှာဖြစ်ပါတယ်။

ဒီလိုဝင်ငွေတိုးလိုက်တဲ့အတွက် မိသား စုရဲ့စားဝတ်နေရေး ဖူလုံ လာမှာဖြစ်ပြီးတော့ ဆရာ / ဆရာမများ ပျော်ရွှင်စွာ စာပေ သင်ကြားနိုင်မှာ ဖြစ်ပါတယ်။ ထိုင်းနိုင်ငံကဲ့သို့သော တိုင်းပြည်မှာ တောင်မှ ကျောင်းဆရာ၊ ဆရာမများနဲ့ တရားသူကြီးများကို အခြားဝန်ထမ်းများထက် ပိုမို ပြီး တော့အပိုဆုကြေးငွေများ လစဉ် ထောက်ပံ့ပြီးတော့ အဂတိလိုက်စားမှု၊ ပြင်ပကျူရှင်တရား မဝင် သင်နေမှုများကို ကာကွယ်ထားပါတယ်။ ဒီလို အပိုဆုကြေးငွေပေးအပ်ခြင်းအပြင် နောက်ဆက်တွဲ နည်းလမ်းတစ်ခုကတော့ အဆိုပါဥပဒေအရ အပြစ်ပေးအရေးယူသည့် နည်းလမ်းအပြင် ပြင်ပမှာ စီးပွားရေးအကျိုးအမြတ်အတွက် စာ ပေသင်ကြားပေးနေတဲ့ ကျူရှင်ကျောင်းများကိုလည်း တရားဝင်မှတ်ပုံတင်ခွင့်ပြုပြီးတော့ အဆိုပါကျောင်းများရဲ့ သင် ရိုးညွှန်းတမ်း ဆရာ/ဆရာမများရဲ့ အရည်အချင်းကို ပညာရေးဝန်ကြီး ဌာနက စိစစ်ကြပ်မတ်ပေးရန်လည်း လိုအပ်ပါတယ်။ အဲ ဒီလို တရားဝင်မှတ်ပုံတင်ပြီးတော့ စိစစ် ကြပ်မတ်ပေးခြင်းမပြုလို့ရှိရင် အရည်အချင်းမရှိတဲ့ ပြင်ပ ကျူရှင်များ ပွားများလာမှာဖြစ်ပြီး တော့ ကျောင်းသူကျောင်းသားများအတွက်လည်း အပိုစရိတ် များကုန်ကျသော်လည်း ထိရောက်သည့်ပညာရေးရလာမှာ မဟုတ်ပါဘူး။ နောက်တတိယမြောက် နည်းလမ်းကတော့ ပြ င်ပမှာကျူရှင်သင်ကြားနေတဲ့ ဆရာ /ဆရာမများရဲ့ ကျူရှင်ကျောင်းများ ကို တရားဝင်မှတ်ပုံတင်ခွင့်ပြုပြီးတော့ အဆိုပါကျောင်းများရဲ့ သင်ရိုးညွှန်းတမ်း ဆရာ/ ဆရာမများရဲ့ အရည်အချင်းများကို ပညာရေးဝန်ကြီးဌာန အနေနဲ့ စိစစ်ကြပ် မတ်ပေးရန် လိုအပ်ပါတယ်။ ထို့ကဲ့သို့ တရားဝင်မှတ်ပုံတင် ပြီးတော့ စိစစ်ကြပ်မတ်ခြင်းမပြုနိုင်လည်း အရည်အချင်း မပြည့်ဝတဲ့ ပြင်ပကျူရှင် ကျောင်းများ၊ ဆရာ /ဆရာမများနှင့် ကျောင်းသား /ကျောင်းသူများ တိုးပွားလာမှာဖြစ်ပြီးတော့ ကျောင်းသား/ ကျောင်းသူများရဲ့ အုပ်ထိန်းသူများ အတွက်လည်း အပိုစရိတ်ကုန်ကျပြီး ထိရောက်တဲ့ပညာရေး ကို ရမှာမဟုတ်ပါဘူး။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဒါကြောင့် ဒီကျွန်တော်တင်ပြခဲ့တဲ့ ဖြေရှင်း နည်း (၃)သွယ်အနက်က တစ်ခုခုကိုသော်လည်းကောင်း၊ (၂)ခု သော်လည်းကောင်း ဖြေရှင်းလုပ်ကိုင်ခြင်းဖြင့် ဆရာ /ဆရာမများအနေဖြင့် ပြင်ပမှာ ကျူရှင်သင် နေတဲ့အလေ့အထကို ပျောက်သွား မှာမဟုတ်ပါဘူး။ ဒါကြောင့် အ ထက်ပါ နည်းလမ်း(၃)သွယ် စလုံးကို တစ် ပြိုင်တည်းဖြေရှင်းရမှာ ဖြစ်ပါတယ်။ အစိုးရဝန်ထမ်း ဆရာ /ဆရာမများအား ထိုက်တန်တဲ့လစာအပြင်ကို အပိုဆုကြေးငွေ ပေးခြင်း၊ ပြင်ပမှာ ကျူရှင် တရားဝင်ကင်းလွတ် ပေးပြီးတော့ မိမိအတန်းတွင်းမှာ ရှိ တဲ့ကျောင်းသူ/ကျောင်းသားများကို အဲဒီကျူရှင်မှာ လက်ခံ သင်ကြားခွင့်မပြုရန် တား မြစ်ခြင်းတို့ကို တစ် ပြိုင်တည်း လုပ်ဆောင်သင့်ပါတယ်။ ဒါမှသာ

ကျောင်းသူ/ကျောင်းသားများနဲ့ အုပ်ထိန်းသူမိဘများအနေနဲ့ အစိုးရဝန်ထမ်း ဆရာ /ဆရာမများ အပေါ်မှာ ရှိသေ လေးစားစွာနဲ့ ဆက်ဆံလာပြီး တော့ အတန်း မှာ ပညာသင်ကြား ရေးမှာ ပုဂ္ဂိုလ်ရေးအစွဲမရှိဘဲနဲ့ အစွမ်းနှစ်ဖက်လွတ် သင်ကြားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် ကျွန်တော် ပြောခဲ့တဲ့ ပြုပြင်ပြောင်းလဲမှု များကို ယခုအချိန်ကနေစပြီးတော့ စီစဉ်ဆောင်ရွက်ရန် အချိန်တန်ပြီ ဖြစ်ကြောင်းကို ကျွန်တော် အဆိုပြု တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုရဲ့ ခေါင်းစဉ်နဲ့ ပတ်သက်လို့ ပြင်ဆင်ဖို့ လိုနေတာတွေ့ ပါတယ်။ အဆင့်မြင့်လို့ သုံးနှုန်းခြင်းဟာ တက္ကသိုလ်များဖြစ်ပါတယ်။ အခြေခံလို့ သုံးနှုန်းခြင်းဟာ မူလတန်းမှအထက်တန်းအထိဖြစ်တဲ့အတွက် အဆင့်မြင့်ဆိုတာ ဖြုတ်လိုက်လို့ရှိရင် ဆရာ/ဆရာမ များအားလုံး အကျုံးဝင်သွားမှာဖြစ်ပါတယ်။ သဘောတူပါသလား။

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နောက်တစ်ခုက ပညာရေးကဏ္ဍ မြှ င့်တင်ရေးဆိုတဲ့အခါမှာ ပညာရေးကဏ္ဍလို့ သုံးလိုက်ခြင်းအားဖြင့် သ င်ကြားရေးနည်းစနစ်များ၊ သင်ရိုးညွှန်တမ်းများ သင်ထောက်ကူများ ဒါတွေပါအကုန်လုံး အကျုံးဝင်သွားတာ ဖြစ်ပါတယ်။ ယခုတင်ပြခဲ့တဲ့ အဆိုဟာ ပညာရေးဝန်ထမ်းဘဝမြှင့် တင်ရေးပဲ ဖြစ်နေပါတယ်။ ဒါကြောင့် မို့လို့ အဆို ကို ပညာရေးဝန်ထမ်းဘဝ မြှင့်တင်ရေးအတွက်ဆိုလို့ရှိရင် လုံလောက်ပါတယ်။ မူလအဆိုရှင် သဘောတူ ပါသလား။

**ဒေါက်တာခင်ရွှေ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ သဘောတူ ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံတဲ့ သူရှိပါက ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ အဆိုကိုထောက်ခံတဲ့ သူရှိပါသလား။

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ အဆိုကိုကျွန်တော် ထောက်ခံပါတယ်။

**အချိန်၊ ၁၄း၂၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာခင်ရွှေ တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ် ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ ပညာရေးဝန်ထမ်းဘဝမြှင့်တင်ရေးအတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကိုလက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့လွှတ်တော်ကိုယ်စားလှယ်များ သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့သူ မရှိတဲ့အတွက် ဒေါက်တာခင်ရွှေရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်ကသဘောတူကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၃၀။**

**ဥက္ကဋ္ဌ။** ။ ဒေါက်တာခင်ရွှေ တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ် နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

**ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)၏ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ် နဘုလယ်ရွာ၌ ထားဝယ်ရေနက်ဆိပ်ကမ်း ပြုလုပ်ရာတွင် သမိုင်းဝင် နေရာများကို မပျက်စီး၊ မထိခိုက်ရန် ထိန်းသိမ်း၍ စနစ်တကျသတ်မှတ်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၄း၃၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးသန်းဆွေ က တနင်္သာရီ တိုင်းဒေသကြီး၊ ထားဝ ယ်ခရိုင်၊ ရေဖြူမြို့နယ် နဘု လယ်ရွာ၌ ထားဝယ်ရေနက်ဆိပ်ကမ်းပြုလုပ်ရာတွင် သမိုင်းဝင်နေရာများကို မပျက်စီးမထိခိုက်ရန် ထိန်းသိမ်း၍ စနစ်တကျသတ်မှတ်ပေးရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ်

တင်သွင်းလိုကြောင်း အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။ ယ ခု ဦးသန်းဆွေ က အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၃၀။**

**ဦးသန်းဆွေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ အားလုံးမင်္ဂလာပါခင်ဗျား။ ရိုသေလေးစားပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွ န်တော်က တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းဆွေဖြစ်ပါတယ်။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး ၊ ထားဝယ်ခရိုင်၊ ရေ ဖြူမြို့နယ် နဘုလယ်ရွာမှာ ထားဝယ်ရေနက်ဆိပ်ကမ်းပြုလုပ်ရာမှာ သမိုင်းဝင်နေရာများ မပျက်စီး မထိခိုက်ရန် ထိန်း သိမ်း၍ စနစ်တကျ သတ်မှတ်ပေးရန်အဆို ကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန် တော်တို့ တနင်္သာရီတိုင်းဒေသကြီး ၊ ထားဝယ်ဒေသမှာ ထားဝယ်ရေနက် ဆိ ပ်ကမ်းပြုလုပ်နေတာ အားလုံးသိကြပြီးဖြစ်ပါတယ်။ ဒီလုပ်ငန်းကြီးဟာ ကျွန်တော်တို့ ထားဝယ်ဒေသကို အကျိုးပြုရုံသာမက မြန်မာပြည်ကိုရော အရှေ့တောင်အာရှဒေသကြီးတစ်ခုလုံးကိုပါ အကျိုး ပြုမယ့်လုပ်ငန်းကြီးဆိုတာကို မငြင်းနိုင်ပါဘူး။ ဒါပေမယ့် ကျွန်တော်က အခုလို အဆိုတင်သွင်းရတာဟာ တိုင်းကျိုး ပြည်ပြုလုပ်ငန်းကြီးတစ်ခုကို ကတ်ဖဲ့လုပ်ပြီးတော့ အမြင်ကျဉ်းမြောင်းစွာနဲ့ တင်ပြတာမဟုတ်ပါဘူး။ ဒီလုပ်ငန်းကြီး ကျွန်တော်တို့ဒေသမှာ ပေါ်ပေါက်တဲ့အတွက် ပြီးမယ့် အချိန်မပြောနဲ့။ အခုတည်းကကို ကျွန်တော်တို့ဒေသ မှာ အင်မတန်မှ အကျိုးဖြစ်ထွန်းနေ ပါပြီ။ မြေဈေးတွေဆိုတာ အဆမတန်တက်သွားပါတယ်။ ပေ(၄၀x၆၀)ရှိတဲ့ မြေကွက်တစ်ကွက်ဟာ သိန်း (၁၀၀)ကနေပြီးတော့ သိန်း (၁၅၀၀)လောက်ထိကိုဖြစ်သွားပါတယ်။ အဲ့ ဒီတော့ ကျွန်တော်တို့ဒေသဟာ လုပ်ငန်းကြီးမ ပြီးခင်အခု တည်းကကို ဖွံ့ဖြိုးလာဖို့ ကျွန်တော်တို့ အင်မတန်မှလိုလားပါတယ်။ သို့သော် ငြားလည်း ဒီကိ စ္စကြောင့် ကျွန်တော်တို့ ထားဝယ်သမိုင်းဝင်နေရာ အချို့ ပျက်စီးသွားနိုင် တဲ့ အရေးကို မျှော်ကိုးပြီးတော့ ကျွန်တော်ဟာ သမိုင်းကို အင်မတန်မှ လေးစားပြီး ဝါသနာပါတဲ့ လူတစ်ယောက် အနေနဲ့ အခုလို ဒီအဆိုကို တင်သွင်းရခြင်း ဖြစ်ပါတယ်။ တ ကယ်လို့သာ ဒီအဆိုကို အချိန်မီမ သွင်းရင် သဘာဝပတ်ဝန်းကျင်က သမိုင်းဝင်နေရာတွေ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိခိုက်ဆုံးရှုံးသွားမှာစိုးပါတယ်ခင်ဗျား။ ထားဝယ်ရေနက်ဆိပ်ကမ်းဆိုပေမယ့် အထူးစီးပွား ရေး ဇုန်စီမံကိန်းသတ်မှတ်ထားတဲ့နေရာဟာ မြေဧရိယာအတော်ကျယ်ဝန်းပါတယ်။ အရင်တုန်းက သူတို့ဧက

(၅၀၀၀)လောက် ပြောရာကနေ နောက် (၅၀၀၀၀)နောက်(၈၀၀၀၀)အခု ကျွန်တော် ဒီအဆိုကို မတင်သွင်းခင် နောက်ဆုံးသိရတဲ့ အဖြေကတော့ (၅၀၅၃၅.၀၂)ဧက စီမံ ကိန်းစီးပွားရေးဇုန် အဖြစ်နဲ့ သတ်မှတ်ထားတာတွေ့ရပါတယ်။ ကျေးရွာအုပ်စု(၁၁)အုပ်စု၊ ကျေးရွာပေါင်း (၁၇)ရွာဟာ အဲဒီစီမံကိန်းထဲမှာ အကျုံးဝင်ပါသွားပါပြီ ။ ဒီတော့ ထားဝယ်ခရိုင် လောင်းလုံ မြို့နယ်ထဲက သာဂရမြို့ဟောင်းဆိုတာ ကျွန်တော် တို့ ထားဝယ်မြို့နဲ့ထားဝယ်မြစ်ကို ကူးလိုက်ပြီးရင် (၇)မိုင် လောက်ပဲဝေးပါတယ်။ တကယ့်ရှေး ဟောင်းမြို့ကြီးပါ။ ပုဂံခေတ်ထက်စောတဲ့ မြို့ဟောင်းကြီး လည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီသမိုင်းဝင်နေရာကြီး ပျက်စီးမယ့် အရေးကိုမျှော်တွေးပြီး အခုလို ဒီအဆိုကိုတင်သွင်းခြင်းဖြစ်ပါတယ်။ ဒီမြို့ဟောင်းကြီးဟာ လောင်းလုံ မြို့နယ်ထဲမှာရှိပေမယ့် ရေဖြူမြို့နယ်အစပ်မှာ အကျုံးဝင်ပါတယ် ။ ထားဝယ်ရေ နက်ဆိပ်ကမ်းက ရေဖြူမြို့နယ်ထဲ ဆိုပေမယ့် သာဂရမြို့ဟောင်းနဲ့မဝေးပါဘူး ။ ကျွန်တော် သူတို့ပြတဲ့ အစီအစဉ်မြေပုံနဲ့ စပ်ပြီးတော့ ကြည့်လိုက်တဲ့အခါမှာ ဒီ မြို့ဟောင်းဧရိယာနဲ့ (၁)မိုင်ပဲကျန်ပါတော့တယ်။ အဲ့ဒီတော့ သူတို့ရဲ့ စီမံကိန်းကြီးဟာ ဒီမြို့ဟောင်းပေါ် ကို မဖြတ် သွားဘူးဆိုသော်ငြားလည်း အခုပဲသူတို့ စီမံကိန်း အတွက်ဖောက်နေတဲ့လမ်းတွေဟာ ဒီမြို့ဟောင်းပတ်ဝန်းကျင်မှာ ရှိတဲ့နေရာတွေကို ဖျက်နေပါပြီ။ ကျွန်တော်တို့ ဒီမြို့ဟောင်းယဉ်ကျေးမှုကလည်း ဂဝံယဉ်ကျေးမှုဖြစ်တော့ ဂဝံစေတီတွေ၊ ဂဝံရုပ်ပွားတွေ ပတ်ဝန်းကျင်မှာရှိပါတယ်။ အခု ဒီဂဝံမြေတွေကိုပဲ သူတို့က တူးပြီးတော့ လမ်းတွေ ဘာတွေခင်းနေပါပြီ။ အဲတော့ ကျွန်တော်တို့မျက်ကွယ်မှာ ဘယ်လောက် ယဉ်ကျေးမှု ပါသွားမယ် ဆိုတာလည်း ကျွန်တော်တို့ မပြောနိုင်ပါဘူး။ အတိုင်းအဆလဲမသိနိုင်ပါဘူး။ သာဂရမြို့ဟောင်း ဆိုတာက အကျယ်အဝန်းအားဖြင့် အရှေ့နဲ့အနောက် မီတာ (၁၆၀၀)လောက်ရှိပါတယ်။ တောင်နဲ့ မြောက်ကတော့ မီတာ (၁၁၀၀)လောက်ကျယ်ပါတယ်။ ကျုံး၊ မြို့ရိုး၊ နန်း တော်ရာနှင့် တကွ အထင်အရှားတည်ရှိနေတဲ့ ရှေးပျူ (၁၂)ပြည်ထောင်မှာပါတဲ့ ရှေး ပျူမြို့ဟောင်းကြီး ဖြစ်ပါတယ်။ ထားဝယ်ရာဇဝင်အရ ရှစ် ရာစုလောက်ကတည်းက မြို့တည်ခဲ့ပါတယ်။ အဲ ဒီတော့ ကျွန် တော်တို့ ပုဂံထက်ကို စောတယ်ဆိုတာသိရပါတယ်။ မင်းဆက်(၃)ဆက်စိုးစံခဲ့ပါတယ်။

ပထမမင်းဆက်ကတော့ သမန္တရာဇာဆက်လို့ခေါ်တဲ့ အေဒီ(၇၅၀)ကနေ (၉၀၈)အထိ ရှိခဲ့တဲ့ မင်းဆက်ပါပဲ ။ ဒုတိယမင်းဆက်ကတော့ ဗညားဦးမင်းဆက်လို့ခေါ်တဲ့ အေဒီ(၉၉၅) ကနေ(၁၀၇၆)အေဒီအထိ ရှိခဲ့တဲ့ မင်းဆက်ပါ။ တတိယမင်း ဆက်ကတော့ ဗျသပိုက် ဇလွန် မင်းဆက် ဖြစ်ပြီးတော့ အေဒီ(၁၅၆၂)ကနေ (၁၇၄၃)အထိ မင်းဆက်(၃)ဆက်ရှိခဲ့ပါတယ်။

ဒီလို ဖော်ပြနေရတာက ဒီမင်းဆက်(၃)ဆက်ကြောင့် ဒီမြို့ဟောင်းကြီးဟာလည်း အဝိုင်းအဝန်း ပုံစံနဲ့ ကျုံး(၃)တန်၊ မြို့ရိုး(၃)တန် ရှိပါတယ်။ ပထမဆုံး သမန္တရာဇာမင်းဆက်က ဒီသမန္တရာဇာ ဆိုတာက ရခိုင်ဗိုလ်ချုပ် အာလောတက် ညွှန့် ဆိုတာနဲ့ ထားဝယ်သူ စုမဒေဝီ တို့က ပေါက်ဖွားတဲ့ မင်းပါ။ ရခိုင်-ထားဝယ်ကပြားပါ။ တ စ်ခါ ဒီမင်းရဲ့သားတော် သမန္တရာဇာက မွန်သူဌေးရဲ့ သမီးကို မိဖုရားမြှောက်တဲ့အတွက် ကျွန်တော်တို့ ရခိုင် ၊ ထားဝယ်၊ မွန်အားလုံး လူမျိုးရေးလည်း ဆက်စပ်နေတယ်။ ယဉ်ကျေးမှုလည်း ရောနှောနေပါတယ်။ အဲဒီမင်းဆက်က ခုနကျွန်တော် ပြောသလို အေဒီ(၇၅၀)ကနေ (၉၀၈)ဆိုတော့ နောက်ဒုတိယမင်းဆက်ဖြစ်တဲ့ ဗညားဦး မင်းဆက် က မွန်ဆက်ပါ။ သူက အေဒီ(၉၉၅) ကနေ (၁၀၇၆)အထိဆိုတော့ (၈၀၀)ကျော် ကျွန်တော်တို့ ကွာနေပါတယ်။ ဒီမွန်မင်းဆက် ကတော့ မွန်တွေကလာအုပ်စိုးလို့ မွန်အမတ်ဗညားဦးက တည်ထောင်တဲ့ မွန်မင်းဆက်ပါ ။ တတိယမင်းဆက်ကတော့ တခါမွန်တွေ ကို တိုက်ထုတ်ပြီးတော့ (ယိုးဒယား)ဒီထိုင်းတွေက လာပြီးတော့ အုပ်ချုပ်သွားတဲ့အတွက် ဗျသပိုက် ဆိုတဲ့ ဇလွန်မင်းဆက် ယိုးဒယားမင်းဆက်ပေါ့လေ။ အဲဒါက အေဒီ(၁၅၆၂)ကနေ (၁၇၄၃) အဲဒါက ဒုတိယမင်းဆက်နဲ့ (၄၀၀) ကွာတာတွေ့ရပါတယ်။ ဒီလို (၈၀၀) (၄၀၀)ကွာနေခြင်းက ဒီကျန်တဲ့နှစ်တွေမှာ ကျွန်တော် တို့ မြန်မာက အင်အားကြီးပြီးတော့ ပုဂံက လာတိုက်ပြီး အုပ်ချုပ်လို့ ဒီကြားကာလဟာ မြန်မာ အုပ်ချုပ်တဲ့ ကာလဖြစ်ပါတယ်။ အဲ ဒီတော့ ကျွန်တော်တို့ ယဉ်ကျေးမှုမှာ မွန် ယဉ်ကျေးမှုလည်း ပါဝင်နေတယ်။ နောက်ထားဝယ်က ရှမ်းလို့ ခေါ်တဲ့ ဒီထိုင်းယဉ်ကျေးမှုလည်း ပါဝင်နေပါတယ် ။ ထိုင်းကို ကျွန်တော် ထားဝယ်လို (ရှမ်း)လို့ခေါ်ပါတယ်။ ဟို ကျွန်တော်တို့ ဗမာပြည်တွင်းက (ရှမ်း) ကိုဆိုလိုတာ မဟုတ်ပါဘူး။ သူက ကျွန်တော်တို့ (Siam)(Shan)ပေါ့။ အဲဒါကိုကျွ န်တော်တို့ တိုက်ရိုက်(ရှမ်း)လို့ခေါ်တာပါ။ အဲတော့ ဒီမင်းဆက် (၃)ဆက် အုပ်စိုး နေရာက နောက်ဆုံးမင်း ထားဝယ်မင်းပေါ့နော်။ မင်းနဲလှ ၁၁၁၃ ခုနှစ်မှာ အဲဒီမြို့ဟောင်းကနေ ပြောင်းပြီးတော့ ယခု လက်ရှိထားဝယ်မြို့နဲ့ (၁)မိုင်လောက်ကွာတဲ့ ယခုကြက်စားပြင်နေရာမှာ ကြ က်စားဆိုတဲ့ မြို့ကို တည်ထောင်ပါတယ်။ (၃)နှစ်အတွင်းမှာပဲ အခြေအနေအရ မြို့ပြောင်းပြီးတော့မှ ခုလက်ရှိ ထားဝယ်မြို့ တည်နေရာမှာ ၁၁၃၆ ခုနှစ်မှာ သာ ယာဝတီမြို့လို့ သမုတ်ပြီးတော့ မြို့တည်ပါ တယ်။ ဒါဒီနေ့ထားဝယ်မြို့ပါ။ အဲတော့ ကျွန်တော်ဆိုချင်တာက ဒီလိုပြောနေတာက ကျွန်တော်တို့ ဟာ ကိုယ့် ထီးကိုယ်နန်းနဲ့ ကိုယ်နေခဲ့တဲ့ လူမျိုးစုလေးတစ်ခုပါ။ ဒီမင်းနဲလှဟာ ၁၁၃၆ သာယာဝတီ မြို့တည်ပြီးတဲ့နောက်မှာ အလောင်းမင်းတရားကြီး အရေးတော်ပုံမှာပဲ ထားဝယ်

ဘက်ကိုရောက်လာပြီးတော့ အလောင်းမင်းတရားကြီးရဲ့ သတ်ဖြတ်ခြင်းကိုခံရလို့ အဲဒီ ကတည်းက ကျွန်တော်တို့ဟာ ထားဝယ်မြို့ မွန်တွေအဖြစ်နဲ့ ဒီကုန်းဘောင်မင်းများ လက်အောက်ခံ လုပ်လာခဲ့တာဟာ အင်္ဂလိပ် -မြန်မာ ပထမစစ်ပွဲအထိပါ။ အဲဒီတော့ ကျွန်တော် ဒီလိုတင်ပြ နေတာက ကျွန်တော်တို့ရဲ့ ဒီမြို့ဟောင်းကြီးဟာ ဘယ်လောက်ယဉ်ကျေးမှုအရ သမိုင်းအရ တန် ဖိုးရှိတယ်ဆိုတာ ပေါ်လွင်စေချင် လို့ဖြစ်ပါတယ်။ သာဂရမြို့ဟောင်း ပတ်ဝန်းကျင်ပတ်လည်မှာ သမိုင်းဝင်ပစ္စည်းများ၊ သမိုင်းဝင်နေရာများဟာ ပြည့်နေပါတယ်။ မြို့ဟောင်းအရှေ့ဘက်မှာ ထားဝယ်မြစ်ရှိပြီးတော့ မြို့ဟောင်းမှ ကျိုင်း ချောင်းနဲ့ ပဒတ်ချောင်းတွေ စီးဝင်ပါတယ်။ အဲဒီမှာ မြို့ဟောင်းရဲ့ ဆိပ်ကမ်း ဖောင်ဆိပ်ဆိုတာ ဒီနေ့ထိရှိပါတယ်။ အဲဒီကနေပြီးတော့ တခြားမြို့ရွာတွေကို ရေလမ်းနဲ့ ဆက်သွယ်ခဲ့လို့ မြို့ဟောင်းကောင်းစားစဉ်က သာဂ ရကောင်းစားစဉ်က ရခိုင်၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ယိုးဒယား၊ ထိုင်း၊ ဂျာဗားနဲ့အဆက်အသွယ် ရေကြောင်းနဲ့ ကုန်သွယ်မှုရှိတဲ့ အထောက်အထားတွေ အားလုံးရှိပါတယ်။ ဒီကျွန်တော်တို့ သာဂရမြို့ဟောင်း မြေမျက်နှာပြင်ဟာ ရေမျက်နှာပြင်ကနေ (၁၄)လက်မလောက်ပဲမြင့်ပါတယ်။ တ စ်ခြားမြန်မာပြည်က မြို့ဟောင်းများနဲ့စာရင် အလွန်နိမ့်တာကို သတိပြုရမှာ ဖြစ်ပါတယ်။ မိုးရေချိန်ကလည်း တစ်နှစ်ကို (၂၃၃)လက်မရှိလို့ သဘာ ဝအနေအထားအရ မြို့ဟောင်းကနိမ့်လည်းနိမ့်တယ်။ မိုးရေချိန်များ တဲ့နေရာမှာလည်းဖြစ်လို့ ပျက်စီး လွယ်တဲ့အနေအထားမျိုး ရှိနေတဲ့ကြားထဲမှာ အခုလို ဒီစီမံကိန်းကြီးနဲ့ မလွတ်လို့ ကျွန်တော်အခုလို တင်ပြနေရခြင်းဖြစ်ပါတယ်။ မြို့ဟောင်းရဲ့ မြောက်ဘက်မှာတော့ ကျွန်တော်တို့ သာဂရဘုရင်များလက်ထက်က ဆင်များထားတဲ့ ဆင်ပန္နက် လို့ခေါ်တဲ့ နေရာရှိပါတယ်။ ဘုရင်များရဲ့ ဆင်ကျုံးထားတဲ့နေရာပါ။ မြို့ဟောင်းရဲ့ တောင်ဘက်မှာ တော့ ပျူအရိုးအိုးတွေတွေ့ရှိတဲ့ ပျူသင်္ချိုင်းနေရာရှိပါတယ်။ အဲဒါ ကလည်း (၁)မိုင်ပတ်လည်လောက်ကို ဘယ်နေရာတူးတူး ဒီနေ့ ထိဒီလူအရိုးအိုးတွေ ထွက်နေတုန်းပါ။ ဒီလိုနေရာမျိုးဟာ ခုနက ကျွန်တော်ပြောတဲ့ မြို့ ဟောင်းကြီးကို လာမထိခိုက်သော်လ ည်း ပတ်ဝန်းကျင်အနေနဲ့ ထိခိုက်နိုင်လို့ အင်မတန်နှမြောစရာကောင်းလို့ ကျွန်တော် တင်ပြနေခြင်းဖြစ်ပါတယ်။ ဒါပေမယ့် ဒီစာတမ်းတင်နေတုန်းမှာပဲ ယဉ်ကျေးမှုဌာနက ဒီစာအုပ်ကို ဟို နေ့က ကျွန်တော်တို့ရပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ ပြင်ဆင်သည့်ဥပဒေနှင့် နည်းဥပဒေများ၊ ဒါပေမယ့် ဒီဥပဒေတွေ ရှိနေပေမယ့် ဥပဒေတွေက(Practice)ဖြစ်အောင် ကျွန်တော်တို့ Invoke လုပ်ရမှာပါပဲ။ ဒါကြောင့် ကျွန်တော် ဒါကို တင်တာပါ။ ဒီ ဂူသင်္ချိုင်း နေရာ

ရှိခဲ့သလို မြို့ဟောင်းရဲ့ အနောက်ဘက်မှာတော့ မြို့ရိုးအတွင်းကို လှိုဂ်ဝင်ရောက်ရတဲ့ လိုဏ်လမ်းတွေရှိတယ်။ နောက်ဒီနေ့ထိ မင်းသမီးသချိုင်းလို့ ခေါ်နေတဲ့ သမိုင်းဝင် ပျူမင်းသမီးရဲ့သချိုင်းဟာရှိတယ်။ နောက်ဘက်မှာတော့ ကျွန်တော်တို့ အခုလုပ်နေတဲ့ ရေနက်ဆိပ်ကမ်းဇုန်နှင့်ခြားနေတဲ့ မြင် ထင်တောင်တန်းဆိုတာရှိတယ်။ အဲဒီတောင်တန်းပေါ်မှာလည်း ရှေးဟောင်းစေတီတွေဟာ ဂဝံ စေတီတွေအမြောက်အမြားပါပဲ။ အခုကတည်း ကကို ဒီသိုက်တူးတဲ့ တူးဖော်ရေးသမားသူခိုးတွေက ရှေးဟောင်းပစ္စည်းခိုးတဲ့ ဒီတောင်တန်းက စေတီတွေလည်း တူးလှုပါပြီ။ အဲဒီတော့ မြို့ဟောင်းပတ်ဝန်းကျင်တစ်ဝိုက်ဟာ ဒီနေ့အထိ ဘယ်နားမှာပဲတူးတူး ပျူပုတီးစေ့တွေ၊ အုတ်ခွက်ဘုရားတွေ၊ ဘုရင့်ရွှေစလွယ်တွေလည်း ရဖူးပါတယ်။ ရွှေထည်ပစ္စည်းတွေ၊ မြေဆေးတံ တွေအမြောက်အမြားဟာ ထွက်နေတုန်း ပါပဲ။ အခုဆို ထိုင်းတွေရောက်လာတော့ ကျွန်တော်တို့ရွာသားတွေဟာ ရောင်းစားတတ်နေပါပြီ။ အဲ ဒီတော့ ဘယ်လောက်ဟိုဘက်တိုင်းပြည်ကို ရောက်ကုန်ပြီလည်းဆိုတာကို ခန့်မှန်းသာကြည့်ပါတော့။ ဒါ့ကြောင့် ဒီမြို့ဟောင်း ပတ်ဝန်းကျင်မှာ အဖိုးတန် ရှေးဟောင်းပစ္စည်းတွေ မြေပေါ်မြေအောက်ပိနေလို့ ကျွန်တော်ဟာ ဒီမြို့ဟောင်းကို ဆိုင်ရာကနေပြီးတော့ အရေးတယူရှိလာ အောင် ကျွန်တော့်နေရာကလည်း ခေါင် တဲ့နေရာဆိုတော့ မြို့ ဟောင်းတွေနဲ့ပတ်သက်လို့ ယဉ်ကျေးမှုဌာနကနေပြီးတော့မှ အထက်မြန်မာပြည်လောက်ပဲ အာရုံစိုက်နေတဲ့အတွက် ကျွန်တော်တို့ဘက်ကို အာရုံစိုက်အောင် ကျွန်တော်ဆောင်းပါးများ များစွာရေးခဲ့ပါတယ်။ အဲဒီအတွ က် ယဉ်ကျေးမှုဝန်ကြီးဌာနက ဂရုပြု လာပြီးတော့ (၂)ကြိမ်တိုင်တိုင် အခု လာတူးပြီးသွားပါပြီ။ အခု တတိယအကြိမ်တူးဖို့နေရာ သတ်မှတ်ထားတာရှိပါတယ်။ ဒါပေမယ့်လည်း ဒီရွာသားတွေ ကို လာပြီးတော့ ဒီကျွန်တော်တို့ NGO တွေပေါ့နော်။ အဖွဲ့အစည်းတွေကလာပြီးတော့ ကျောင်းတို့၊ ဆေးပေးခန်းတို့ဆောက်မယ်ဆိုတဲ့အခါမှာ အဲဒီယဉ်ကျေးမှု ဝန်ကြီးဌာနကသတ်မှတ်ခဲ့တဲ့ တတိယ အကြိမ်တူးဖို့ သတ်မှတ်ခဲ့တဲ့နေရာမှာကို အဲ ဒီအဆောက်အဦကြီးတွေက လာဆောက်လိုက်တယ်။ ဘယ်သူမှလည်းတားမယ့်သူမရှိပါဘူး။ ဒါကြောင့် ကျွန်တော်က ယဉ်ကျေးမှုအမွေ အနှစ်ကာကွယ်ရေးဥပဒေဟာ မြန် မြန်သက်ရောက်အောင် ကျွန်တော် အခုလိုတင်ပြခြင်း ဖြစ်ပါတယ်။ အဖိုးတန်သစ်တောတွေ၊ ရာဘာပင်တွေကို ခုတ်လှဲပြီးတော့ ဒီခုနကလို စီမံကိန်းကြီးတွေ လုပ်မယ်ဆိုလို့ရှိရင် အဖိုးတန်ရာဘာပင်တွေ၊ သစ်တောတွေ ဆုံးရှုံးမှာ အမှန်ပါပဲ။ ဒါပေမယ့် အဲဒီအဖိုးတန်

သစ်ပင်တွေ၊ ရာဘာပင်တွေက ပြန်စိုက်လို့ရပါတယ်။ ကျွန်တော်တို့ ဒီအဖိုးတန်ယဥ်ကျေးမှု အမွေအနှစ်ကတော့ အစားထိုးလို့မရတာဆိုတာ အားလုံးအသိပါပဲခင်ဗျား။

ဦးဏ္ဏဋ္ဌကြီးခင်ဗျား။ ထားဝယ်ရေနက်ဆိပ်ကမ်းဇုန်အတွင်းမှာ ကျရောက်နေတဲ့ နဘုလယ် ဒေသမှာလည်း ရှေးဟောင်းထားဝယ်သမိုင်း စေတီဘုရားတွေ ရှိပါတယ်။ ဒီနဘုလယ်ဒေသ ဆိုတာက ထားဝယ်ရဲ့နဂို(Origin)နေရာပေါ့။ နဂိုနေရာလို့ ကျွန်တော်သတ်မှတ်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ ထားဝယ်စကားဟာ ဒီနဘုလယ် က ပြောတဲ့စကားနဲ့ မတူပါဘူး။ သူတို့က လေးလေးနက်နက်ဆွဲငင်ပြီး ဝဲပြီး ပြောပါတယ်။ ဒါ့ကြောင့် သူတို့စကား ထဲမှာ မွန်စကား၊ ရခိုင်စကား၊ ရှေးဟောင်း မြန်မာကျောက် စာစကားတွေလည်း ပါနေပါတယ်။ မကြာသေးခင်ကပဲ ကျွန်တော်တို့ မြန်မာစာဌာနက ပါရဂူဘွဲ့ ယူမယ့်သူတစ်ယောက်က ရှေးဟောင်းကျောက်စာစကားတွေ လေ့လာဖို့လာတဲ့အခါမှာ ဒီနဘုလယ်စကားကို အသံသွင်းယူ သွားတာကျွန်တော့်ရှေ့မှာပါပဲ။ ဒါကြောင့် ဒီလောက်လူမျိုးအနေနဲ့ရော၊ ဘာသာစကား အနေနဲ့ရော၊ ခုနလို ရှေးဟောင်းမြို့ပြအနေနဲ့ ရော အင်မတန်မှ ကျွန်တော်တို့ Riches ဖြစ်နေတဲ့ နေရာဒေသကြီးဟာ ရေနက်ဆိပ်ကမ်းစီမံကိန်းနဲ့ (၁)မိုင်ပဲကွာဝေးတဲ့အတွက် ဒါကို ကျွန်တော်တို့ သတ်သတ်မှတ်မှတ်လုပ်ပေးဖို့လိုပါတယ်။ နိုင်ငံတော်ရဲ့ ကိစ္စဖြစ်လို့ ကျွန်တော်တို့ နိုင်ငံတော်က ယူမယ့် နေရာတွေကို ကန့်ကွက် နေတာတော့ မဟုတ်ပါဘူး ။ ဒီမြို့ပြစည်ပင် တိုးတက်ကိန်းအရ သမိုင်းဝင်နေရာများဟာ ဆုံးရှုံး ပျက်စီးရတယ်ဆိုတာလည်း ကျွန်တော် တို့သိပါတယ်။ သင်လည်း သင်ခဲ့ရပါတယ်။ ဒါပေမယ့် အခုကတော့ တ စ်ဖက်နိုင်ငံကလည်း လာလုပ်တဲ့ ယိုးဒယား တွေ ကလည်း ဗုဒ္ဓဘာသာဖြစ်လို့ ကျွန်တော်တို့ရဲ့ ဘုရား၊ ပုထိုးတွေကို ဖျက်ဆီးမှာတော့ မဟုတ် သော်ငြားလည်း အဲဒီလမ်းတွေဘာတွေလုပ်ရင်းနဲ့ ပတ်ဝန်းကျင်အနေအထားကြောင့် ပါသွားမယ့် ရှေးဟောင်းနေရာတွေကို အချိန်မီ ဆုံးရှုံးခြင်းမဖြစ်ရစေအောင် ကြိုတင်ထိန်းသိမ်း ဖို့ စနစ်တကျ သတ်မှတ်ပေးရန်အတွက် ပြည်ထောင်စုအစိုးရကို ကျွန်တော် တိုက်တွန်းကြောင်းအဆိုကို အဆို တင်သွင်းလိုက်ရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုထောက်ခံမယ့်သူရှိပါက ဆက်လက်ဆောင်ရွက်ပါ။

**အချိန်၊ ၁၄း၅၀။**

**ဦးဝင်းမောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဆွေ တင်သွင်းသွားတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ထား ဝယ်ခရိုင်၊ ရေဖြူမြို့နယ် နဘုလယ်ရွာ၌ ထားဝယ်ရေနက် ဆိပ်ကမ်းပြုလုပ်ရာတွင် သမိုင်းဝင်နေရာများကို မပျက် စီးမထိခိုက်ရန်ထိန်းသိမ်း၍ စနစ်တကျ သတ်မှ တ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းမောင် က ထောက်ခံပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးသန်းဆွေ တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ တနင်္သာရီတိုင်းဒေသကြီး၊ ထား ဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ နဘုလယ် ရွာ၌ ရေနက် ဆိပ်ကမ်းပြုလုပ်ရာတွင် သမိုင်းဝင်နေရာများကို မပျက်စီးမထိခိုက်ရန် ထိန်းသိမ်း၍ စနစ်တကျ သတ်မှတ်ပေးရန် ပြည် ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။ ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒကို ရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။ အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးသန်းဆွေ ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘော တူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၅၂။**

**ဥက္ကဋ္ဌ။** ။ ဦးသန်းဆွေ တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အစည်းအဝေးရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ၁၄ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၁၅ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက် နှင့် အချိန်ကို ကြေညာ ခြင်း

**အချိန်၊ ၁၄း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ရပ်နား ပါမယ်။ ပထမ အကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် (သောကြာနေ့) နံနက် ၁၀း၃၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ အစည်းအဝေးကို ၁၄း၅၂ နာရီအချိန်တွင် ရပ်နားပါသည်။]